# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


လောကစံတရား တွေ့ရပြားလည်း
တံခါးတိုင်ပမာ မြေကမ္ဘာသို့
မတုံ့မပြန် ကြံ့ကြံ့ခံခြင်း။
သင့်တင့် လျောက်ပတ် အကျင့်မြတ်ခြင်း။
အနည်မထ ကြည်လင်လှသည့်
ရေအိုင်အသွင် စိတ်ကြည်လင်ခြင်း။
သို့ ကြံ့ကြံ့ခံ ဂုဏ်ပေါင်းရံသော
ပုဂ္ဂိုလ်မြတ်မွန် အရဟန်အား
ကျင်လည်စရာ သံသရာသည်
မရှိပါတည့်။ မရှိတည့်။

ဓမ္မပဒ၊ အရဟန္တဝဂ်၊ ရဟန္တာ-၉၅။ မြန်မာပြန်-မင်းသုဝဏ်


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၆)


# မြန်မာနိုင်ငံအား ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံအဖြစ် နိုင်ငံခြားခရီးသွားများ အသိအမှတ်ပြု



နိုင်ငံခြားခရီးသွားဧည့်သည်များ မန္တလေးတောင်ပေါ်မှ သဘာဝအလှရှုခင်းများ ကြည့်ရှုခံစားနေစဉ်

**မန္တလေး မေ ၇**

ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံအဖြစ် နိုင်ငံတကာ၏ အသိအမှတ်ပြုမှု များစွာရရှိထားသော မြန်မာနိုင်ငံအား နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

"သဘာဝအမွေအနှစ်တွေဖြစ်တဲ့ သာယာလှပတဲ့ရှုခင်းတွေနဲ့ ဘိုးဘွားတို့ရဲ့ယဉ်ကျေးမှု အမွေအနှစ်တွေ ပေါများတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံကို ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံအဖြစ် နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှု ရရှိထားတဲ့အပြင် ပရဟိတလှူဒါန်းမှုမှာလည်း စံပြနိုင်ငံအဖြစ် ရွေးချယ်ခံထားရတဲ့အတွက် နိုင်ငံတကာခရီးသွားတွေ စိတ်ဝင်တစား လာရောက်လည်ပတ်မှုတွေတိုးတက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် ကမ္ဘာ့ခရီးသွားကောင်စီ(WTTC) ကလည်း မြန်မာနိုင်ငံ၏ လက်ရှိ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါက ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံပေါင်း ၁၈၀ တွင် ထိပ်တန်းအဆင့်နိုင်ငံအဖြစ် ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လက်ရှိခရီးသွားဖွံ့ဖြိုးတိုးတက်မှုများအနေဖြင့် နိုင်ငံတကာမှ ဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၁ ခုနှစ်တွင် ရှစ်သိန်း၊ ၂၀၁၂ ခုနှစ်တွင် တစ်သန်းကျော်၊ ၂၀၁၃ ခုနှစ်တွင်

*စာမျက်နှာ ၃ ကော်လံ ၅* ❋

## တနင်္ဂနွေ ဖတ်စရာ


ရန်ကုန်ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

**တစ်ခေတ်တစ်ခါက စာပေနဲ့အနုပညာရပ်ဝန်းတစ်ခု(သို့မဟုတ်)ရန်ကုန်မြို့လယ်က နှစ်တစ်ရာကျော် သက်တမ်းရင့်အဆောက်အအုံ** စာမျက်နှာ » ၁၅

ခရီးသွားဆောင်းပါး

**သမိုင်းပုံရိပ်တွေဝေစည်တဲ့ ပြည်မြို့ဆီသို့** စာမျက်နှာ » ၁၆

သဘာဝပတ်ဝန်းကျင်

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် လှော်ကားသဘာဝဥယျာဉ်ကြီး** စာမျက်နှာ » ၂၀


# နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ကွန်ဒိုမီနီယံနည်းဥပဒေ ထွက်ပေါ်လာပါက အိမ်ခြံမြေဈေးကွက်များ ပိုမိုသွက်လက်လာနိုင်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် လာရောက်နေထိုင်ကြမည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ကွန်ဒိုမီနီယံနည်းဥပဒေ ထွက်ပေါ်လာပါက လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်များ ပိုမိုကောင်းမွန်သွက်လက်လာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

iMyanmar House. com မှ မန်နေဂျင်း ဒါရိုက်တာ ဦးနေမင်းသူက "အိမ်ခြံမြေဈေးကွက်ထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ ဘီလီယံချီရှိနေပါတယ်။ ဥပမာ ဗီယက်နမ်နိုင်ငံကနေ လာရောက်ရင်းနှီးမြှုပ်နှံထားတဲ့ ပရောဂျက်တစ်ခုဆိုရင် ဒေါ်လာသန်း ရာပေါင်းများစွာရှိတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဒီတော့ အစိုးရသစ်လက်ထက်ထဲမှာဆိုရင် အိမ်ခြံမြေဈေးကွက်ထဲမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားကုမ္ပဏီအပြောင်းအလဲများရှိမယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❋



ရန်ကုန်မြို့ရှိ တိုက်တာအဆောက်အအုံများကို တွေ့ရစဉ်




မြန်မာ့အလင်း

# ထာဝရတည်မည့် လူမှုကရုဏာ

အဖြူရောင်အောက်ခံတွင်ထင်ရှားပေါ်လွင်သော အနီရောင်ကြက်ခြေအမှတ်အသားပါသည့် အလံကိုတွေ့သည်နှင့် ကြက်ခြေနီအသင်း၏ အထိမ်းအမှတ်ဖြစ်ကြောင်း လူတိုင်းသိရှိကြပြီးဖြစ်သည်။ ထို့ပြင် ကြက်ခြေနီဟူသည် ဘေးအန္တရာယ်ကြုံတွေ့နေရသူများအား ကူညီစောင့်ရှောက်ခြင်း၊အသက်အန္တရာယ်ကယ်ဆယ်ခြင်းတို့၏ အထိမ်းအမှတ်၊ ရန်ဘက်ဟူ၍မရှိသော၊ မွန်မြတ်သောကရုဏာလုပ်ငန်း၏ အထိမ်းအမှတ်ဖြစ်ကြောင်းလည်း သိရှိကြသည်။ စင်စစ်အားဖြင့် ကြက်ခြေနီခေါ် လူမှုကရုဏာလုပ်ငန်းများ ကမ္ဘာတွင် ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည်။

၁၈၅၉ ခုနှစ် နှစ်လယ်ကာလအတွင်း အီတလီနိုင်ငံမြောက်ပိုင်း ဆော်လ်ဖာရီးနိုးဒေသ၌ ဩစတြီးယန်းတပ်များနှင့် ပြင်သစ်၊ ဆာဒင်းနီးယားပူးပေါင်းတပ်များအပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ဆွစ်လူမျိုး အန်းနရီဒျူးနန်းဆိုသူမှာ အဆိုပါဒေသသို့ ရောက်ရှိနေချိန် စစ်ပွဲနှင့် ကြုံတွေ့ခဲ့ရာ တိုက်ပွဲများပြီးဆုံးချိန်တွင် စစ်မြေပြင်၌ ကျဆုံးသူများ၊ မချိမဆံ့ ဝေဒနာခံစားနေရသူများကို မျက်စိမြင်ကွင်းတစ်ဆုံး စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ခဲ့ရသည်။ ဒဏ်ရာရသူများပြားသလောက် ကူညီကယ်ဆယ်မည့်သူ၊ ပြုစုကုသမည့်သူ နည်းပါးလွန်းလှသဖြင့် မသေသင့်ဘဲ သေဆုံးသွားရသူများကိုလည်း သူတွေ့မြင်ခဲ့ရသည်။ အကြင်နာ၊ ကရုဏာစိတ် ယိုဖိတ်လျက်ရှိသော ဒျူးနန်းသည်နှစ်ဖက်စလုံးမှ ဒဏ်ရာရသူများကို ကိုယ်တိုင်ပြုစုကုသပေးသည့်အပြင် အနီးဝန်းကျင်ရွာများမှ အီတလီအမျိုးသမီးများကိုစည်းရုံး၍ စေတနာ့ဝန်ထမ်းအဖွဲ့များဖွဲ့ကာ ပြုစုကုသစေခဲ့သည်။ တိုက်ပွဲအပြီးတွင် ဒျူးနန်းသည် ၎င်း၏အတွေ့အကြုံများကို စာအုပ်ငယ်တစ်အုပ်ရေးကာ စစ်မြေပြင်တွင်ထိခိုက်ဒဏ်ရာရရှိသူများအား ရန်သူမိတ်ဆွေမရွေး ကူညီစောင့်ရှောက်ပြုစုပေးရန်အတွက် အသင်းအဖွဲ့များဖွဲ့ကြရန် တိုက်တွန်းဆော်ဩခဲ့သည်။

၁၈၆၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတစ်ရပ်ကျင်းပ၍ ကြက်ခြေနီစာချုပ်ကို ရေးဆွဲအတည်ပြုခဲ့သည်။ အဆိုပါစာချုပ်တွင် ယနေ့ တွေ့မြင်နေကြရသော အဖြူရောင်အောက်ခံတွင် အနီရောင်ကြက်ခြေခတ်ပါသည့်အလံကို အတည်ပြုပြဋ္ဌာန်းခဲ့သည့်အပြင် စစ်ပွဲများတွင် ဒဏ်ရာရသူများကို စောင့်ရှောက်ပြုစုရန်၊ စစ်ဆေးရုံများကို ကြားနေအဖြစ် အသိအမှတ်ပြုရန်၊ ဆေးဘက်ဆိုင်ရာအမှုထမ်းများနှင့် အသုံးအဆောင်ပစ္စည်းများကို အကာအကွယ်ပေးရန်စသည့်အချက်များ ပါဝင်သည်။ ကြက်ခြေနီအမှတ်တံဆိပ်နှင့် ကြက်ခြေနီအလံတို့သည် စစ်ပွဲများတွင် အကာအကွယ်ပြုပေးကြရမည့် အထိမ်းအမှတ်များဖြစ်ကြသည်။ ကြက်ခြေနီခေါ် လူမှုကရုဏာလုပ်ငန်းများ ကမ္ဘာနှင့်တစ်ဝန်းတွင် ပေါ်ထွန်းလာစေရန်အတွက် လှုံ့ဆော်တိုက်တွန်း အကြံဉာဏ်များပေးခဲ့သော ဆွစ်ဇာလန်နိုင်ငံသား အန်းနရီဒျူးနန်းအား ဂုဏ်ပြုသည့်အနေဖြင့် ဆွစ်ဇာလန်နိုင်ငံ၏ အလံတော်ဖြစ်သည့် အနီရောင်အောက်ခံတွင် အဖြူရောင်ကြက်ခြေအလံကို အရောင်များပြောင်းပြန်ပြုလုပ်၍ အဖြူရောင်အောက်ခံတွင် အနီရောင်ကြက်ခြေအလံကို ကြက်ခြေနီအသင်း၏ အလံအဖြစ် တစ်ကမ္ဘာလုံး (အစ္စလာမ်နိုင်ငံများမှလွဲ၍) သုံးစွဲနေကြသည့်အပြင် အန်းနရီဒျူးနန်း၏မွေးနေ့ မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကြက်ခြေနီအသင်းကို ကိုလိုနီခေတ်ကတည်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဖွဲ့စည်းပုံကို ပြင်ဆင်ခဲ့သည်။ ပြီးခဲ့သည့်အတိတ်ကာလတွင် ကြက်ခြေနီအသင်း၏ လူမှုဝန်ထမ်းလုပ်ငန်းများကို အာဏာပိုင်တို့ကလိုသလို အသုံးချခြင်းခံခဲ့ရသည်။ ကိုးကန့်ဒေသတွင် တိုက်ပွဲများဖြစ်ပွားစဉ်က အပြစ်မဲ့ပြည်သူများ ဘေးအန္တရာယ်မကျရောက်စေရန် ကယ်ဆယ်ကူညီရင်း ပစ်ခတ်တိုက်ခိုက်ခံရခြင်းကိုလည်း ကြုံတွေ့ခဲ့ရသည်။

ယခုအခါ ခေတ်စနစ်များ ပြောင်းလဲခဲ့ပြီဖြစ်သည့်အလျောက် မြန်မာ့ကြက်ခြေနီ ကရုဏာလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီဆောင်ရွက်ရင်း အနာဂတ်တွင် အစွန့်ရှည်စွာဆက်လက်တည်တံ့ပါစေကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။ ။




## စာရေးဆရာအသင်းအား အလှူငွေပေးအပ်

**နေပြည်တော် မေ ၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ပျားရည်လွင်ပြင်ခန်းမ၌ မေ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းဉက္ကဋ္ဌ ဒေါ်လဲ့မေ (မရွှေမြိုင်-ပျဉ်းမနား)က အမှာစကားပြောကြားပြီး အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်စာရေးဆရာ ဦးလှမြင့်က ငွေကျပ်တစ်သိန်း၊ ဦးကျော်ကျော်(စာရေးဆရာ)က ငွေကျပ်ငါးသောင်း၊ စာရေးဆရာမ မေချို(ပျဉ်းမနား)က ငွေကျပ်ငါးသောင်းနှင့် စာရေးဆရာ ကျော်မြင့်မြတ်က ငွေကျပ်နှစ်သောင်းတို့ကို လှူဒါန်းရာ စာရေးဆရာ အသင်းဉက္ကဋ္ဌက လက်ခံယူခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းက ပေါင်းလောင်းပုံရိပ် အမှတ်(၅) မဂ္ဂဇင်းထွက်ရှိရေးအတွက် ဆွေးနွေးခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းနာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အသင်းသား အသင်းသူများ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

## ဖြူးချောင်းတာတမံမှ ရေများလွှတ်ပေးနေသည့်အတွက် ဖြူးချောင်းဘေးဝဲယာရှိ ကျေးရွာများ သောက်သုံးရေဖူလုံလျက်ရှိ

**ဖြူး မေ ၇**



နေ့အပူချိန်များ တစ်နေ့တခြားမြင့်တက်လျက်ရှိသဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့နှင့် ရပ်ကွက်အချို့တို့တွင် တွင်းတိမ်လက်တူးရေတွင်းများနှင့် လက်နှိပ်တုံကင်အချို့ ပြေလကုန်ပိုင်းမှစ၍ ရေများရှားပါးစပြုလာကြသဖြင့် ယခုမေလထဲတွင် မိုးရွာသွန်းမှုမရှိပါက ရေရှားပါးပြတ်လပ်သွားမည်ကို ပြည်သူအများ စိုးရိမ်လျက်ရှိနေကြသည်။

ယခုအချိန်တွင် နေ့အပူချိန်များမြင့်တက်လျက်ရှိသဖြင့် ရေရှားပါးချိန်တွင် ဖြူးချောင်းတာတမံ ရေပိုလွှဲမှ ရေများလွှတ်ပေးနေသဖြင့် ဖြူးချောင်းဘေးဝဲယာမှ ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၃၀ ခန့်တို့ ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေများ အဆင်ပြေလျက်ရှိပြီး ကျေးရွာများမှ ပြည်သူများအနေဖြင့်လည်း ချိုးရေ၊ သုံးရေဖူလုံလျက်ရှိသည်။

"အခုလို နွေရာသီပူပြင်းခြောက်သွေ့ချိန်မှာ ဖြူးချောင်းတာတမံရေပိုလွှဲက ရေတွေအဆက်မပြတ် လွှတ်ပေးနေတာကို ကျွန်တော်တို့ ဖြူးချောင်းဘေး ဝဲယာရှိ ကျေးလက်နေပြည်သူတွေအနေနဲ့ ဖြူးချောင်းတာတမံက တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်နေကြရပါတယ်ဗျာ " ဟု ကျေးလက်ဒေသခံတစ်ဦးက ဝမ်းသာအားရ ပြောသည်။

**ဖြူး-မြင့်ဦး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၉.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၄၀ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၆၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂ |
| တရုတ် | တစ်ယွမ် | ၁၈၀.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရက် ၁၀၀ စီမံကိန်း ဆက်လက်အကောင်အထည်ဖော်

**နေပြည်တော် မေ ၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရက် ၁၀၀ စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော Project(1) မိုင်တိုင်အမှတ် (၁၆၃/၀-၁၇၃/၀) အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ညအချိန်တွင် စီမံကိန်းဧရိယာအနီးမှ ယာဉ်များ ဖြတ်သန်းသွားလာရာတွင် မြင်နိုင်စွမ်းရှိသည့် ရောင်ပြန်စတစ်ကာများ၊ ညကြည့်အမှတ်အသားများ ထပ်မံထားရှိသွားရန်နှင့် ရက် ၁၀၀ အတွင်း လမ်းအရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာဖြင့် စီမံကိန်းအောင်မြင်စွာ ပြီးမြောက်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရက် ၁၀၀ စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော Project(2) မိုင်တိုင်အမှတ် (၁၅/၀-၂၅/၀)အတွင်း GPS စနစ်သုံး၍လမ်းပုံထုတ်တိုင်းတာခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# CNN နှင့် Sky Net သတင်းဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၇**

အမေရိကန်နိုင်ငံအခြေစိုက် CNN သတင်းဌာနနှင့် မြန်မာနိုင်ငံမှ Sky Net သတင်းဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ရလဒ်အဖြစ် Sky Net ၏ ရုပ်သံလိုင်းတစ်ခုဖြစ်သော Channel One တွင် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းများကို မြန်မာဘာသာဖြင့် ၂၄ နာရီ ကြည့်ရှုနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် Channel One သတင်းဝက်ဘ်ဆိုက်တွင်လည်း ဖတ်ရှု၍ ရမည်ဖြစ်သည်။

Turner Broadcasting System Asia Pacific, Inc နှင့် ရွှေသံလွင်မီဒီယာတို့အကြား သတင်းဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးနှင့် အကြံဉာဏ်ရယူရေး သဘောတူညီချက်တစ်ရပ်ကို မေ ၆ ရက် ညပိုင်းက ရန်ကုန်မြို့ စကိုင်းစတားဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်ဖက်သဘောတူညီချက်အရ Sky Net သည် CNN ထံမှ သတင်းရယူခြင်းနှင့် ထုတ်လွှင့်ခြင်း၊ ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်ခြင်း၊ အစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲခြင်းတို့တွင် အကြံဉာဏ်ရယူခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**




# လီဆူရိုးရာ အနုပညာ ဂီတရန်ပုံငွေပွဲတော် ကျင်းပ

**ရန်ကုန် မေ ၇**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ဘေးရှောင်ပြည်သူများအားထောက်ပံ့ကူညီရန် လီဆူရိုးရာ အနုပညာဂီတ ရန်ပုံငွေပွဲတော်ကို မေ ၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

"ဒီနေ့ညကျင်းပတဲ့ ဂီတဖျော်ဖြေပွဲကနေရတဲ့ ရန်ပုံငွေတွေကို စစ်ဘေးရှောင်ဒေသတွေကို ထောက်ပံ့သွားမှာပါ။ ရန်ပုံငွေပွဲက ဘယ်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ အလှူငွေကိုလည်း ပြပွဲလာတဲ့ ပြည်သူတွေရဲ့သဒ္ဓါတရားအပေါ် ဆန္ဒရှိတဲ့အတိုင်း လှူဒါန်းနိုင်ပါတယ်။ သတ်မှတ်ချက်မရှိပါဘူး" ဟု လီဆူအနုပညာရှင်များအသင်းဉက္ကဋ္ဌ ဒေါက်တာ ဦးလာဇရုက ပြောသည်။

ထိုဂီတဖျော်ဖြေပွဲကို လီဆူဂီတအနုပညာရှင်များအသင်းမှ ကျင်းပခြင်းဖြစ်သည်။ ရှေးဦးစွာ လီဆူရိုးရာအဆိုအကနှင့် ရိုးရာဖက်ရှင်တင်ဆက်မှုအဖြစ် ပူတာအိုလီဆူရိုးရာအကအဖွဲ့နှင့် ရန်ကုန်လီဆူရိုးရာအကအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများ၊ နာမည်ကြီး လီဆူအဆိုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှု၊ ဗန်းမော်နှင့် မိုးကုတ်လီဆူရိုးရာအကအဖွဲ့၏ ရိုးရာဖက်ရှင်အကများ၊ တရုတ်ပြည်ယူနန်ပြည်နယ်ရှိ လီဆူတိုင်းရင်းသားရိုးရာအကအဖွဲ့တို့နှင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။



လီဆူရိုးရာ ဂီတဖျော်ဖြေပွဲ ဖျော်ဖြေတင်ဆက်စဉ်

အဆိုပါ ဂီတဖျော်ဖြေပွဲမှ ရရှိလာသည့်ရန်ပုံငွေများကို စစ်ဘေးရှောင်ဒေသများဖြစ်သော မြစ်ကြီးနားမြို့နယ်ရှိ စခန်းများမှ ၂၅၀၊ ဝိုင်းမော်မြို့နယ်အတွင်း စခန်းရှိ ဇီးအွန်မှ အိမ်ခြေ ၄၅ အိမ် လူဦးရေ ၂၀၀၊ ဝိုင်းမော်မြို့နယ်မှ အိမ်ခြေ ၄၀ လူဦးရေ ၂၅၄ ဦး၊ မခေါယန် မှ ၃၀၀၊ စတုန်းမြို့မှ လူဦးရေ ၅၁၀၊ အိမ်ခြေ ၅၅ အိမ်၊ မိုင်းရှူးမြို့နယ်မှ အိမ်ခြေ ၂၀၀ လူဦးရေ ၅၀၀၊ တနိုင်းမြို့နယ် မှ အိမ်ခြေ ၁၀၀၊ လူဦးရေ ၅၀၀၊ ဖားကန့်မြို့နယ်မှ အိမ်ခြေ ၆၆ အိမ်၊ လူဦးရေ ၃၁၀ အပါအဝင် စုစုပေါင်းစစ်ဘေးရှောင် ၂၈၂၄ ဦးသို့ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### ✻ ရှေ့ဖုံးမှ

နှစ်သန်းကျော်နှင့် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ဝ၈သန်းနှင့် ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၅ သန်းကျော်အထိ ဝင်ရောက်မှုတိုးတက်လာခဲ့သဖြင့် ယခု ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၅ သန်းအထိ လျာထားလျက်ရှိကြောင်း သိရသည်။

ထိုသို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်၍ ရှိပြီးသားနေရာဒေသများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့်ဟိုတယ်လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းနှင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းခွင်မပျက် သင်တန်းများဖွင့်လှစ်ပေးခြင်းစသည့်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များဝင်ရောက်မှု တိုးတက်လာသည့်အလျောက် ဟိုတယ်အလုံးရေများလည်း တိုးတက်ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ် တွင် တစ်နိုင်ငံလုံးအနေဖြင့် ဟိုတယ်အလုံးပေါင်း ၈၀၀ ကျော်သာရှိခဲ့ရာမှ ယခု ၂၀၁၅ ခုနှစ်ကုန်ပိုင်းအထိ အလုံးပေါင်း ၁၂၆၀ ကျော်ရှိလာပြီး အခန်းပေါင်း ၄၃၀၀၀ ကျော် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ မန္တလေးမြို့တွင်လည်း လက်ရှိဟိုတယ်အလုံး ၁၇၄လုံး နှင့် အခန်းပေါင်း ၇၀၀၄ ခန်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းကုမ္ပဏီများအနေဖြင့်လည်း ယခင်က ၁၀၀၀ ပင် မပြည့်ခဲ့သော်လည်း ယခုအခါ ၂၀၀၀ကျော်အထိရှိလာပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ Master Plan ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု ၇ ဒသမ ၅ သန်းအထိ ခန့်မှန်းထားသော်လည်း လက်ရှိဝင်ရောက်မှုအနေအထားအရ ခန့်မှန်းထားသည်ထက် ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ရန်ကုန်မြို့ရှိ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ City Bus ၆၅ စီးကို ရက် ၁၀၀ အတွင်း သဘာဝဓာတ်ငွေ့များ ရောင်းချပေးမည်

**ရန်ကုန် မေ ၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနက ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစီမံချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ City Bus ၆၅ စီးကို CNG သဘာဝဓာတ်ငွေ့များဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ အထွေထွေမန်နေဂျာ ဦးလှဝင်းဌေးက မေ ၆ ရက်က မြန်မာ့သတင်းစဉ်ကို ပြောသည်။

"အများပြည်သူခရီးသွားလာမှု အဆင်ပြေဖို့ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီကနေတင်သွင်းလာတဲ့ BRT ၆၅ စီးလုံးကို ရက် ၁၀၀ အတွင်းမှာ CNG သဘာဝဓာတ်ငွေ့ပေးနိုင်အောင် စီစဉ်နေတယ်။ မေလပထမပတ်မှာ BRT ယာဉ်တွေကိုစစ်ဆေးပြီး အစီးရေ ၃၀ ကို တစ်ရက် လီတာ ၆၀၀ နှုန်းနဲ့ CNG သဘာဝဓာတ်ငွေ့စတင်ထုတ်ပေးနေပါပြီ။ ကျန်နေတဲ့ ၃၅ စီးကိုလည်း ရက် ၁၀၀ အတွင်းမှာ အပြီးဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်" ဟု ဦးလှဝင်းဌေးက ပြောသည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်ကာလ မေ ၁ ရက်မှ ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြည်သူ့အကျိုးပြုလုပ်ငန်း စီမံချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ City Bus များကို CNG သဘာဝဓာတ်ငွေ့တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ချက်အနေဖြင့် မေ ၂ ရက်ကစတင်၍ BRT အစီး ၃၀ ကို ယင်းတို့၏ မူလဂိတ်ရင်းနှင့် အနီးဆုံးဖြစ်သည့် မင်္ဂလာဒုံမြို့နယ်ထောက်ကြန့်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၄၂) တွင် စတင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အဆိုပါမော်တော်ယာဉ်တစ်စီးလျှင် CNG သဘာဝဓာတ်ငွေ့ ၆၀၀ လီတာနှုန်းဖြင့်ဖြန့်ဖြူးပေးသွားရန် တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့နှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ BRT ယာဉ်မောင်း ဦးမျိုးအောင်က "ပင်ရင်းဂိတ်နဲ့ အနီးဆုံးနေရာမှာစီစဉ်ပေးထားတော့ အဆင်ပြေတယ်။ BRT ယာဉ်တွေအတွက် သီးသန့်နေရာ ပေးထားလို့တန်းစီပြီး စောင့်ဖို့မလိုတော့ဘူး။ အချိန်ကုန်သက်သာသွားပါတယ်" ဟု ပြောသည်။

လက်ရှိကာလတွင် တစ်နိုင်ငံလုံး၌ CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင် စုစုပေါင်း ၄၆ ဆိုင်ရှိပြီး CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် ၂၈၂၃၃ စီးကို နေ့စဉ် ဓာတ်ငွေ့ရောင်းချဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့အတူ လက်ရှိတွင် ရန်ကုန်မြို့၌ သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်ရှိပြီး နေ့စဉ် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် ၂၀၀၆၅ စီး တို့ကို သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၂၀ ခန့် ရောင်းချပေးလျက်ရှိရာ ယင်းတို့အနက် အများစုမှာ အငှားယာဉ်များဖြစ်ကြောင်း သိရသည်။

ထို့အတူ အဆိုပါဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်ကာလ ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြည်သူ့အကျိုးပြုလုပ်ငန်း စီမံချက်များအရ စွမ်းအင်ကဏ္ဍတွင် ရေနံဓာတ်ငွေ့ရည် လက်လီဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ စည်းကမ်းတကျဖြင့် ပိုမိုတိုးတက်ဖြန့်ဖြူးသုံးစွဲနိုင်စေရန်စီမံခြင်း၊ လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်း၊ ဖက်စပ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး၌ ပြေးဆွဲနေသည့် City Bus များအတွက် CNG သဘာဝဓာတ်ငွေ့ တိုးတက်ဖြန့်ဖြူးပေးရန်စီမံပေးခြင်း၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီလက်လီရောင်းချဈေးနှုန်းများအား ကမ္ဘာ့ပေါက်ဈေးနှင့် လိုက်လျောညီထွေစွာ ပြည်သူလူထုအတွက် ထိုက်သင့်သည့်ဈေးနှုန်းဖြစ်စေရန် စီမံဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများအား အသစ်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ဖြန့်ဖြူးနိုင်ရန်စီမံခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေပြီး ပိုမိုတိုးတက်ပို့လွှတ်နိုင်ရန်နှင့် တည်ငြိမ်သောဗို့အားဖြင့် တိုးတက်ဖြန့်ဖြူးပေးနိုင်ရန်စီမံခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

**ဇော်ကြီး (ပဏီတ)**

# တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်တင်ပို့မှု တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၇**

နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများမှ ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်များတွင် Quarantine Stations များ၊ Check Points များ ဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

"တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ တင်သွင်း/တင်ပို့တာတွေ စနစ်တကျ ဆောင်ရွက်နိုင်ဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့နဲ့ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေဖို့ ရည်ရွယ်ကျင်းပရခြင်း ဖြစ်တယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောသည်။

"တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ တင်သွင်း/တင်ပို့တာကို အဟန့်အတားဖြစ်စေတဲ့ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါတွေ ဥပမာ- ခွာနာလျှာနာ၊ ကြက်ငှက်တုပ်ကွေး၊ ဝက်ဝမ်းကျရောဂါ ဒီလိုရောဂါတွေ ထိန်းချုပ်နိုင်ဖို့နဲ့ ကင်းရှင်းပပျောက်စေဖို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(FAO) တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

"တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ တရားမဝင်တင်ပို့တာကို ဥပဒေနဲ့ ကာကွယ်တားဆီးနိုင်ရင် တရားဝင်ကုန်သွယ်မှုလုပ်ငန်းတွေ တိုးတက်လာမယ်၊ ဒါ့ပြင် နိုင်ငံတော်အတွက် အခွန်အခတွေ ရလာမယ်၊ နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါတွေကိုလည်း အလွယ်တကူ ထိန်းချုပ်နိုင်မယ်၊ မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် ဝင်ငွေပိုရပြီး ဈေးကွက်ဖော်ဆောင်နိုင်မယ်"ဟု အမြဲတမ်းအတွင်းဝန်က အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သည်။ ပြည်ပသို့ တင်ပို့သော တိရစ္ဆာန်ထွက်ပစ္စည်းများအား လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း၊ ပြည်ပသို့ တင်ပို့သော တိရစ္ဆာန်အရှင်များ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) အား တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးမှုစခန်းတွင် ထိန်းသိမ်းထားရှိပြီး တင်သွင်းမည့်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ရောဂါရှာဖွေစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဘေးအန္တရာယ်ကင်းရှင်းသော တိရစ္ဆာန်ထွက်ပစ္စည်းများ စားသုံးနိုင်ရေးနှင့် တင်သွင်းလာသော တိရစ္ဆာန်ထွက်ပစ္စည်းများ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ အသားစစ်ဆေးအဖွဲ့ (Myanmar Meat Inspection Board-MMIB) ကို ၂၀၁၄ ခုနှစ် အောက်တိုဘာတွင် ဖွဲ့စည်းခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



❄ *ရှေ့ဖုံးမှ*

အခုဆိုရင် နိုင်ငံခြားသားခရီးသွားဧည့်သည်များက ဈေးကွက်ထဲမှာ စုံစမ်းမေးမြန်းတာတွေရှိနေကြပါပြီ၊ တိုက်ခန်းတွေကို ဘယ်လိုမျိုး ဝယ်ရမလဲဆိုတာတောင် ကျွန်တော်တို့ကို မေးမြန်းလာတာတွေရှိနေပါတယ်၊ ကွန်ဒိုမီနီယံဥပဒေ အသက်ဝင်လာပြီဆိုတာနဲ့ တစ်ပြိုင်တည်းမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်များက ဈေးကွက်ထဲမှာ ဝင်ရောက်ဝယ်ယူလာကြမယ်လို့လည်း မျှော်မှန်းထားပါတယ်၊ အရောင်းအဝယ်ပိုဖြစ်လာမယ်လို့လည်း မျှော်မှန်းထားပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ကွန်ဒိုမီနီယံဥပဒေထွက်ပေါ်လာခြင်းဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ကွန်ဒိုတိုက်ခန်းတစ်လုံး၏ ၄၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးကုမ္ပဏီများက ရောင်းချနိုင်ကြကြောင်း၊ ထိုကဲ့သို့ ရောင်းချပေးလိုက်သဖြင့် မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် လာရောက် နေထိုင်ကြမည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြမည့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များက ကွန်ဒိုတိုက်ခန်းများအား ငှားရမ်းနေထိုင်သည်ထက် အခန်းများကို အများအပြားဝယ်ယူလာနိုင်ကြတော့မည်ဖြစ်သောကြောင့် အိမ်၊ ခြံမြေဈေးကွက်အတွင်း အရောင်းအဝယ်များ ပိုမိုအားကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်မြေဧရိယာစတုရန်းပေ ၂၀၀၀၀ အထက်ပေါ်၌ဆောက်လုပ်ထားသောကွန်ဒိုတိုက်ခန်းများအတွက် ယခုကဲ့သို့ ကွန်ဒိုမီနီယံဥပဒေထွက်ပေါ်ခဲ့ပြီဖြစ်သာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများအားတစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလိုက်ခြင်းသာ ဖြစ်ကြောင်း၊ အိမ်၊ ခြံမြေလုပ်ငန်းများ လုပ်ဆောင်နေကြသူများအတွက်လည်း ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးရလာဒ်များ ရလာနိုင်မည်ဖြစ်ကြောင်း အိမ်၊ ခြံမြေအသိုင်းအဝိုင်းများမှ သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် ကွန်ဒိုမီနီယံတိုက်ခန်းများထက် ရိုးရိုးတိုက်ခန်းများအား ပိုမိုငှားရမ်းလာမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က "နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေနဲ့ မတတ်နိုင်တဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကျတော့ ကွန်ဒိုတိုက်ခန်းတွေထက် ငှားရမ်းခဈေးနှုန်းသက်သာတဲ့ ကွန်ဒိုမဟုတ်တဲ့ ရိုးရိုးတိုက်ခန်းတွေကို ငှားရမ်းနေထိုင်လာကြပါတယ်၊ ကျွန်တော်တို့ ဆီကိုလည်း ရိုးရိုးတိုက်ခန်းတွေ ငှားရမ်းဖို့အတွက် လာရောက်မေးမြန်းတာတွေရှိနေပါတယ်၊ သူတို့ကတော့ နှစ်ချုပ်နဲ့ ငှားရမ်းနေထိုင်ကြတာများပါတယ်၊ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေအတွက် တိုက်ခန်း ဥပဒေကတော့ ခုမှလွှတ်တော်မှာ တင်ထားတုန်းပဲရှိပါသေးတယ်၊ ကွန်ဒိုမီနီယံဥပဒေကတော့ ထွက်နေပါပြီ၊ နည်းဥပဒေကတော့ မထွက်သေးပါဘူး၊ လာမယ့်နှစ်အတွင်း ဖြစ်ပေါ်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အိမ်၊ ခြံမြေဈေးကွက်ကတော့ ကောင်းလာမှာပါ၊ ဈေးကွက်ပြန်ကောင်းမယ်လို့လည်း မျှော်လင့်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဒုဥက္ကဋ္ဌဖြစ်သော တော်ဝင်မိသားစုကုမ္ပဏီမှ ဦးကိုကိုထွေးကလည်း "၂၀၁၇ခုနှစ်ထဲမှာ အိမ်ခြံမြေဈေးကွက်က ကောင်းနိုင်သလို လက်ရှိ ၂၀၁၆ ခုနှစ်ထဲမှာလည်း အိမ်ခြံမြေဈေးကွက်ကို ပိုမိုကောင်းမွန်လာအောင်လုပ်လို့ရပါတယ်၊ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေထဲမှာ လာတဲ့သူတွေနေဖို့အတွက်ကလည်း အိမ်မလုပ်ပေးဘဲ ကျွန်တော်တို့က မီလျံနာတွေနေဖို့အတွက် ကွန်ဒိုတိုက်ခန်းတွေလုပ်ပေးလို့ က အလကားပဲလေ၊ ရှေ့လျှောက် နိုင်ငံခြားသားခရီးသွား ဧည့်သည်တွေ ဝင်ရောက်ဖို့ဆိုတာက တစ်ချိန်တုန်းက ဟိုတယ်ငှားရမ်းခဈေးနှုန်းတွေက မတရားဈေးကြီးသွားခဲ့ပါတယ်။

"ဘယ်နိုင်ငံနဲ့မှမတူအောင် ဈေးကြီးခဲ့တာလေ၊ အဆင့်မီတဲ့ ဟိုတယ်တွေကနေ ဈေးနှုန်းချပေးမှ ဟိုတယ်တွေမှာလည်း ခရီးသွားဧည့်သည်တွေ ဝင်ရောက်မှုပိုမိုများပြားလာပါလိမ့်မယ်၊ အဲ့ဒီတော့မှ ဟိုတယ်ငှားရမ်းခနှုန်းထားကို တင်ယူရမှာပါ" ဟု သုံးသပ်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အောက်တိုဘာ ၉ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်းအား တရားဝင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်း၌ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၃၀၀ ကျော်ရှိကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် I MyanmarHouse.com မှပူးပေါင်း၍ "၂၀၁၆ အိမ်ခြံမြေဈေးကွက်အခြေအနေနှင့် အနာဂတ်အလားအလာ" ဟောပြောဆွေးနွေးပွဲအား UMFCCI Office Tower ၌ မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းနှင့် အိမ်ခြံမြေဆိုင်ရာ ဗဟုသုတများအား တတ်ကျွမ်းနားလည်ကြသော ဝါရင့်အသိပညာရှင် အတတ်ပညာရှင်များမှ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သတင်း-(စိုးဝင်း-SP)**

**ဓာတ်ပုံ-တင်လှမောင်**

❄ *ကျောဖုံးမှ*

သာယာကျွန်း မြစ်ရေတင်စခန်း၊ မီးသွေးတိုက် မြစ်ရေတင်စခန်းတို့မှ နွေစပါး ၃၈၅ ဧက၊ ပဲတီစိမ်း ဧက ၁၅၇၀ နှင့် နှမ်းဧက ၈၄၀ စုစုပေါင်း စိုက်ပျိုးဧက ၂၇၉၅ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားသတ်မှတ်ခဲ့သည့်အနက် ၂၀၁၅-၂၀၁၆ နွေသီးနှံကွင်းပိတ်စာရင်းများအရ နွေစပါး ၃၈၅ ဧက၊ ပဲတီစိမ်း ၁၇၉၅ ဧကနှင့် နှမ်းဧက ၆၅၀ စုစုပေါင်း စိုက်ပျိုးမြေဧက ၂၈၃၀ ကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ၃၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ခင်းများအားလုံးအောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် မြစ်ရေတင်စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် အယ်နီညိုကိုအောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းတွေအနေနဲ့ အခုလိုအယ်နီညို ရာသီဥတုဖောက်ပြန်မှုကြီးကို အောင်မြင်စွာ အန်တုဖြတ်ကျော်နိုင်ခဲ့တဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုဘဏ္ဍာငွေစာရင်းမှာ ရွာဘိုရွာအနီး၌ ဧက ၃၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မယ့် မြစ်ရေတင် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်။ ဒီစီမံကိန်းကနေပြီး ရေခန်းခြောက်နေတဲ့ မင်းလှကန်အရောက်ရေထည့်ပြီး မင်းလှကန်ရေသောက် စိုက်ပျိုးမြေ ၁၅၀၆ ဧက အပါအဝင် ရွာဘို၊ မကျည်းကုန်း၊ ဒေါင့်ကြီးကွေ့၊ ညောင်ပင်သာ၊ ရွာသစ်၊ ဇော်ဂျီ၊ ကန်ကြီးစတဲ့ ကျေးရွာများမှ စိုက်ပျိုးမြေ ဧက ၁၀၀၀ ကျော်ခန့် တိုးတက်ပေါ်ပေါက်လာမယ့် မြေလွတ် မြေရိုင်း ပလပ်မြေများမှ စိုက်ပျိုးမြေများကို စိုက်ပျိုးရေများ ဖြန့်ဝေပေးဖို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်စိုးက ပြောသည်။

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ကြက်မွေးမြူရေး အထူးဇုန် အတွင်းရှိ ကြက်ခြံအချို့တွင် (၃-၄-၂၀၁၆) ရက်မှစတင်၍ ကြက်များ စတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ H5 နှင့်အတူ H9 ဗိုင်းရပ်စ်ပိုး ပထမဆုံးအကြိမ် ပူးတွဲတွေ့ရှိခဲ့ရပါသည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး တွေ့ရှိရသဖြင့် ဥစားကြက်ခြံများတွင် ဥထုတ်လုပ်မှု သိသာစွာကျဆင်းခြင်း၊ ကြက်သေဆုံးမှု (၂-၁၀) ရာခိုင်နှုန်းခန့်အထိ နှစ်ရက်အတွင်း တွေ့ရှိခဲ့ရပြီး ကူးစက်မှုနှုန်းမြန်ဆန်သဖြင့် ရောဂါထိန်းချုပ်နိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာအဖွဲ့နှင့် ဒေသဆိုင်ရာအဖွဲ့များပူးပေါင်း၍ မွေးမြူသူများ၏ဆန္ဒအရ ကြက်များ ရှင်းလင်းမှုကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံမှု မြှင့်တင်ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် ရောဂါစူးစမ်းထောက်လှမ်းခြင်း (Surveillance) များ ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)သို့ (၁၆-၄-၂၀၁၆) ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ကြောင်း အရေးပေါ်အသိပေးချက် အစီရင်ခံစာ ပေးပို့ခဲ့ပါသည်။

ဗိုင်းရပ်စ်ပိုးမျိုးကွဲများနှင့်ပတ်သက်၍ ဆက်လက်စမ်းသပ်နိုင်ရန် ဒေသဆိုင်ရာ ရည်ညွှန်းကိုးကား ဓာတ်ခွဲခန်းဖြစ်သည့် Australia Geelong ရှိ Australia Animal Health Laboratory (AAHL) သို့ နမူနာပစ္စည်းများ နှစ်ကြိမ်ခွဲပြီး ပေးပို့စစ်ဆေးခဲ့ပါသည်။

ပထမအကြိမ်ပေးပို့ခဲ့သည့် နမူနာပစ္စည်းစစ်ဆေးချက်အရ H9N2 ရောဂါပိုးပါဝင်ကြောင်း AAHL မှ ကနဦးအစီရင်ခံစာပြန်ကြားခဲ့ပြီး အခြားမျိုးကွဲများ ပါဝင်မှုကို မျိုးရိုးဗီဇစစ်ဆေးနည်းများဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

မုံရွာမြို့ ဥစားကြက်မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူထားသောကြက်ခြံများတွင် (၆-၅-၂၀၁၆)ရက်အထိ စုစုပေါင်းကြက် ၆၉၂၄၈ ကောင်ကို ပိုင်ရှင်များ၏ဆန္ဒအရ စနစ်တကျသုတ်သင်ရှင်းလင်းခဲ့ပါသည်။

ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မြန်အောင်မြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**မြန်အောင် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ကျေးရွာအုပ်စုများအတွင်း ထိခိုက်ပျက်စီးခဲ့သည် အိမ်ထောင်စုဝင်များကို မေ ၅ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးအပ်သော ကယ်ဆယ်ရေးပစ္စည်းများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဦးဆောင်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာအုပ်စုအရောက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

မြန်အောင်မြို့နယ်အတွင်း မေ ၁ ရက်က လေဘေးသင့်ခဲ့သော ကျေးရွာအုပ်စု ၁၉ အုပ်စုရှိ ကျေးရွာပေါင်း ၁၂၉ ရွာမှ ပြိုကျ ၃၁၂ အိမ်၊ အမိုးလန် ၁၅၈၇ အိမ်တို့ရှိ လေဘေးသင့်အိမ်ထောင်စုဝင်များကို ကယ်ဆယ်ရေးပစ္စည်းများ အမြန်ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

၇-၅-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# ဆန္ဒပြအလုပ်သမားများအား အလုပ်ပြန်လည်ခန့်ထားပေးမည်၊ မေ ၁၁ ရက်တွင် ပြန်လည်ခန့်ထားသူများကို ကြေညာသွားမည်



**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်**

"တကယ်တော့ ကိုယ့်ရဲ့လိုလားချက်တွေကို တောင်းဆိုတဲ့ ကိစ္စရပ်တွေမှာ အော်ဟစ်တောင်းဆိုတာ၊ စီတန်းလှည့်လည် ဆန္ဒပြတောင်းဆိုတာတွေဟာ ပြဿနာတစ်ရပ်ကို ပြေလည်အောင်ဖြေရှင်းနိုင်မယ့် နည်းလမ်းမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းသည်သာ ပြဿနာတစ်ရပ်ကို မှန်ကန်တဲ့ ဖြေရှင်းနည်းဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးမှသာ လိုလားချက်တွေကိုပြောနိုင်မယ်။ တစ်ဖက်ရဲ့လိုလားမှုတွေကိုလည်း သိနိုင်မှာဖြစ်ပြီး ဘယ်လိုပေါင်းစပ်ဖြေရှင်းရင် ကောင်းမလဲဆိုတာကိုလည်း သိမှာဖြစ်ပါတယ်။ တွေ့ဆုံညှိနှိုင်းတိုင်းလည်း ကိုယ်တောင်းဆိုတာ အပြည့်အဝရချင်မှရမယ်ဆိုတာ မျှော်မှန်းထားရမယ်။ ဥပဒေဘောင်အတွင်းက တောင်းဆိုမှုဆိုရင် အပြည့်အဝရနိုင်ပေမယ့် ဥပဒေပြင်ပကတောင်းဆိုမှုမျိုးဆိုရင်တော့ မျှော်လင့်ချက်ထားလို့မရဘူး"ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်မှ ဆန္ဒထုတ်ဖော်သည့် အလုပ်သမားများနှင့် တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုနှင့်စပ်လျဉ်း၍ ပြောကြားသည်။

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ Myanmar Veneer and Plywood Private Ltd; သစ်အခြေခံစက်ရုံမှ ဆန္ဒထုတ်ဖော်သည့် အလုပ်သမားများ၊ အလုပ်ရှင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သည့် တာဝန်ရှိသူများသည် အလုပ်သမား၊ အလုပ်ရှင်ဆိုင်ရာကိစ္စရပ်များကို မေ ၆ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။

ထိုတွေ့ဆုံပွဲ၌ အလုပ်သမားများက အမျိုးသမီး ၆၀ ကို ပထမဦးစားပေး အလုပ်ပြန်လည်ခန့်ထားရေး၊ ကျန်အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့က ကူညီပေးရေး၊ အလုပ်မဆင်းသည့်ကြားကာလ နစ်နာကြေးနှင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေဖြင့် ဆောင်ရွက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လျှော့ပေါ့ပေးရေးတို့ကို တောင်းဆိုခဲ့ကြပြီး အလုပ်ရှင်ဘက်မှ ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် မှတ်တမ်းများ တိုက်ဆိုင်စစ်ဆေးပြီး အမျိုးသမီး၊ အမျိုးသားမခွဲခြားဘဲ အလုပ်အကိုင်ပြန်လည်ခန့်ထားပေးမည်ဖြစ်ကြောင်း၊ မေ ၁၁ ရက်တွင် အလုပ်အကိုင်ပြန်လည်ခန့်ထားသူများကို ကြေညာသွားမည်ဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အလုပ်အကိုင်ရရှိဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီမယ်ဆိုတာကလည်း အလုပ်ရှင်ကို ဖိအားပေးလို့မရဘူး။ အလုပ်ခန့်ထားရေးဟာ အလုပ်ရှင်ရဲ့သဘောထားပဲဖြစ်တယ်။ ဥပဒေဘောင်အတွင်းက ပူးပေါင်းဆောင်ရွက်မယ်ဆိုတာပေါ့။ ကြားကာလ နစ်နာကြေးနဲ့ပတ်သက်ပြီး ခုံသမာဓိကောင်စီရဲ့ ဆုံးဖြတ်ချက်မှာပါမလာဘူး။ ဥပဒေနဲ့အညီပဲ ဆောင်ရွက်လို့ရမယ်ဆိုတာကို ရှင်းလင်းအောင်ပြောပြထားပြီးဖြစ်ပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ဖြေလျှော့ဖို့ဆိုတာကလည်း ဝန်ကြီးဌာနတွေ ပေါင်းစပ်ဆောင်ရွက်မယ့်ကိစ္စရပ်သာဖြစ်ပါတယ်"ဟု ဦးမျိုးအောင်က ပြောသည်။

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ Myanmar Veneer and Plywood Private Ltd; သစ်အခြေခံစက်ရုံမှ အလုပ်သမားများ၏ ဆန္ဒထုတ်ဖော်မှုများသည် ယခင်ကလည်း ရှိခဲ့ပါကြောင်း၊ အလုပ်ရှင်အလုပ်သမား နှစ်ဦးနှစ်ဖက် ပြေလည်စွာဖြေရှင်းနိုင်ခဲ့ကြောင်းလည်း သိရသည်။

"အဲဒီစက်ရုံမှာ ၂၀၁၅ ခုနှစ်လောက်ကတည်းက အလုပ်ရှင်၊ အလုပ်သမားဖြစ်ပွားတဲ့ ပြဿနာလေးတွေရှိခဲ့တယ်။ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တယ်။ ဒီနှစ် ဇန်နဝါရီလတုန်းက အချိန်ပိုကြေး၊ ထုတ်လုပ်မှုကြေး၊ ကျွမ်းကျင်ကြေး၊ ရက်မှန်ကြေး စတာတွေနဲ့ ပတ်သက်ပြီး အလုပ်ရှင်၊ အလုပ်သမားပြဿနာ ဖြစ်ပွားခဲ့ပေမယ့် နှစ်ဦးနှစ်ဖက် သဘောတူညီချက်တွေနဲ့ ပြေလည်အောင်ဖြေရှင်းနိုင်ခဲ့တယ်။ ဖေဖော်ဝါရီလမှာ အချိန်ပိုခိုင်းတာနဲ့ပတ်သက်ပြီး ထပ်မံဖြစ်ပွားခဲ့ပေမယ့် နှစ်ဖက်ညှိနှိုင်းပြီး ပြေလည်ခဲ့ကြတယ်"ဟု ဦးမျိုးအောင်က ဆက်လက်ပြောကြားသည်။

ယခုဖြစ်ပွားသည့် အလုပ်သမားများ၏ တောင်းဆိုမှုများနှင့်ပတ်သက်၍ ပြဿနာ၏ အရင်းအမြစ်ကိုလည်း ၎င်းက "ဖေဖော်ဝါရီ ၂၉ ရက်မှာ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်လို့ စက်ရုံမှာ အလုပ်သမားတွေဟာ နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး အလုပ်ဆင်းရတယ်။ အဲဒီနေရာမှာ အလုပ်သမားတွေက နေ့ဆိုင်း ညဆိုင်း ပေါင်းပြီး ကိုယ့်သဘောနဲ့ကိုယ် တစ်ပေါင်းစည်းတည်း အလုပ်ဆင်းကြတယ်။ အဲဒီမှာ အလုပ်ရှင်က အလုပ်ရှင်ရဲ့စီမံခန့်ခွဲမှုကို စွက်ဖက်တယ်ဆိုပြီး အလုပ်သမား ၁၂၈ ဦးကို အလုပ်ထုတ်ခဲ့တယ်။ အဲဒီလိုထုတ်ခဲ့တဲ့နေရာမှာ အလုပ်ရှင်သတိပေးခံရတာ သုံးကြိမ်ရှိတဲ့သူတွေ၊ ကိုယ့်သဘောနဲ့ကိုယ် အလုပ်က ထွက်တဲ့သူတွေ ဖြစ်တယ်လို့သိရတယ်။ ဒါကြောင့် အလုပ်ထုတ်ခံရသူတွေနဲ့ ကျန်အလုပ်သမားတွေပေါင်းပြီး ဆန္ဒထုတ်ဖော်မှုတွေ ဖြစ်ပွားခဲ့တာပါ၊ မတ် ၂၉ ရက်မှာ အလုပ်ကထုတ်ပယ်ခံရသူ ၁၂၈ ဦးနဲ့ အလုပ်မဆင်း၊ အလုပ်ကို သတင်းမပို့တဲ့သူတွေ စုစုပေါင်း ၁၅၈ ဦး အလုပ်က ထွက်ရတဲ့သဘော ဖြစ်သွားတယ်။

"အဲဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွေ၊ ခုံသမာဓိနဲ့ ခုံသမာဓိကောင်စီတွေ၊ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်တာဝန်ရှိသူတွေက ဖြေရှင်းပေးကြတယ်။ အဲဒီဖြေရှင်းပေးမှုကို အလုပ်သမားတွေက မကျေနပ်ဘူး။ ဧပြီ ၂၆ ရက်မှာ စစ်ကိုင်းကနေ မော်တော်ယာဉ်တွေနဲ့ နေပြည်တော်ကို ထွက်လာတယ်။ ဝမ်းတွင်းမြို့အရောက်မှာ ဌာနဆိုင်ရာတွေက ဖျန်ဖြေပြောဆိုလို့ စစ်ကိုင်းကို ပြန်သွားခဲ့ကြတယ်။ စစ်ကိုင်းရောက်တဲ့အခါ အလုပ်မှာ သုံးကြိမ်သတိပေးခံရသူတွေ အလုပ်က ထုတ်မယ်လို့ဆိုတယ်။ အလုပ်သမားတွေက အဲဒီ သုံးကြိမ်သတိပေးခံရတဲ့လက်မှတ်ဟာ အတုတွေလို့ ပြောတယ်၊ အလုပ်ရှင်က မဟုတ်ဘူးပြောတယ်။ ဒါနဲ့ပဲ အလုပ်သမားတွေဟာ ဆန္ဒထုတ်ဖော်ဖို့ နေပြည်တော်ကို ခြေကျင်လျှောက်ခဲ့ကြတယ်။ အဲဒီမှာ အလုပ်သမားတွေက သူတို့ဆန္ဒတွေကို ပြည်ထောင်စုအဆင့်ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ကြတယ်။ တာဝန်ရှိသူတွေ အကြိမ်ကြိမ် သွားရောက်ဖြေရှင်းပေမယ့် သူတို့က ပြည်ထောင်စုတာဝန်ရှိသူတွေဖြေရှင်းပေးဖို့ပဲတောင်းဆိုကြတယ်။ ဒါနဲ့ပဲ နေပြည်တော်က ကျွန်တော်တို့ ဝန်ကြီးဌာနမှာ မေ ၆ ရက်က ခေါ်ယူညှိနှိုင်းဖြေရှင်းကြတာဖြစ်တယ်။ လောလောဆယ်အထိ ဆန္ဒထုတ်ဖော်ကြတဲ့အလုပ်သမားတွေဟာ ဝမ်းတွင်းမြို့နယ်ထဲမှာ ရှိနေကြတုန်းပဲ"ဟု ပြောသည်။

**မင်းမင်းဇော်(ကလေး)၊ ဓာတ်ပုံ-မောင်ဇော်**

# ကလေးနှင့်တမူးတို့၌ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ရက် ၁၀၀ အတွင်း အပြီးဆောင်ရွက်မည်

**စစ်ကိုင်း မေ ၇**

ပြီးခဲ့သည့်နှစ်က ရေကြီးနစ်မြုပ်၍ ပျက်စီးယိုယွင်းမှုများရှိသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တမူးမြို့နယ်တို့၌ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံလေးရုံနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းစသည်တို့ကို မေ ၁ ရက်က စတင်ကာ ရက် ၁၀၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ ကာလအတွင်းမှာ တမူးမြို့နယ်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း ၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၁ မိုင် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ သုံးရုံကို တည်ဆောက်ပြီး ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်အောင် ဆောင်ရွက်သွားမှာပါ။ ဒါ့အပြင် ကလေးမြို့နယ်အတွင်းမှာ ၁၁/၀ ဒသမ ၄ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၈ ဒသမ ၅ မိုင် အရှည်ဆွဲပြီး ကျေးရွာနဲ့ ရပ်ကွက် ၁၂ ခုက နေအိမ် ၁၃၈၂ လုံးအတွက် လျှပ်စစ်လိုင်းတွေ ဆွဲသွားဖို့ လုပ်ငန်းစတင်နေပါပြီ" ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ခရိုင်/မြို့နယ်များရှိ မြို့/ရွာကျေးလက်ဒေသများသို့ လျှပ်စစ်မီးများ ပေးနိုင်ရန်အတွက် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံ၊ စစ်ကိုင်းမြို့နယ် အုန်းတော ပင်မဓာတ်အားခွဲရုံ၊ မန္တလေးတိုင်းဒေသကြီးမှ လက်ပံလှပင်မဓာတ်အားခွဲရုံ၊ ရွှေဘိုမြို့နယ်မှ ငှက်ပျောတိုင်ပင်မဓာတ်အားခွဲရုံနှင့် ကောလင်းမြို့နယ် ကျောက်ပုထိုး ပင်မဓာတ်အားခွဲရုံတို့မှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဂျပန်က ပရဟိတစာသင်ကျောင်းအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အင်ကြင်းမြိုင်ရပ်ကွက်ရှိ ဝေရိက္ခယသီလရှင်သင်ပရဟိတစာသင်ကျောင်းအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို ဂျပန်နိုင်ငံ Bentenshu သာသနာ့အဖွဲ့အစည်းမှ ဆရာတော် Hino Shoyou က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ Bentenshu သာသနာ့အဖွဲ့အစည်းမှ ဆရာတော် Hino Shoyou သည် အဆိုပါ ကျောင်းသို့ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယခုနှစ်တွင် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ အဝတ်အထည်တစ်သောင်းကျော်၊ ဖိနပ်အရန် ၅၀၀ ကျော်၊ စာရေးကိရိယာ ၆၀၀ ကျော်၊ အိတ်အလုံး ၃၀၀ ကျော်နှင့် စောင်အထည် ၁၅၀ ကျော်တို့ကို ရွှေပြည်သာမြို့နယ် ဓမ္မဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသထံမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းခေတ်**

# ဝေါလေမြိုင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဝေါလေမြိုင် မေ ၇**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့၌ ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၇ နာရီက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ နယ်မြေခံဗျူဟာမှ တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝေါလေမြိုင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ သောင်ရင်းမြစ် မြစ်ဖျားခံရာ ဂေါ်လီချောင်းဘေးတစ်လျှောက် နေ့စျေးနေရာများနှင့် လမ်းဘေးဝဲ/ယာနေရာများ၌ စုပေါင်းအမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




# ပေါင်မြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်

**ပေါင် မေ ၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မွမ်းမံ) ရန်ပုံငွေကျပ် ၁၄ ဒသမ ၁၂၅ သန်းဖြင့် ရက် ၁၀၀ စီမံချက် ဝဲပတန်ကျေးရွာ မြေသားရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့်အဖွဲ့သည် မေ ၅ ရက်က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အပြောအရေး ကွာဟမှုများ(၄)

မောင်ခင်မင်(ဓနုဖြူ)

"အပြောနဲ့အရေး ကွာဟရတဲ့အကြောင်းရင်းက ရေးတဲ့စာလုံးနဲ့ ပြောတဲ့အသံ ထပ်တူမကျလို့ဆိုတာ သားတို့ သမီးတို့ အမြဲသတိရနေဖို့ လိုတယ်နော်"

"ဟုတ်ကဲ့ပါဆရာ။ ရေးတဲ့အတိုင်း အသံမထွက်ရတာရယ်၊ အသံထွက်တဲ့အတိုင်း မရေးရတာရယ်၊ အဲဒီကွာဟချက်နှစ်ခုကို အကြောင်းပြုပြီး ပေါ်လာတဲ့ ပြဿနာတွေပဲလို့ နားလည်ထားပါတယ်ဆရာ"

"အင်း.... ရေးတဲ့အတိုင်း အသံမထွက်ရတာက ဘာကြောင့်လို့ ထင်သလဲကွယ်"

"ပုံမှန်အတိုင်းဆိုရင်တော့ ရေးတဲ့အတိုင်း အသံထွက်ရမှာပါ။ ရေးတဲ့အတိုင်း အသံမထွက်ရတာဆိုရင်တော့ အဲဒီအသံက ပြောင်းသွားလို့ပဲ ဖြစ်မယ် ထင်ပါတယ်"

"ဟုတ်ပါတယ်။ အဲဒီလို အသံပြောင်းသွားပေမယ့် အရေးက လိုက်မပြောင်းလို့ ကွာဟချက်ဖြစ်ရတဲ့စကားလုံးတွေ ဆရာတို့ တစ်ခါပြောပြီးကြတာ မှတ်မိရဲ့လား"

"ဟုတ်ကဲ့။ 'လာမည်' က 'လာမယ်' ဖြစ်သွားတာမျိုး၊ 'လျှင်'က 'ရင်' ဖြစ်သွားတာပါ ဆရာ"

"သမီးလည်း မှတ်မိပါတယ်။ 'နည်းနည်း' က 'နဲနဲ' ဖြစ်သွားတာမျိုး၊ 'ပြီး' က 'ပီး' ဖြစ်သွားတာမျိုးလည်း ပါပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ဒီနေ့တော့ အဲဒီလို အသံပြောင်းပုံနောက်တစ်မျိုးနဲ့ဆိုင်တဲ့ စကားလုံးမျိုးတွေကို တစ်ကန့်ကြည့်ကြရအောင်"

"ဘယ်လိုပြောင်းပုံမျိုးပါလဲ ဆရာ"

"အသံနှစ်သံကို တစ်ဆက်တည်း အသံထွက်ပြီး ပြောတဲ့အခါ ရှေ့က အသံကြောင့် နောက်ကအသံ ပြောင်းသွားတာမျိုးရှိသလို နောက်က အသံကြောင့် ရှေ့က အသံပြောင်းသွားတာမျိုးလည်းရှိတယ်"

"ဟုတ်ကဲ့ပါ"

"အရင်တစ်ခါ အဲဒီလိုအသံပြောင်းတဲ့စနစ်အကြောင်း ပြောဖူးပါတယ်"

"သြော်.... သမီးမှတ်မိပါတယ်။ 'ရေးတော့အမှန် ဖတ်တော့အသံ' ဆိုတဲ့ ခေါင်းစဉ်နဲ့ပြောတာ မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ ခုတစ်ခါမှာတော့ အပြောအရေးကွာဟမှု ရှုထောင့်ကနေပြီး ကျယ်ကျယ်ပြန့်ပြန့် ကြည့်ဖို့စိတ်ကူးတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ.... ပထမဆုံး အသံနှစ်သံကို တစ်ဆက်တည်း အသံထွက်ရင် နောက်က အသံပြောင်းတဲ့စနစ်အကြောင်း ပြောကြရအောင်"

"ဟုတ်ကဲ့ပါ"

"ဒီတော့... ပထမဆုံး ဘယ်အသံက ဘယ်အသံကို ပြောင်းတတ်တယ်ဆိုတာ အရင်မှတ်လိုက်ကြရအောင်"

"ပြောပြပါဆရာ"

"အဲဒီလိုပြောင်းတဲ့အသံတွေကတော့ ဗျည်းသံတွေပေါ့။ ဘယ်လိုပြောင်းသလဲဆိုရင် 'က' နဲ့ 'ခ' က 'ဂ' ကို ပြောင်းတယ်။ 'စ'နဲ့ 'ဆ' က 'ဇ' ကို ပြောင်းတယ်။ 'တ' နဲ့ 'ထ' က 'ဒ' ကိုပြောင်းတယ်။ 'ပ' နဲ့ 'ဖ' က 'ဗ' ကို ပြောင်းတယ်။ နောက် 'ပြသ' တို့ 'တသ' တို့မှာ ပါတဲ့ အသံပျော့တဲ့ 'သ' က 'သတင်း' တို့၊ 'ပန်းသီး' တို့မှာပါတဲ့ အသံပြင်းတဲ့ 'သ' ကိုပြောင်းတယ်။ ရေးရင်တော့ /သ့/ လို့ ရေးရတာ ဆရာပြောပြီးပြီ။ အဲဒါ ပြောင်းတတ်တဲ့အသံအတွဲတွေပဲ"

"ဟုတ်ကဲ့ပါ"

"ဆရာ အဲဒီဗျည်းတွေကို ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးတွေ တွဲရင်လည်း အဲဒီလိုပဲ ပြောင်းတာပေါ့နော်"

"အင်း.... ယပင့်နဲ့ ရရစ်က အသံအနေနဲ့ ယသံပေါ့၊ ဝဆွဲက ဝသံပေါ့။ အဲဒီအသံတွေ တွဲရင်လည်း အဲဒီသဘောပါပဲ။ ဒီတော့ 'ကျ' နဲ့ 'ချ' က 'ဂျ' ကို ပြောင်းတယ်။ 'ပျ' နဲ့ 'ဖျ' က 'ဗျ' ကို ပြောင်းတယ်။ 'ကြ' နဲ့ 'ခြ' ဆိုရင်လည်း 'ဂြ' ကို ပြောင်းတာပေါ့။ 'ပြ' နဲ့ 'ဖြ' လည်း 'ဗြ'ကို ပြောင်းတာပေါ့။ 'ကွ' နဲ့ 'ခွ' က 'ဂွ' ကို ပြောင်းတယ်။ 'စွ' နဲ့ 'ဆွ' က 'ဇွ' ကို ပြောင်းတယ်။ 'တွ' နဲ့ 'ထွ' က 'ဒွ' ကိုပြောင်းတယ်။ 'ပွ' နဲ့ 'ဖွ' က 'ဗွ' ကိုပြောင်းတယ်။ 'သွ' က 'သွ့' ကို ပြောင်းတယ်လို့ မှတ်ရမှာပေါ့ကွယ်။ စာရေးရင် ဒီစာလုံးတွေ အားလုံးပါတာမို့ ပြည့်စုံအောင်ပြောရတာပါ"

"ကောင်းပါတယ် ဆရာ။ အားလုံးပြည့်စုံတော့ ပိုရှင်းတာပေါ့"

"ဒီတော့ အသံပြောင်းပုံကို လေ့လာကြည့်ရအောင်။ ပြောင်းတဲ့အသံထွက်ကိုတော့ ဆရာတို့သုံးနေတဲ့ မြန်မာအဘိဓာန်မှာပါတဲ့ အသံထွက်အက္ခရာစနစ်ကို မင်းတို့သိပြီးသားပါ။ အဲဒီအသံထွက်အက္ခရာနဲ့ရေးကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ... ကင်ထားတဲ့ငါးကို ဘယ်လိုခေါ်သလဲ။ အသံထွက်ပါရေးပြနော်"

"ဟုတ်ကဲ့။ /ငါးဂင်/ လို့အသံထွက်ပါတယ် ဆရာ"

"ဟုတ်ပြီ။ /ငဂင်/ လို့လည်း တချို့အသံထွက်တယ်။ ကဲ...ကြော်ထားတဲ့ငါးဆိုရင်ကော"

"/ငါးဂျော်/ပါဆရာ။ /ငဂျော်/ လို့လည်း ထွက်ပါတယ်"

"ဒီတော့ ပြန်လေ့လာကြည့်ရအောင်။ 'ငါး' နဲ့ 'ကင်' ကို တစ်ဆက်တည်းပြောတဲ့အခါ /ငါးဂင်/ငဂင်/ လို့ အသံထွက်တာဆိုတော့ /က/ကနေ/ဂ/ကို အသံပြောင်းတာပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကဲ 'ခ'ကလည်း 'ဂ'ကို ပြောင်းတယ်ဆိုတော့ သာဓကကြည့်ရအောင်။ သားတို့ သမီးတို့ရုံးမှာ အလုပ်လုပ်ပြီးတော့ လကုန်ရင်ရတဲ့ပိုက်ဆံကို ဘယ်လိုခေါ်ပါလိမ့်"

"/လာ့ဂ/ပါဆရာ" (အသံထွက်ကိုရေးပြသည်။)

"ဟုတ်ပြီ။ ရေးတော့ 'လခ'လို့ရေးတယ်မဟုတ်လား။ ဒါပေမယ့် /လာ့ဂ/လို့ အသံထွက်ရတယ်ဆိုတော့ /ခ/ကနေ/ဂ/ကို အသံပြောင်းတာပဲ။ ဟုတ်တယ်နော်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'ဟင်းချို' လို့ရေးတာကို /ဟင်းဂျို/လို့ အသံထွက်ရတော့ /ချ/ကလည်း /ဂျ/ကိုပြောင်းတာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ"

"ဒီနေရာမှာ အသံမပြောင်းတဲ့အခြေအနေနှစ်ခုအကြောင်း တစ်ခါတည်း ပြောထားတာ ကောင်းမယ်ထင်တယ်။ အသံပြောင်းရတဲ့အကြောင်းမှာ အသံနှစ်သံကို တစ်ဆက်တည်း အသံထွက်ရင်ဆိုတဲ့ အခြေအနေဟာ အရေးကြီးတယ်။ 'တစ်ဆက်တည်း' ဆိုတာ ရှေ့အသံနဲ့နောက်အသံက ကြားမှာနားမနေဘဲ အရှိန်နဲ့ တစ်ဆက်တည်း အသံထွက်တာကို ပြောတာ"

"ဟုတ်ကဲ့ပါ"

"တစ်ဆက်တည်းမဟုတ်ဘဲကြားမှာ နားနေ ဆိုင်းနေရင်တော့ နောက်က အသံက ပြောင်းသွားလေ့မရှိဘူးကွဲ့"

"ဘယ်လိုဟာမျိုးပါလဲ ဆရာ"

"ဆရာပြောမယ်လေ။ ခုနသာဓကတွေပဲ ပြန်ကောက်ရအောင်။ /ငါးဂင်/ တို့ /ငါးဂျော်/ တို့မှာ /က/ကနေ/ဂ/ကိုအသံပြောင်းပေမယ့် 'အမေ ငါးကင်နေတယ်'၊ 'ကျွန်မငါးကြော်မလို့'ဆိုတာမျိုးပြောရင် 'ကင်'နဲ့ 'ကြော်' အသံမပြောင်းဘူးလေ။ ကဲ...လက်တွေ့ပြောကြည့်ကြစမ်းပါ။ "အမေ ငါးကင်နေတယ်၊ ဟုတ်တယ်နော်၊ အသံမပြောင်းဘူး"

"ကျွန်မငါးကြော်မလို့၊ ဟုတ်ပါရဲ့ အသံမပြောင်းဘူး"

"ဒီတော့ 'ငါး' နဲ့ 'ကြော်'ကို တစ်ဆက်တည်းအသံ ထွက်ရင် 'ကျော်'က 'ဂျော်' ကို ပြောင်းပေမယ့် 'ငါး' နဲ့ 'ကြော်' ကြားမှာ နားပြီး ပြောရင် 'ကြော်'က အသံမပြောင်းဘူးဆိုတာတွေ့မှာပါ"

"ဟုတ်ကဲ့ပါ"

"နောက်အသံမပြောင်းတဲ့အခြေအနေတစ်ခုက ရှေ့ကအသံဟာ ကသတ်၊ စသတ်၊ တသတ်၊ ပသတ်တစ်ခုခုနဲ့ဆုံးတဲ့ အသံဖြစ်နေရင်လည်း နောက်ကအသံ မပြောင်းဘူးဆိုတာပဲ"

"သာဓကလေး ပြောပြပါ ဆရာ"

" 'ငါးကင်'က /ငါးဂင်/လို့ အသံပြောင်းပေမယ့် 'ကြက်ကင်' ကျတော့ 'ကင်' က 'ဂင်'ဖြစ်မသွားဘူးလေ။ 'ကင်'လို့ပဲ အသံထွက်တယ်"

"ဟုတ်ကဲ့ပါ"

" 'လခ'က /လာ့ဂ/လို့ အသံပြောင်းပေမယ့် 'လုပ်ခ'ကျတော့ 'ခ'က အသံမပြောင်းဘူးမဟုတ်လား။ ဘာကြောင့်လဲဆိုတော့ 'ကြက်ကင်'မှာ 'ကြက်' က ကသတ် နဲ့ဆုံးတယ်။ 'လုပ်ခ'မှာ 'လုပ်'က ပသတ်နဲ့ဆုံးတယ်။ အဲဒီ က-စ-တ-ပ အသတ်တွေဟာ ပြတ်တောက်တဲ့အသံတွေမို့ နောက်ကအသံနဲ့ တစ်ဆက်တည်းမဟုတ်ဘဲ အသံခြားသွားလို့ အသံမပြောင်းတာပါပဲကွယ်။ ကဲ... နောက်တစ်ခါမှ ဆက်ကြတာပေါ့"

> **"အသံနှစ်သံကို တစ်ဆက်တည်း အသံထွက်ပြီး ပြောတဲ့အခါ ရှေ့ကအသံကြောင့် နောက်ကအသံ ပြောင်းသွားတာမျိုးရှိသလို နောက်ကအသံကြောင့် ရှေ့ကအသံပြောင်းသွားတာမျိုးလည်းရှိတယ်"**

## နေပြည်တော်ရှိ ကြက်များသေဆုံးမှုသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် မဟုတ်ကြောင်းသိရ

**နေပြည်တော် မေ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဆင်တဲကြီးကျေးရွာနှင့် ကျွန်းတောကြီးကျေးရွာတို့တွင် မွေးမြူထားသော အသားစားကြက်ခြံများမှ ကြက်များ ဧပြီ ၂၈ ရက်က သေဆုံးမှုဖြစ်ခဲ့ခြင်းသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် မဟုတ်ကြောင်း သိရသည်။

ကြက်များသေဆုံးမှုသတင်းအရ အဆိုပါ ကြက်ခြံများသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် တာဝန်ရှိသူများ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိစစ်ဆေးခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သေဆုံးသောကြက်သေများမှ ရောဂါနမူနာပစ္စည်းရယူပြီး မန္တလေးတိရစ္ဆာန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ချက်ချင်းပေးပို့ စစ်ဆေးခဲ့သည်။

ယခုအခါ ဓာတ်ခွဲခန်းအဖြေရလဒ် အတည်ပြုချက်အရ ကြက်များ သေဆုံးမှုသည် ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့် မဟုတ်ဘဲ ပြင်းထန်သော ရာသီဥတုအပူဒဏ်ကြောင့် အပူရှပ်ခြင်း (Heat Stroke) နှင့် ကြက်ဖင်ဆီဘူးရောင်ရောဂါ (Infectious Busal Disease) ဖြင့် သေဆုံးခြင်းသာဖြစ်ကြောင်း ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုးထံမှ သိရသည်။

ဆက်လက်၍ ၎င်းက ယခု ကြက်များသေဆုံးသည့် ကြက်ခြံအနီးဝန်းကျင် ကျေးရွာများ၊ ခရိုင်အတွင်းရှိ ကြက်ခြံများတွင် မွေးမြူထားသော ကြက်ခြံများကိုလည်း စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး တိရစ္ဆာန်မွေးမြူရေးခြံများ စောင့်ကြည့်ရေးအဖွဲ့၊ ကူးစက်ရောဂါဖြစ်စေနိုင်သည့် တိရစ္ဆာန်များ ရောင်းချမှုစောင့်ကြည့်ရေးအဖွဲ့၊ မွေးမြူရေးကြက်ခြံများ စိစစ်ကြပ်မတ်ရေးအဖွဲ့များက ကြိုတင်စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း၊ မွေးမြူရေးခြံလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကြက်ခြံများအတွင်း အပူချိန်လျှော့ချနိုင်ရေးအတွက် ကြက်ခြံအမိုးများ၊ အောက်အခင်းများ ရေဖျန်းစနစ်များ ပြုလုပ်ခြင်း၊ တပ်ဆင်ခြင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်စေသော ရောဂါလက္ခဏာများ လျှော့ချနိုင်သည့် ဆေးဝါးများ ကြိုတင်တိုက်ကျွေးပြီး ပုံမှန်ကြက်ရောဂါ ကာကွယ်ဆေးများ စနစ်တကျ တိုက်ကျွေးခြင်း၊ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးများ ဖျန်းပေးခြင်းနှင့် ဇီဝလုံခြုံမှုမြှင့်တင်ဆောင်ရွက်ထားခြင်းဖြင့် ရောဂါကိုကြိုတင်ကာကွယ်သင့်ကြောင်း အကြံပြုပြောကြားသည်။



**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**

## နွေရာသီရေရှားပါးသည့် ကျေးရွာများသို့ ရေလှူဒါန်း

**ကျောက်ဖြူ မေ ၇**

နွေရာသီသောက်သုံးရေ ရှားပါးလျက်ရှိနေသည့် တဘက်ကျေးရွာအုပ်စု အလယ်ရွာသစ်ကျေးရွာသို့ မေ ၅ ရက်က ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဦးတင်မောင်နှင့် ဝန်ထမ်းများ သွားရောက်၍ သောက်သုံးရေဂါလန် ၁၁၀၀၀ လှူဒါန်းခဲ့သည်။

အဆိုပါ ကျေးရွာသည် မြို့နှင့် ၃၂ မိုင် ကျော်ခန့် အကွာအဝေး၌ တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ်(၄)ရပ်ကွက် သာဂရသရက်တောကျောင်း၌ ဖွင့်လှစ်ထားရှိသည့် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနက အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိသည်။

မေ ၅ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အဆိုပါ သင်တန်းမှ သင်တန်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးစခန်းရှိ ကလေးငယ်များအား အစားအစာနှင့် ကစားစရာများ ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြကျေးရွာသို့ ရောက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းအား လေ့လာကြည့်ရှုကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်အဖွဲ့ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆော့လော်မြို့နယ် လန်ဆယ်ဒေသသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ဆော့လော်မြို့နယ် အုပ်ချုပ်ရေးမှူး၏ တင်ပြချက်များအပေါ် ဆက်လက် ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ပြီး စုစုပေါင်း နေအိမ် ၂၁၂ လုံးအတွက် ထောက်ပံ့ငွေကျပ် ၁၀၆ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ မုန့်များနှင့် ရေသန့်ဆေးပြားများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၁၀၆



သိန်းနှင့် အစားအသောက်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအား တပ်မတော်ဆေးတပ်ဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုကာ လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားပြီး ရေဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ်များနှင့် လန်ဆယ်ချောင်းကူးသံပေါင်တံတား ပျက်စီးမှုအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများ၏ သားသမီးများဖြစ်သော အခြေခံပညာ အထက်တန်း ကျောင်းသား ကျောင်းသူများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်၍ ပြန်လည်ထွက်ခွာခဲ့သည်။

ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးရန်ပုံငွေဖြင့် ထောက်ပံ့ငွေကျပ် သိန်း ၅၀၀ အား ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်လျက်ရှိသည့် သင်တန်းသူများအား တွေ့ဆုံအားပေး စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရစာအုပ်များ ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၇**

စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲများတွင် ပထမဆုရရှိသော စာမူများကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ကစာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရ တင်မောင်သန်း(ရွာမ)၏ **ကွန်ပျူတာကွန်ရက် စာနယ်ဇင်းပညာ**







**ဆိုင်ရာ ကျင့်ဝတ်ဓလေ့ထုံးစံများနှင့် အကူးအပြောင်းများ** ရောင်းဈေး ငွေကျပ် ၈၀၀၊ ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု အင်္ဂလိပ်ဘာသာ(သုတ)ပထမဆုရ YE DWAY ၏ "Stories from the Myanmar Classical Theatre" ရောင်းဈေး ငွေကျပ် ၅၀၀ ၊ ၂၀၁၄ ခုနှစ် ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ပထမဆုရ မောင်ရိုးညှာ(ပင်လည်ဘူး)၏ **သံစဉ်ကွဲစောင်းကြိုးနှင့် အခြားကဗျာများ** ရောင်းဈေး ငွေကျပ် ၁၀၀၀၊ ၂၀၁၄ ခုနှစ် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ သန်းမြင့်သန်း(ကွမ်းခြံကုန်း)၏ **အဖေ့အတွက် ဟင်းတစ်ခွက်နှင့် အခြားဝတ္ထုတိုများ** ရောင်းဈေး ငွေကျပ် ၆၀၀ တို့ ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း ၂၁လမ်းနှင့် ၂၂လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ညောင်တုန်းမြို့ ၉ လမ်းမှ ၁၂ လမ်းအထိ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း၊ ကျွန်းထိပ်ပိုင်းဘက် မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် အုတ်ကွန်ကရစ်ဖြင့်တာပေါင်မြှင့်တင်ခြင်း၊ ပုံစံကျတည်ဆောက်ခြင်းလုပ်ငန်း၊ အရှေ့ဘက်ပိုင်း ရေကာနံရံများဖြင့် တာပေါင်မြှင့်တင်ခြင်း၊ အုတ်ကွန်ကရစ်ဖြင့် တာပေါင်မြှင့်တင်ခြင်း၊ ပုံစံကျတည်ဆောက်ခြင်း လုပ်ငန်းများကို မိုးမကျမီပြီးစီးရေး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဓိကအရေးကြီးသည့် ၉ လမ်းမှ ၁၂ လမ်းအထိ ကွဲအက်နိမ့်ကျ ပျက်စီးခဲ့သောနေရာ၌ ပိုမိုစိတ်ချရရေးအတွက် ရေနက်အိုးများအတွင်း နှစ်မီတာရှိသော သဲအိတ်ကြီးများ၊ ရေရှိန်သတ်သုံးချောင်းထောက် ကျောက်တုံးနှစ်ထောင် ချထားပြီး ရေနက်အိုး ရေစီးကြောင်းဆွဲအားကြောင့် ကမ်းပြိုကမ်းလျှောမဖြစ်စေရေးအတွက် ဘိုးပိုင်များတူးကာ ပေ ၈၀ အနက်အထိ သံကူကွန်ကရစ်လောင်း၍ အခိုင်အမာ တည်ဆောက်လျက်ရှိရာ အချင်း နှစ်ပေ ဘိုးပိုင် ၁၆၆ လုံး၊ အချင်း သုံးပေ ဘိုးပိုင် ၁၇ လုံး တည်ဆောက်ပြီးဖြစ်သည်။

ထို့အပြင် မြစ်ကမ်းပါးမြေလွှာ ပြတ်ရွေ့ခြင်းမှ ကာကွယ်နိုင်ရန် ၉ လမ်းမှ ၁၁ လမ်းမြစ်ကမ်းနေရာများတွင် သံပြားလျှောထိုးရိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ အပေါ်ပိုင်းတွင် ၂၄၉ ပေ ရိုက်သွင်းပြီးဖြစ်ပြီး အောက်ပိုင်းရေစပ်၌ ၄၉၅ ပေ ရိုက်သွင်းလျက်ရှိရာ ပြီးစီးတော့မည်ဖြစ်သည်။

၉ လမ်းမှ ၁၁ လမ်းအထိ မြစ်ကမ်းပြိုကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သံကူကွန်ကရစ်ပိုင်ခုံများနှင့် ရေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ အလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောက်စီလုပ်ငန်းများ၊ မြေဖို့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရေတွင်းတူးဖော်မှု ကြီးကြပ်ဆောင်ရွက်

**သာယာဝတီ မေ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးနှင့်အဖွဲ့သည် မေလ ပထမပတ်က ရုံးပင်တန်းကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက် ရေတိမ်တွင်း လေးလက်မ တူးဖော်ခြင်းလုပ်ငန်းအား သွားရောက်ကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ဗျသ)**




# အရာထမ်းများ သမဝါယမမွမ်းမံသင်တန်းဖွင့်

**ရန်ကုန် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သောအရာထမ်းများ သမဝါယမမွမ်းမံသင်တန်း (၁/၂၀၁၆)ဖွင့်ပွဲကို သမဝါယမတက္ကသိုလ် သန်လျင်၌ မေ ၂ ရက်က ကျင်းပရာ သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကားပြောကြားသည်။

သင်တန်းသို့ သမဝါယမတက္ကသိုလ်(သန်လျင်)၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားသော ဆရာ ဆရာမများ၊ သင်တန်းကြီးကြပ်မှုအဖွဲ့များ၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး မှ ဦးစီးအရာရှိများနှင့် ဦးစီးမှူးများဖြစ်ကြသော သင်တန်းသား ၂၆ ဦး၊ သင်တန်း သူ ၅၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ မေ ၁၅ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် စဉ်းစားတွေးခေါ်မှုပြောင်းလဲခြင်း ၊ စာရင်းရေး၊ စာရင်းကိုင်၊ စာရင်းစစ်ဆေးခြင်းနှင့် စွန့်စားမှု၊ စီမံခန့်ခွဲမှုနည်းလမ်းများ ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် သတင်းစာရှင်းလင်း

**ရန်ကုန် မေ ၇**

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီက မေ ၆ ရက်တွင် ရန်ကုန်မြို့ မြန်မာဂျာနယ်လစ် ကွန်ရက်ခန်းမ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားထုညီလာခံ ခေါ်ယူကျင်းပနိုင်ရေး၊ တိုင်းရင်းသားကျောင်းသားသမဂ္ဂများအရေး၊ သက်ဆိုင်ရာ ကျောင်းသားသမဂ္ဂအသီးသီး၏ တရားဝင် ရပ်တည်လှုပ်ရှားခွင့်ရရှိရေး၊ ဗဟိုလုပ်ငန်းကော်မတီ၏ ရှေ့အလားအလာ၊ ဒီမိုကရေစီ ပညာရေးသပိတ်အပေါ် ဗကသများအဖွဲ့ချုပ်၏ သုံးသပ်ချက်စာတမ်း ထုတ်ဝေဖြန့်ချိရေး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံနိုင်ရေး၊ နိုင်ငံရေးအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးနိုင်မည့်ကိစ္စ၊ လက်ပံတန်းအကြမ်းဖက် ဖြိုခွင်းခံရမှုနှင့် ပတ်သက်သည့် သဘောထားနှင့် ဘဏ္ဍာရေးရှင်းလင်းမှုဟူသည့် အချက် ကိုးချက်ကို ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုကျော်ကိုကို၊ အထွေထွေအတွင်းရေးမှူး မဖြိုးဖြိုးအောင်နှင့် ဗဟိုလုပ်ငန်းကော်မတီဝင်များက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါအချက်နှင့် စပ်လျဉ်း၍ ဗကသများအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုရဲရင့်ကျော်ကို ဆက်သွယ်မေးမြန်းရာ “ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ရုံးကို လိပ်မူပြီး စာတိုက်ကနေတစ်ဆင့် စာပေးပို့ခဲ့တယ်။ အကြောင်းအရာကတော့ ပညာရေးပိုင်းဆိုင်ရာကိစ္စတွေနဲ့ စပ်လျဉ်းပြီး တွေ့ဆုံဆွေးနွေးလိုတဲ့အကြောင်း ကမ်းလှမ်းထားတာဖြစ်ပါတယ်။ စာတိုက်ကနေ မှတ်ပုံတင်ပြီး ၅ ရက်နေ့ နေ့စွဲနဲ့ ပေးပို့ထားတယ်။ အဲဒီအထဲမှာ အဓိကအနေနဲ့ ပညာရေးဆိုင်ရာကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်ဖို့နဲ့ နိုင်ငံတော်ကိုအကျိုးပြုမယ့် အလားအလာကိစ္စတွေကို တွေ့ဆုံညှိနှိုင်းဆောင်ရွက်မယ့်ကိစ္စတွေ ပါပါတယ်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း လက်တွဲဆောင်ရွက်နိုင်မယ်လို့ နားလည်ထားတဲ့အတွက် ကျွန်တော်တို့ ကမ်းလှမ်းခဲ့တာပါ။ အဲဒီအတွက်လည်း နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အားလပ်တဲ့အချိန်ကာလမှာ တွေ့ဆုံနိုင်ဖို့ ကျွန်တော်တို့ဘက်က အဆင်သင့် ပြင်ဆင်ထားပါတယ်။ အဓိကအနေနဲ့ ပညာရေးကိစ္စအပြင် ကျောင်းသားသမဂ္ဂတွေ တရားဝင်ရပ်တည်လှုပ်ရှားပိုင်ခွင့်ရှိဖို့လည်း ဆွေးနွေးသွားမယ်။ ဆွေးနွေးမယ်ဆိုတာထက် နိုင်ငံတော်ဘက်က ကျွန်တော်တို့ကျောင်းသားတွေအတွက် ဘာတွေစီစဉ်ထားလဲဆိုတာကို သိရရင် ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာ ကျွန်တော်တို့အနေနဲ့ သိလာမှာပါ။

“ကျောင်းသားညီလာခံနဲ့ ပတ်သက်လို့ စုံညီအစည်းအဝေးစတင်တဲ့ ၂ ရက်နေ့ကနေစတင်ပြီး နှစ်လပြည့်တဲ့အချိန်မှာ တက္ကသိုလ်အဆင့် စုံညီအစည်းအဝေးလုပ်ပါမယ်။ အဲဒီကနေမှ နောက်ထပ်နှစ်လပြည့်ရင် ခရိုင်စုံညီအစည်းအဝေးတွေလုပ်ပါမယ်။ အဲဒီ ခရိုင်စုံညီအစည်းအဝေးတွေမှာ ကိုယ်စားလှယ်တွေနဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပရေး ကော်မတီတစ်ရပ်ဆိုတာမျိုး ပေါ်ထွန်းလာအောင်လုပ်မယ်။ အဲဒီကော်မတီကနေမှ ဗဟိုလုပ်ငန်းကော်မတီကို လုပ်ငန်းဆောင်တာတွေ အားလုံးကို လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။ ညီလာခံခေါ်ယူနိုင်ရေး အချိန်ကာလကိုတော့ အဲဒီလုပ်ငန်းကော်မတီက သတ်မှတ်မှာဖြစ်ပါတယ်။

“အစိုးရ အပြောင်းအလဲဖြစ်သွားပြီဆိုတဲ့အခါမှာ ပြည်သူ့အစိုးရအနေနဲ့ နိုင်ငံသားတွေ၊ နိုင်ငံရေးနဲ့ ဆက်နွှယ်တဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်နွှယ်တာ အခြေခံကျဖို့အတွက် ကျောင်းတွေမှာ အဖွဲ့အစည်းသဘောတရားတွေကို နားလည်သဘောပေါက်ဖို့ လိုအပ်နေတဲ့ အချိန်လည်းဖြစ်တယ်။ ပြည်သူ့အစိုးရအနေနဲ့ သမဂ္ဂတန်ဖိုးကို နားလည်တဲ့အတွက် ကျောင်းထဲမှာ သမဂ္ဂအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်၊ ရပ်တည်ခွင့်၊ လှုပ်ရှားခွင့်တွေကို စည်းကမ်းတကျ ဆောင်ရွက်သွားနိုင်ဖို့ ဆွေးနွေးတိုင်ပင် ညှိနှိုင်းသွားကြမှာပါ” ဟု ပြောသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

## ရှမ်းပြည်နယ် တာချီလိတ်မြို့ ထေရဝါဒတောင်တန်းသာသနာပြု ဗဟိုကျောင်း နာယကဆရာတော် ဘဒ္ဒန္တရေဝတ ပျံလွန်တော်မူ

**နေပြည်တော် မေ ၇**

ရှမ်းပြည်နယ် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် အနော်ရထာလမ်း ထေရဝါဒတောင်တန်းသာသနာပြု ဗဟိုကျောင်း နာယကဆရာတော် ဘဒ္ဒန္တရေဝတ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် (၈၅) နှစ် သိက္ခာတော် (၆၅ဝ) ရှိ ဆရာတော်ကြီးသည် ၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက် (မေ ၆ ရက်) သောကြာနေ့ နံနက် ၆ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေရှားပါးဒေသများသို့ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိ

**နေပြည်တော် မေ ၇**

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မေ ၄ ရက်က မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသည့်အဖွဲ့က သောက်သုံးရေ ဂါလန် ၉၀၀ ကိုလည်းကောင်း၊ မေ ၅ ရက်က မွန်ပြည်နယ် သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့တွင် နယ်မြေရဲစခန်းမှူးများ ဦးစီးသည့်အဖွဲ့က သောက်သုံးရေ ဂါလန် ၁၂၀၀ ကိုလည်းကောင်း မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ မေ ၅ ရက်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်း သောက်သုံးရေ ၂၄၇၁၄၆ ဂါလန် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်သည် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

## ကျောက်ပန်းတောင်းမြို့နယ်၌ သောက်သုံးရေခက်ခဲနေသော ကျေးရွာများသို့ ရေလှူဒါန်းလျက်ရှိ

**ကျောက်ပန်းတောင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ပူပြင်းခြောက်သွေ့သည့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သောက်သုံးရေခက်ခဲပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါကျေးရွာများသို့ ကျောက်ပန်းတောင်းမြို့နယ် ပရဟိတကွန်ရက်အဖွဲ့ဝင်များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာအဖွဲ့တို့မှ နေ့စဉ်မပြတ် သွားရောက်လှူဒါန်းလျက်ရှိရာ မေ ၅ ရက် နံနက်က ဆုံရွာကျေးရွာနှင့် ရွာလုကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေသွားရောက်လှူဒါန်းရာတွင် အိမ်ခြေ ၂၀၀ ကျော်ရှိသည့် ဆုံရွာကျေးရွာဒေသခံပြည်သူများအား ရေဂါလန် ၄၄၀၀ ကိုလည်းကောင်း၊ အိမ်ခြေ ၃၇၀ ရှိသည့် ရွာလုကျေးရွာသို့ ရေဂါလန် ၄၄၀၀ ကိုလည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ အဆိုပါ ရေလှူဒါန်းနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များမှ မြို့မိမြို့ဖများ၊ ရပ်နီး/ရပ်ဝေးမှ အလှူရှင်များက ရေသယ်ယာဉ်ဝယ်ယူနိုင်ရေးနှင့် စက်သုံးဆီဝယ်ယူနိုင်ရေးတို့အတွက် ထောက်ပံ့လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အတွင်းရှိ သောက်သုံးရေရှားပါး သောကျေးရွာများ အနက် ကွဲဖြူချောင်း၊ အောင်ဘုန်းကြီး နှင့် ကပင် ကျေးရွာများသို့ မေ ၇ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးစီးသော တပ်ဖွဲ့ဝင် များက သောက်ရေသန့်များ လှူဒါန်းစဉ်
**သန့်စင်(ပဲခူး)**

# လှိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား၊ မီးဘေးသင့်ပြည်သူများအား သက်ဆိုင်ရာက ကူညီထောက်ပံ့

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၂)ရပ်ကွက် မာလာရုံလမ်းသွယ်(၂)တွင် ယနေ့ နံနက် ၁၀ နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ရခြင်းမှာ ရန်ကုန်မြို့ လှိုင်မြို့နယ် အောင်ဓမ္မရိပ်သာ မာလာရုံ လမ်းသွယ် (၂) အမှတ်(၆၁၅) အပေါ်ထပ် သွပ်မိုးပျဉ်ကာပျဉ်ခင်း၊ အောက်ထပ် အုတ်ညှပ်တိုက်ခံနှစ်ထပ်အဆောက်အအုံ ပိုင်ရှင် ဦးအောင်အောင်ဦးနေအိမ်မှ လူတစ်ဦးတစ်ယောက်မျှမရှိဘဲ အိမ်ပိတ်ထားရာတွင် သုံးမိနစ်လျှပ်စစ်ရေနွေးအိုးကို တည်ထားရာက အပူလွန်ကဲပြီး ယနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် မီးစတင်လောင်မှုဖြစ်ကြောင်း မီးလောင်ပြင်၌ တာဝန်ထမ်းဆောင်လျက်ရှိသူ လှိုင်မီးသတ်စခန်းမှ သန္တေမီးသတ် တပ်ကြပ်ကြီး တင်မောင်မြင့်ထံမှ သိရသည်။

“မီးလောင်မှုသတင်းကို ၁၀ နာရီခွဲမှာရတယ်။ ကျွန်တော်တို့က ၁၀ နာရီ ၄၅ မိနစ်မှာ မီးထိန်းနိုင်ခဲ့တယ်။ Level 2 အဆင့်ဖြစ်လို့ မီးငြိမ်းသတ်ယာဉ် အစီး ၃၀၊ ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ လူနာတင်ယာဉ်




ငါးစီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၆၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့နှင့် အရပ်ဘက်အထောက်အကူပြုအဖွဲ့တွေ ပူးပေါင်းပြီး ငြိမ်းသတ်ရာက ၁၀ နာရီ ၄၇ မိနစ်မှာ မီးလုံးဝငြိမ်းသွားတယ်”ဟု လှိုင်မြို့နယ် မီးသတ်စခန်းမှ သန္တေမီးသတ် တပ်ကြပ်ကြီး တင်မောင်မြင့်က ပြောကြားသည်။

မီးလောင်မှုဖြစ်ရာ၌ နှစ်ထပ်အုတ်ညှပ်တိုက်ခံ နှစ်လုံး၊ သွပ်မိုးပျဉ်ကာပျဉ်ခင်းခုနစ်လုံး မီးလောင်ခံရပြီး အိမ်ထောင်စုကိုးစု အိုးမဲ့အိမ်မဲ့ဖြစ်ကာ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၂၂ ဦးတို့အား လှိုင်မြို့နယ် သမိုင်း(မရမ်းခြံ) အောင်ဓမ္မရိပ်သာကျောင်းတိုက် ဆွမ်းစားဆောင်၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း၊ မီးစတင်လောင်ကျွမ်းသော အိမ်ရှင် ဦးအောင်အောင်ဦးအား လှိုင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ခြေကိုးလုံး၊ အိမ်ထောင်စု ကိုးစု လူဦးရေ ၄၃ ဦးအား ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့်အတူ ဝန်ထမ်းများက မီးဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငွေကျပ် ၁၁ သိန်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာ သုံးရက်စာ၊ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ တစ်ထုပ်လျှင် ၂၂ မျိုးပါ Care Myanmar Family Kits အိမ်ထောင်စု ကိုးစုစာနှင့် ရေသန့် ၁၈ ကတ်၊ ခေါက်ဆွဲခြောက်လေးကာတွန်၊ စားသုံးဆီ သုံးဖာတို့ကို မီးဘေးဒုက္ခသည်များအား ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**မျိုးမင်းသိန်း(မရမ်းကုန်း)**



လှိုင်မြို့နယ် (၁၂)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်

# ရန်ကုန်စတော့အိတ်ချိန်း အိမ်နီးချင်းနိုင်ငံများထက် အောင်မြင်မှုရရှိ

**ရန်ကုန် မေ ၇**

လွန်ခဲ့သော နှစ်လကဖွင့်လှစ်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange-YSX) သည် ဖွင့်လှစ်နိုင်မှု အချိန်အားဖြင့် တိုတောင်းသော်လည်း အိမ်နီးချင်းနိုင်ငံများထက် အောင်မြင်တိုးတက်မှုများ ရရှိနေကြောင်း ရန်ကုန်စတော့အိတ်ချိန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ရန်ကုန်စတော့အိတ်ချိန်းဟာ ဖွင့်လှစ်နိုင်မှု အချိန်တိုတောင်းသော်လည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယားအစရှိတဲ့ အိမ်နီးချင်းနိုင်ငံများထက် တိုးတက်အောင်မြင်မှုတွေရရှိနေပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်း အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက မေ ၅ ရက်က ချက်ထရီယံဟိုတယ်၌ပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ ပုံနှိပ်ထုတ်လုပ်ရေး၊ သုတေသနပြုလုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Oxford Business Group (OBG) နှင့်ဗြိတိန် ကုန်သည်ကြီးများအသင်းတို့က စီစဉ်ကျင်းပသော ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်မှုနှင့် မြန်မာနိုင်ငံဘဏ္ဍာရေး အပေါ် သက်ရောက်မှုများအား ဆွေးနွေးသည့် စကားဝိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

"ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်နိုင်မှုဟာ ရန်ကုန်မြို့ရဲ့ပြောင်းလဲနေတဲ့ စီးပွားရေး ပုံရိပ်နဲ့ရင်းနှီးမြှုပ်နှံမှုကို ကိုယ်စားပြုတာပါ။ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုတွေဟာ အသိအမှတ်ပြုခဲ့တာတွေကတော့ အခုအချိန်မှာ ကနဦးအစ ပျိုးကာလတွေဖြစ်ပြီး ငွေဖြစ်လွယ်တဲ့ liquid market ကို ဖော်ဆောင်ဖို့ စိန်ခေါ်မှုတွေ ရှိနေတယ်ဆိုတာပါပဲ။ ဒါပေမယ့် ဆွေးနွေးသူတွေကတော့ ဒီစတော့အိတ်ချိန်းအနေနဲ့ ရင်းနှီးမတည်ငွေရယူနိုင်ခြင်းတွေ ခိုင်မာလာဖို့နဲ့ ပြည်တွင်းကုမ္ပဏီတွေအတွက် စာရင်းစစ်အဆင့်အတန်းတွေမြင့်တက်လာဖို့ ယုံကြည်နေကြပါတယ်"ဟု OBG မှ Editorial မန်နေဂျာ မိုက်ကယ်နက်စ်ဘစ်က ပြောသည်။

"ရန်ကုန်စတော့အိတ်ချိန်း စတင်ခြင်းဟာ မြန်မာနိုင်ငံအတွင်းမှာ အရင်းအနှီးဈေးကွက်တွေ ဖွံ့ဖြိုးလာဖို့ အရေးပါတဲ့ ခြေလှမ်းဖြစ်ပါတယ်။ ဒါပေမယ့် တန်ဖိုးသတ်မှတ်မှုလုပ်ဆောင်ချက်တွေနဲ့ ရောင်းဝယ်ရေးပလက်ဖောင်းစီမံခန့်ခွဲမှု အစရှိတဲ့ ကဏ္ဍတွေကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားသင့်ပါတယ်"ဟု Standard Chartered Bank ၏ မြန်မာနိုင်ငံ ကိုယ်စားပြုရုံး Chief Kepresentative နှင့် British Chamber ဒုတိယဥက္ကဋ္ဌ တီနာဆင်းစချာက ပြောသည်။

အဆိုပါစကားဝိုင်း ဆွေးနွေးပွဲသို့ ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌ ဒေါက်တာ စိန်မောင်၊ Thura Swiss မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာ အောင်သူရ၊ ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင် အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦး၊ FMI မှ CEO ဦးထွန်းထွန်းတို့ အပါအဝင်အများပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍများမှ အရေးပါသော ပုဂ္ဂိုလ် ၁၀၀ ကျော်တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းသည် မြန်မာ့စီးပွားရေးဘဏ် ဂျပန်နိုင်ငံမှ Daiwa Securities Group နှင့် တိုကျိုစတော့အိတ်ချိန်းလုပ်ငန်းဆောင်တာများ လုပ်ဆောင်လျက်ရှိသော ဂျပန် အိတ်ချိန်းဂရုတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပထမဆုံးအနေဖြင့်FMI က ရှယ်ယာများ စတင်ထုတ်ရောင်းခဲ့သည်။

**မြင့်မောင်စိုး**

# အသေးစား၊ အလတ်စားလုပ်ငန်းများအား ပိုမိုသော ချေးငွေများထောက်ပံ့မည်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တွန်းအားပေးဆောင်ရွက်နေရာ မြန်မာ့အာမခံလုပ်ငန်းက ရင်းနှီးငွေများပိုမိုရရှိစေရေးအတွက် ကြိုးစားပေးလျက်ရှိသည်။

SME လုပ်ငန်းများ အနေဖြင့် အာမခံပစ္စည်းတန်ဖိုးထက် ပိုမိုသော ဘဏ်ချေးငွေများ ရရှိစေရေးအတွက် CGI အစီအစဉ်ကို စတင်ခဲ့ရာ ယခုအခါ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအား စတင်၍ ငွေများထုတ်ချေးတော့မည်ဖြစ်သည်။

ထိုသို့အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာအာမခံ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ပူးပေါင်းကာ CB ဘဏ်ကလည်း ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့ စီဘီ ဘဏ်ရုံးချုပ်၌ မေ ၆ ရက်က ပြုလုပ်သော မီဒီယာရှင်းလင်းပွဲတွင် စီအီးအို ဦးကျော်လင်းက ပြောသည်။ **(အောက်ဝဲပုံ)**




မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်း တန်ဖိုးထက်ပိုမိုများပြားသော ငွေကြေးအရင်းအနှီးများကို ရရှိစေရန် CB ဘဏ်က မြန်မာ့အာမခံ၏ CGI အစီအစဉ်ဖြင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် "ကြံ့" တံဆိပ်သပိတ်ထုတ်လုပ်ရေးလုပ်ငန်းကို ပထမဆုံး ချေးငွေထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် အနာဂတ်စီးပွားရေးစီမံကိန်းများခိုင်မာမှုရှိခြင်း၊ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်အောင်ပံ့ပိုးပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ခြင်းတို့ကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အာမခံပစ္စည်းတန်ဖိုးထက် ပိုမိုသော ဘဏ်ချေးငွေများကို ထောက်ပံ့ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# လားရှိုးမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် မြို့ခံများတွေ့ဆုံဆွေးနွေး

**လားရှိုး မေ ၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ လားရှိုးမြို့ခံဌာနဆိုင်ရာများ၊ ပြည်သူများနှင့် မေ ၆ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်(၁၂)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့ လိုအပ်ချက်များရှိပါက မြို့မိမြို့ဖများအနေဖြင့် အကြံကောင်းဉာဏ်ကောင်းများပေးနိုင်ကြောင်းနှင့် လိုအပ်ချက်များ တင်ပြဆွေးနွေး အကြံပြုနိုင်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် လားရှိုးမြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအဖြစ် မြို့မဈေးကြီးဘေးပတ်လည်တွင် ယာဉ်ပိတ်ဆို့မှုကင်းရှင်းရေးအတွက် မြို့မဈေး ကုန်ဈေးတန်းအပေါ်ထပ်ကို မော်တော်ယာဉ်ရပ်နားရန်နေရာအဖြစ် အသုံးပြုခွင့်ပြုရေး၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် ဆောင်ရွက်ပေးရန်၊ ရပ်ကွက်(၁၂)ရှိ အေတီတံတားမြောက်ဘက်နေ ပြည်သူလူထုအတွက် သန့်ရှင်းသောသောက်သုံးရေရရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ မိုင်းရယ်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းများ ပြန်လည်ပြင်ဆင်ပေးရန် စသည့်အချက်များကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖများက တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လိုအပ်ချက်များကို စာရင်းဇယားများဖြင့် တိကျစွာတင်ပြသွားရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

# သီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် အခက်အခဲများဖြေရှင်းနိုင်ရေး နည်းပညာပေးသင်တန်းဖွင့်

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီးတွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် အခက်အခဲများ ဖြေရှင်းနိုင်ရေး နည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက်က ပဲခူးမြို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းသည်။

သင်တန်းတွင် အယ်နီညိုရာသီဥတုကြောင့် သီးနှံစိုက်ပျိုးမှုဆိုင်ရာ အခက်အခဲများ ဖြေရှင်းနိုင်ရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သီးနှံအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များ၊ မြေအသုံးချရေး နည်းပညာနှင့် ဥပဒေများ၊ မျိုးစေ့နည်းပညာနှင့် ဥပဒေ၊ သီးနှံကာကွယ်ရေးနည်းပညာနှင့် ဥပဒေများကို ကဏ္ဍအလိုက် ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြဝတီမြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**မြဝတီ မေ ၇**

ကရင်ပြည်နယ် မြဝတီမြို့ ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် မေ ၇ ရက်က စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများမှ အဖွဲ့ဝင်များ၊ ကုန်တင်ကုန်ချဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်း၍ မြဝတီမြို့ သံတံတားဝင်းမထသရုံး အနောက်ရှိ သောင်ရင်း မြစ်ကမ်းဘေးတွင်လည်းကောင်း၊ ချစ်ကြည်ရေးလမ်းရှိ ဂေါက်ကွင်းအနီး လမ်းဘေးဝဲယာနေရာများတွင်လည်းကောင်း အမှိုက်များကောက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြဝတီခရိုင် အုပ်ချုပ်ရေးမှူးက လာရောက် ကြည့်ရှုအားပေးခဲ့ပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ရေစီးဆင်းနေမှု အခြေအနေနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရီပတ်ဘလစ်ကန်ခေါင်းဆောင်နှစ်ဦး ထရန့်နှင့် ပေါရိုင်ယန်တို့ တွေ့ဆုံမည်

**ဝါရှင်တန် မေ ၇**

အမေရိကန်၏ ထိပ်တန်းရီပတ်ဘလစ်ကန်ခေါင်းဆောင် ပေါရိုင်ယန်နှင့် ထရန့်တို့သည် ၎င်းတို့၏ ပါတီတွင်းပေါင်းစည်းရေးကိစ္စများအတွက် လာမည့်သီတင်းပတ်ထဲတွင် တွေ့ဆုံသွားဖွယ်ရှိသည်။ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲဆိုင်ရာများကို အလေးထားဆွေးနွေးသွားမည်ဖြစ်ပြီးအခြားအကြောင်းအရာများကိုလည်း ပါဝင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ အောက်လွှတ်တော်နာယက ရိုင်ယန်သည် ရီပတ်ဘလစ်ကန်သမ္မတလောင်းဖြစ်လာနိုင်သူ ထရန့်ကို ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး Capitol Hill ၌ အခြားကွန်ဂရက်လွှတ်တော်ခေါင်းဆောင်များနှင့်လည်း ကြာသပတေးနေ့တွင်တွေ့ဆုံသွားမည်ဟု ရိုင်ယန်၏ရုံးမှ သောကြာ နေ့က သတင်းထုတ်ပြန်ခဲ့သည်။

မဲဆွယ်စည်းရုံးမှုများအတွင်း ထရန့်၏စကားစစ်ထိုးနည်းများကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ပြီး ရိုင်ယန်၏စိတ်ထဲ၌ အခြားအလေးထားစဉ်းစားဆွေးနွေးစရာများရှိနိုင်ကြောင်း နိုင်ငံရေးသမားများက လေ့လာသုံးသပ်သည်။ ၎င်း၏ ရှေ့အလားအလာနှင့်ဆိုင်သည့်ကိစ္စကို ဆွေးနွေးမည်ဖြစ်နိုင်ကြောင်း ဗာဂျီးနီးယားတက္ကသိုလ် နိုင်ငံရေးလေ့လာရေးဌာနမှ ဒါရိုက်တာ လာရီဆာဘာတိုက ပြောသည်။

အသက် ၄၆ နှစ်အရွယ်ရှိ ရိုင်ယန်သည် ၂၀၁၂ ခုနှစ်က မစ်ရွန်းနေးနှင့် ယှဉ်ပြိုင်ရာ ဒုတိယသမ္မတနေရာနှင့် လွဲခဲ့ရခြင်းဖြစ်သည်။ ရိုင်ယန်သည် ရွန်းနေးကဲ့သို့ ယခုနှစ်ရွေးကောက်ပွဲတွင် ထရန့်အနိုင်ရလိမ့်မည်ဟု သံသယရှိနေကြောင်း ဆာဘာတိုက ပြောခဲ့သည်။

သို့ဖြစ်ရာ ရိုင်ယန်အနေနှင့် အသက် ၆၉ နှစ်အရွယ်ရှိ ထရန့်ကိုလက်ခံရန် မူခြေအနေအထားတစ်ခုကို ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**





# မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှု ငါးကြိမ်မြောက် ပြင်ဆင်ဖွယ်ရှိ

**ပြုံယမ်း မေ ၇**

မြောက်ကိုရီးယားနိုင်ငံသည် မကြာမီကာလတွင် ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်နိုင်ဖွယ်ရှိကြောင်းကို နိုင်ငံ၏ နျူကလီးယားစမ်းသပ်သည့်နေရာ၏ဂြိုဟ်တုမှ ဖမ်းယူရရှိသော ဓာတ်ပုံ၊ အထောက်အထားများအရ သိရကြောင်း အမေရိကန်အခြေစိုက် ပညာရှင်အဖွဲ့အစည်းက သောကြာနေ့တွင် ပြောသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဝက်ဆိုက် ၃၈ ခုကို လေ့လာနေသော ဂျွန်ဟော့ကင်းတက္ကသိုလ်၏ နိုင်ငံတကာအရေးလေ့လာရေးသင်တန်းကျောင်း၏ပြောကြားချက်အရ မြောက်ကိုရီးယားနိုင်ငံ၌ နျူကလီးယားစမ်းသပ်သည့်နေရာတွင် ယာဉ်တန်းများသွားလာလှုပ်ရှားမှုဓာတ်ပုံများကိုတွေ့ရကြောင်း၊ ယင်းဓာတ်ပုံများသည် နျူကလီးယားစမ်းသပ်သည့် အချိန်၌သာ တွေ့မြင်ရဖွယ်ရှိကြောင်း ဆိုသည်။

ယင်းမှာ မြောက်ကိုရီးယားနိုင်ငံတွင် ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုများကို မကြာခင်အချိန်တွင် ပြုလုပ်နိုင်ဖွယ်ရှိကြောင်း လေ့လာမှုများအရ သိရသည်ဟုဖော်ပြထားသည်။ တွေ့မြင်ရသောပုံရိပ်များမှာ ကြည်လင်ပြတ်သားမှုမရှိဘဲ နျူကလီးယားစမ်းသပ်သည့် နေရာ၏တောင်ဘက်ရှိ ဌာနချုပ်သို့ ယာဉ်တန်းများသွားလာလှုပ်ရှားနေသည်ဟု ယူဆရကြောင်း ပြောခဲ့သည်။

အမေရိကန်ထိပ်တန်းအရာရှိများက မြောက်ကိုရီးယားဝက်ဆိုက်များနှင့်ပတ်သက်သည့် အစီရင်ခံစာများကို စစ်ဆေးနေပြီး ဒေသတွင်း နျူကလီးယားလျှော့ချရေးတွင် ခြိမ်းခြောက်လျက်ရှိသည့် မြောက်ကိုရီးယား၏အပြုအမူများအပေါ် ထပ်မံဝေဖန်ရှုတ်ချလျက်ရှိသည်။

**(ရိုက်တာ)**

# ဒုတိယမြောက်နေ့ ပါတီကွန်ဂရက်တွင် ကင်ဂျုံအန်း မိန့်ခွန်းပြောကြားမည်

**ပြုံယမ်း မေ ၇**

မြောက်ကိုရီးယားအလုပ်သမားပါတီကွန်ဂရက် (လွှတ်တော်အစည်းအဝေး)၏ ဒုတိယနေ့ကို စနေနေ့နံနက်ပိုင်းတွင် စတင်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၇ ရက်က ဖော်ပြခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ယင်းအစည်းအဝေး ပထမနေ့တွင် မိန့်ခွန်းပြောကြားခဲ့သည့်အတိုင်း ဒုတိယနေ့တွင်လည်း မိန့်ခွန်းပြောကြားနိုင်ရန် မျှော်လင့်ထားသည်။ ၃၆ နှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပခဲ့သော အလုပ်သမားပါတီအစည်းအဝေးကို သောကြာနေ့က မြို့တော်ပြုံယမ်းတွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ကိုယ်စားလှယ်ပေါင်း ၃၆၀၀ ကျော် တက်ရောက်ခဲ့ပြီး ၎င်းတို့ထဲတွင် ဝါရင့်ပါတီနှင့် တပ်မတော်မှအရာရှိများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

ပါတီသတင်းစာဖြစ်သော ရိုဒေါင်ဆင်မင်တွင် ကင်ဂျုံအန်း၏ အဖွင့်မိန့်ခွန်းကို ဖော်ပြထားသည်။ယင်းမိန့်ခွန်းတွင် ကင်ဂျုံအန်းအနေဖြင့် နိုင်ငံ၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုနှင့် ပတ်လမ်းထဲသို့ ဂြိုဟ်တုလွှတ်တင်နိုင်ခဲ့သည့်အတွက် မျှော်လင့်မထားနိုင်လောက်သော အောင်မြင်မှုများ ရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ကွန်ဂရက်၏ အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို ပြည်သူလူထုသို့ သတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျပန်-ရုရှားငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန် အသွင်သစ်ဖြင့် ညှိနှိုင်းမှုပြုလုပ်

**မော်စကို မေ ၇**

ဂျပန်နှင့် ရုရှားခေါင်းဆောင်များသည် ကာလရှည်ကြာ ဖြစ်ပွားနေသော အချုပ်အခြာပိုင်ဆိုင်မှုနှင့် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးရန်ကိစ္စရပ်များကို ပြန်လည်ညှိနှိုင်းမှု ပြုလုပ်ရန်အတွက် အသွင်သစ်ဖြင့် ချဉ်းကပ်ရန် သဘောတူညီခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေလ ၇ ရက်က ဖော်ပြခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် သောကြာနေ့က ရုရှားတောင်ပိုင်း အပန်းဖြေအနားယူရာ ဆိုချီတွင် တွေ့ဆုံခဲ့ကြသည်။ ထိုသို့ဆွေးနွေးမှုသည် သုံးနာရီကြာမြင့်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးစာချုပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ပြန်လည်ချဉ်းကပ်ရန်



အာဘေးက တိုက်တွန်းပြောကြားလိုက်သည်။

အချုပ်အခြာပိုင်ဆိုင်မှုများမှာ ဂျပန်လူမျိုးတို့က ဘိုးဘွားပိုင်အဖြစ် အမွေဆက်ခံထိုက်သည်ဟု ဖော်ပြထားသည့် ရုရှားတို့ထိန်းချုပ်ထားသော ကျွန်းလေးကျွန်းဖြစ်သည်။ ရုရှားတို့က ဒုတိယကမ္ဘာစစ်ပြီးနောက် ယင်းကျွန်းလေးကျွန်းကို တရားမဝင်ပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး နှစ်နိုင်ငံကြား နှစ်ပေါင်း ၇၀ အတွင်း ငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုနိုင်သေးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကုလအဖွဲ့၏ ဖွံ့ဖြိုးရေးကဏ္ဍများတွင် ငွေကြေးထောက်ပံ့ရန် တရုတ်လက်မှတ်ရေးထိုး

**ပေကျင်း မေ ၇**

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများအတွက် တစ်နှစ်တာထောက်ပံ့ရေးအဖြစ် တရုတ်ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ လက်ခံရရှိခဲ့ပြီး တရုတ်နှင့် ကုလသမဂ္ဂအဖွဲ့တို့သည် မေ ၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

စာချုပ်သစ်အရ ဖွဲ့စည်းထားသောကုလငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးယုံကြည်မှုရန်ပုံငွေအတွက် နောင်လာမည့် ၁၀ နှစ်အတွင်း တရုတ်က ကုလသို့ ဒေါ်လာသန်း ၂၀၀ ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။ ၂၀၃၀ ဖွံ့ဖြိုးရေးအကျိုးပြုအစီအစဉ်ကဲ့သို့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလိုအပ်နေသောနေရာများရှိ ကူညီထောက်ပံ့ပေးမည့် လုပ်ငန်းများတွင် ရန်ပုံငွေကို အသုံးပြုသွားမည်ဖြစ်သည်။

စာချုပ်အရ ရန်ပုံငွေနှင့်ပတ်သက်၍ ညွှန်ကြားပေးနိုင်ရန် တရုတ်နှင့် ကုလမှ သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်သော ကော်မတီတစ်ရပ်ကို ကုလသမဂ္ဂကဖွဲ့စည်းတည်ထောင်မည်ဖြစ်သည်။ ယင်းကူညီမှုသည် ကုလအဖွဲ့၏ ရည်မှန်းချက်နှင့် ဆောင်ရွက်ဖွယ်ကိစ္စများတွင်ထားရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သဘောထားကို ဖော်ညွှန်းလျက်ရှိသည်။

လွန်ခဲ့သည့်နှစ်က ကျင်းပသည့်ကုလအဖွဲ့၏ နှစ် (၇၀)ပြည့် ထိပ်သီးအစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကုလ၏လုပ်ငန်းများကို ကူညီထောက်ပံ့ပေးမည့် ၁ ဘီလီယံတန်ဖိုးရှိ တရုတ်-ကုလငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တည်ထောင်ရန် ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ကဘူးလ်ရှိ အမေရိကန်သံရုံးတွင် ပြန်ပေးဆွဲခံရမှုဖြစ်ပွားပြီး အမေရိကန်နိုင်ငံသားများကို သတိပေးချက်ထုတ်ပြန်

**ကဘူးလ် မေ ၇**

ကဘူးလ်ရှိ အမေရိကန်သံရုံးမှ ယခုသီတင်းပတ်အစောပိုင်းက အမေရိကန်နိုင်ငံသားတစ်ဦးနှင့် အခြားနိုင်ငံခြားသားများ အာဖဂန်၌ ပြန်ပေးဆွဲခံရမှုဖြစ်ပွားပြီးနောက် ကြာသပတေးနေ့တွင် အမေရိကန်နိုင်ငံသားများကို လုံခြုံရေးအရ အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

တနင်္လာနေ့က အမေရိကန်နိုင်ငံသားတစ်ဦးအပါအဝင် အခြားသူများကို ပြန်ပေးဆွဲမည်ဟု ကြိုးပမ်းမှုများရှိနေကြောင်း သတိပေးချက်ကို အမေရိကန်သံရုံးဝက်ဆိုက်တွင် ဖော်ပြ ထားသည်။ အာဖဂန်အရှေ့ပိုင်းမြို့တော် ဂျလာလာဘတ်၌ ဩစတြေးလျကူညီပေးရေးလုပ်သားတစ်ဦး ပြန်ပေးဆွဲခံရမှု ဖြစ်ပွားပြီးနောက် သတိပေးချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်၌ နိုင်ငံသားများနှင့် အခြားနိုင်ငံသားများကိုပါ ပစ်မှတ်ထား၍ ပြန်ပေးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိနေသည်။

**(ရိုက်တာ)**

# ရီပတ်ဘလစ်ကန် သမ္မတလောင်း ထရန့်အကြောင်း တစ်စေ့တစ်စောင်း

**သက်မွန်ဦး**

ရီပတ်ဘလစ်ကန်ကိုယ်စားပြု သမ္မတလောင်းယှဉ်ပြိုင်သူ ဒေါ်နယ်ထရန့်သည် မေ ၃ ရက်က ပြုလုပ်သော အင်ဒီယာနာ မဲဆွယ်စည်းရုံးပွဲ၌ အကြီးအကျယ်အောင်မြင်မှုရရှိခဲ့ပြီး ပြိုင်ဘက်ဖြစ်သူ တက်ခရုစ်ကလည်း သမ္မတလောင်းယှဉ်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။ ရီပတ်ဘလစ်ကန်ပါတီဘက်မှ အဆိုပြုခံရသူ ၎င်းတစ်ဦးသာရှိတော့ကြောင်း ကြွေးကြော်ခဲ့သည်။ မေ ၁ ရက်က ကယ်လီဖိုးနီးယားမဲဆွယ်စည်းရုံးစဉ်အတွင်း ၎င်းကိုကန့်ကွက်သူများက ဆန္ဒပြခဲ့ကြပြီး ထောက်ခံသူများနှင့်ကန့်ကွက်သူများအကြား ပဋိပက္ခများဖြစ်ပေါ်ခဲ့သည်။

လွန်ခဲ့သော ခြောက်လကျော်က လေ့လာသုံးသပ်သူများသည် ထရန့်အကြောင်းကို အတော်အတန် ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့ဘဲ ဆုတ်ယုတ်လာသော အမေရိကန်စီးပွားရေးအပေါ် ပြည်သူလူထု၏မကျေနပ်ချက်များ၊ ဝါရှင်တန်အကြောင်းကို အတွင်းသိ အစင်းသိများ ကိုယ်တိုင်က ခါးခါးသီးသီး ဆန့်ကျင်နေမှုများ မြင့်တက်လာ မှုအပေါ် လျှော့တွက်ခဲ့သည်။

ကိုယ်စားလှယ်ထရန့်ကို မနှစ်သက်သူအရေအတွက် အတော်များများရှိသလို ဟီလာရီကလင်တန်ကိုလည်း သာမန်အမေရိကန်ပြည်သူများ၏ လိုအပ်ချက်ကို နားမလည်သူ၊ ခေါင်းမာသူအဖြစ် အမေရိကန်များက ရှုမြင်ကြသည်။ ကလင်တန်သည် ၎င်း၏ပါတီအပေါ် ခပ်တည်တည်သာဆက်ဆံလေ့ရှိပြီး ထောက်ခံသူများကိုလည်း ထရန့်ကဲ့သို့ စိတ်အားတက်ကြွလာအောင် ဆွဲဆောင်စည်းရုံးနိုင်ခြင်းမရှိဟုလည်း ပြောဆိုမှုများရှိနေသည်။ ထရန့်သည် အင်ဒီယာနာနယ်၌ အောင်မြင်မှုရရှိပြီးနောက် ရီပတ်ဘလစ်ကန်ပါတီအတွက် ပြိုင်ဘက်မရှိတစ်ဦးတည်းသော ယှဉ်ပြိုင်သူ ဖြစ်လာခဲ့သည်။

ထရန့်ကို ၁၉၄၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့က နယူးယောက်မြို့တော်တွင် မွေးဖွားခဲ့သည်။ ထရန့်သည် ၁၉၆၈ ခုနှစ်တွင် ပယ်ဆယ်လ်ဗေးနီးယားတက္ကသိုလ်မှ စီးပွားရေးဘွဲ့ရရှိခဲ့ပြီးနောက် ဖခင်ဖြစ်သူ၏ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ကုမ္ပဏီကို ဦးစီးလုပ်ဆောင်ခဲ့ပြီး ထရန့်အဖွဲ့အစည်းဟု အမည်ပြောင်းလဲပေးခဲ့သည်။

ထိုအချိန်မှစ၍ ထရန့်သည် ကာစီနိုဝိုင်းများတည်ထောင်ခြင်း၊ ဂေါက်ရိုက်နည်းသင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ ဟိုတယ်လုပ်ငန်းနှင့် အခြားဇိမ်ခံပစ္စည်းဆိုင်ရာလုပ်ငန်းများကို ၎င်း၏နာမည်နှင့် ဈေးကွက်ထဲသို့ ဝင်ရောက်ထိုးဖောက်စေကာ စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်ခဲ့သည်။ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားဆောက်လုပ်ရေး စီမံကိန်းအတော်များများကိုလည်း ထရန့်နာမည်နှင့်ပင် ချဲ့ထွင်ခဲ့သည်။ ထို့ပြင် ၎င်းသည် The Apprentic ရုပ်သံအစီအစဉ် Season 14 ၌လည်း ပါဝင်သရုပ်ဆောင်သော နာမည်ကျော် တီဗွီစတားတစ်ဦးဖြစ်သည်။

ထရန့်သည် ၂၀၁၅ ခုနှစ် ဇွန်လက သမ္မတရွေးကောက်ပွဲကို နိုင်ငံရေးလောကအပြင်ဘက်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သည်။ ထရန့်၏ကြွေးကြော်မှုများတွင် ၎င်းသည် လူချမ်းသာဖြစ်သည့်အတွက် လက်ရှိနိုင်ငံ၏စီးပွားရေးကျဆင်းမှုကို အစားထိုးရန် ထရန့်သာအသင့်လျော်ဆုံးဖြစ်ကြောင်းကို ၎င်း၏မဲဆွယ်စည်းရုံးရေးဆောင်ပုဒ်အဖြစ် အမေရိကန်ကို ထပ်ပြီးအင်အားကြီးအောင်လုပ်မယ်ဟု ကြွေးကြော်စည်းရုံးခဲ့သည်။ ၂၀၁၅ခုနှစ် ဇူလိုင်လက ထရန့်၏ပိုင်ဆိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိသည်ဟု ပြောဆိုခဲ့သော်လည်း ကမ္ဘာကျော် Forbes မဂ္ဂဇင်းက ၎င်းအမှန်တကယ်ပိုင်ဆိုင်မှုမှာ ၄ ဒသမ ၅ ဘီလီယံဒေါ်လာခန့်သာ ရှိသည်ဟု ခန့်မှန်းခဲ့သည်။




သမ္မတလောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေညာပြီးချိန်၌ ထရန့်ကို မက္ကဆီကိုမှ အမေရိကန်သို့ မူးယစ်ဆေးဝါးကုန်သွယ်သူအဖြစ် ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။ အကယ်၍သာ နယူးယောက်သန်းကြွယ်သူဌေးအနေနှင့် ရွေးကောက်ခံသမ္မတဖြစ်လာခဲ့လျှင် နိုင်ငံအတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်သူ ၁၁ သန်းခန့်ကို ပြည်နှင်ဒဏ်ပေးပစ်မည်ဟု ထရန့်က မကြာခဏပြောဆိုကတိပေးခဲ့သည်။

ပြီးခဲ့သောနှစ်က ပါရီ၌အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံအတွင်း မူဆလင်များ ဝင်ရောက်မှုကို လုံးဝပိတ်ပင်မည်ဟု ဒေါသတကြီးပြောခဲ့သည်။

လက်တင်အမေရိကလူမျိုးများနှင့် မူဆလင်များ ဝင်ရောက်မှုအပေါ် တုတ်ထိုးအိုးပေါက် လူပြိန်းကြိုက် ဝေဖန်စည်းရုံးမှုများကြောင့်ပင် ရရှိသောမဲအရေအတွက်များလာခြင်းဖြစ်သည်ဟုလည်း ပြောဆို၍ မရနိုင်ပါ။ ပြီးခဲ့သော စက်တင်ဘာလက ရီပတ်ဘလစ်ကန်ပါတီတွင်း မဲဆွယ်စည်းရုံးမှု၌ ၎င်း၏ရပ်တည်မှု နေရာသည် ထိပ်ဆုံးတွင် ရှိနေခဲ့သည်။ နောက်ဆုံးရ အစစ်အမှန် မဲအရေအတွက်စာရင်း အရ ပါတီတွင်း၌ ထောက်ခံမှုမဲအရေအတွက်မှာ ၄၅ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး အိုဟိုင်းယိုးပြည်နယ်ရှိ ၎င်း၏ယှဉ်ပြိုင်ဘက် ဂျွန်ကဆစ်မှာ ၂၀ ဒသမ ၂ ရာခိုင်နှုန်းခန့်သာရှိသည်။ ဒီဇင်ဘာလက ဝါရှင်တန်ပို့စ်မှထုတ်ပြန်ခဲ့သော စစ်တမ်းများအရ ထရန့်ကို ထောက်ခံသူအများစုမှာ အမျိုးသားများ၊ လူဖြူများ၊ ပညာမဲ့ဆင်းရဲသားအမေရိကန်လူမျိုးများဖြစ်ကြောင်း သိရသည်။ ရီပတ်ဘလစ်ကန် ကိုယ်စားပြုယှဉ်ပြိုင်သူ ထရန့်သည် အိမ်ထောင် သုံးဆက်ကျဖူးခဲ့ပြီး သားသမီးငါးယောက်ဖခင်တစ်ဦးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

၂၀၁၅ခုနှစ် ဇူလိုင်လက ထရန့်၏ပိုင်ဆိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိသည်ဟု ပြောဆိုခဲ့သော်လည်း ကမ္ဘာကျော် Forbes မဂ္ဂဇင်းက ၎င်းအမှန်တကယ်ပိုင်ဆိုင်မှုမှာ ၄ ဒသမ ၅ ဘီလီယံဒေါ်လာခန့်သာ ရှိသည်ဟု ခန့်မှန်းခဲ့သည်။



## အလက်ပိုနှင့် လာတာကီမြို့တို့တွင် ရှုရှားတပ်များ ၇၂ နာရီကြာ ဖြန့်ကြက်ထားမည်

**ဒမတ်စကတ် မေ ၇**

စနေနေ့ မနက်ပိုင်း ၁ နာရီအချိန်မှစတင်၍ ဆီးရီးယားမြောက်ပိုင်း မြို့တော်အလက်ပိုနှင့် လာတာကီစီရင်စု ဒေသအတော်များများ၌ တပ်များကို ၇၂ နာရီကြာ ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောခဲ့ကြောင်း ဆီးရီးယားသတင်းဌာနဖြစ်သော SANA ကဖော်ပြထားသည်။

ဗုဒ္ဓဟူးနေ့ အစောပိုင်းကတည်းက အလက်ပိုမြို့တော် နေရာအနှံ့အပြားတွင် တပ်များ ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း သိရသည်။ဆီးရီးယားမြို့တော် အနောက်ပိုင်းတွင် မော်စကိုနှင့် ဝါရှင်တန်တို့က သဘောတူညီချက်များကို ချိုးဖောက်ပြီးတပ်များဖြန့်ချထားပြီးနောက် လာတာကီစီရင်စုမြောက်ပိုင်း၌လည်း ဧပြီ ၂၉ ရက်ကတည်းက ဖြန့်ကြက်ထားကြောင်း သိရသည်။

**(ရိုက်တာ)**

**မေ ၅ ရက်က ဆီးရီးယားရှိ အလက်ပိုမြို့၌ အဆောက်အအုံအပျက်အစီးများကြား ဒေသခံများ သွားလာလှုပ်ရှားနေသည်ကို တွေ့ရစဉ်**

# ယာဉ်မောင်းအိပ်ငိုက်ရာမှ အုတ်တံတိုင်းနှင့် ဆိုင်ကယ်ပြင်ဆိုင်တို့အားတိုက်မိ တစ်ဦးသေဆုံး

**ရေတာရှည် မေ ၇**

တောင်ငူခရိုင် ရေတာရှည်မြို့ မြောက်ဘက်အထွက် စိုက်ပျိုးရေးရုံးအနီးတွင် မေ ၇ ရက် နံနက် ၄ နာရီခွဲက ယာဉ်နောက်လိုက် မောင်းနှင်လာသည့်ယာဉ် အိပ်ငိုက်ရာမှ ကားလမ်းအရှေ့ဘက်ရှိ အုတ်နံရံနှင့် ဆိုင်ကယ်ပြင်ဆိုင်၊ လျှပ်စစ်ခာတ်တိုင်တို့ကိုတိုက်မိခဲ့ရာ ဆိုင်ကယ်ပြင်ဆိုင်အတွင်း အိပ်ပျော်နေသူတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်နောက်လိုက် ဇော်ဝင်းမောင် (၁၉ နှစ်) နွားထိုးကြီး မြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်မောင်းချမ်းမြေ့ကို (၂၄ နှစ်) မန္တလေးမြို့နေသူတို့ လိုက်ပါလာသည့် 7J/---- ၁၂ ဘီး ဟီးနိုးကုန်တင်ယာဉ်သည် ကားလမ်း မိုင်တိုင်အမှတ် ၁၉၂/၀ နှင့် ၁ အကြား စိုက်ပျိုးရေးရုံးရှေ့ အရောက် လျှပ်စစ်ခာတ်တိုင်၊ သစ်ပင်နှင့် ဆိုင်ကယ်ပြင်ဆိုင်ကိုပါ ဝင်ရောက်တိုက်မိခဲ့သည်။



ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပြင်ဆိုင်အတွင်း အိပ်ပျော်နေသော ဦးအောင်ဘိ (၅၄ နှစ်) ရွှေပြည်ကုန်းကျေးရွာနေသူမှာ သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လားရှိုးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၆ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ( ၆/၂ )တွင် သာဒင်မောင်းနှင်ပြီး သက်နိုင်ဦးနှင့် ဝင်းနီ(ခ) စိုင်းလိတ်တို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က ဗဟန်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် ဆရာစံလမ်းတွင် SWIFT မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေရာ ကျော်မင်းထွေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာရပ်ကွက် သုမင်္ဂလာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာနေ မဝေမာမာစန်းနေအိမ်အား တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့်ရှာဖွေရာ အိပ်ခန်းအတွင်းမှ မြန်မာငွေ သုံးသိန်း၊ လက်ကိုင်ဖုန်း နှစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၁၈ ပြားနှင့် အိုက်စ် ၁၂ ဒသမ ၅ ဂရမ် တို့ကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီးပေါ်ရှိ ဂျန်းရှင်းဇဝနရှေ့တွင် ဆိုင်ကယ်ဖြင့်တွေ့ရှိသူ ကျော်ဇင်သိုက်အားရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၉၀၊ မြန်မာငွေ ၁၆ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ နောင်ချိုမြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် ၈၀/၄ တွင် သူရအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို လည်းကောင်း၊ တောင်ကြီးမြို့နယ် တောင်ကြီး-ဇလဲကျေးရွာ သွားကားလမ်း မိုင်တိုင်အမှတ် (၁၀/၂) ဇလဲကျေးရွာအနီးတွင် ဦးငဲမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ၂၀၁၆ ခုနှစ် ဧပြီလအတွင်း မူးယစ်ဆေးဝါးမှုနှင့် တရားခံ ၉၂၆ ဦးအား အရေးယူနိုင်ခဲ့

**နေပြည်တော် မေ ၇**

၂၀၁၆ ခုနှစ် ဧပြီလအတွင်း တပ်မတော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စုတို့မှ ဘိန်း ၁၂ မှု(အလေးချိန် ၃၄ ဒသမ ၁၅၀၂ ကီလို)၊ ဘိန်းဖြူ ၂၃၀ မှု (အလေးချိန် ၇ ဒသမ ၆၃၀၈ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၉ မှု (၈၀၅၇၆၁ ဒသမ ၅ ပြား)၊ ဆေးခြောက် ၁၇ မှု(အလေးချိန် ၁ ဒသမ ၃၆၆၈ ကီလို)၊ ဘိန်းဆီခဲတစ်မှု (အလေးချိန် ၀ ဒသမ ၁၁၄၈ ကီလို)၊ အဆင့်နိမ့်ဘိန်း သုံးမှု (အလေးချိန် ၀ ဒသမ ၀၂၀၂ ကီလို)၊ ဘိန်းစာမှုန့် တစ်မှု(၁၄ ဒသမ ၅၈ ကီလို)၊ စိတ်ကြွအကြေမှုန့် တစ်မှု (အလေးချိန် ၀ ဒသမ ၀၀၄၇ ကီလို)၊ အိုက်စ်ခြောက်မှု (အလေးချိန် ၄၁၆ ဒသမ ၃၀၁၃ ကီလို)၊ ဘိန်းဖြူရည် နှစ်မှု(၀ ဒသမ ၁၂ လစ်တာ)၊ အက်စီတစ်အင်ဟိုက်ဒြိုဒ် တစ်မှု (၁၆ လစ်တာ)၊ ကဖင်း နှစ်မှု (အလေးချိန် ၄၄၀၀ ကီလို)၊ အက်စီတုန်း ၁၇ ဒသမ ၅ လစ်တာ၊ အရိုးမီးသွေး ၅၀ ကီလို၊ ကော့စတစ် ၄၀ ကီလို၊ Fentanyl ထိုးဆေး တစ်မှု(ပုလင်း ၇၀၀)၊ ဒိုင်ယာဇီပမ်ဆေးပြား တစ်မှု (အပြား ၃၉၀၀)၊ ဒိုင်ယာဇီပမ်ထိုးဆေး ၃၇ ပုလင်း၊ ထရာမဒေါလ်ထိုးဆေး ၅၆ ပုလင်း၊ ထရာမဒေါလ် ဆေးတောင့် ၄၂၀၊ ဗျူပရီနော်ဖင်းခြောက်ပြားနှင့် မှတ်ပုံတင်ပျက် ရှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၆၁၆ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၈၂၅ ဦး၊ အမျိုးသမီးတရားခံ ၁၀၁ ဦး၊ စုစုပေါင်း တရားခံ ၉၂၆ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ၂၀၁၆ ခုနှစ် ဧပြီလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မတော်တဆမှု ၁၆၇၄ မှုဖြစ်ပွား

**နေပြည်တော် မေ ၇**

၂၀၁၆ ခုနှစ် ဧပြီလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မတော်တဆမှု ၁၆၇၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၀၉ ဦးနှင့် ဒဏ်ရာရရှိသူ ၃၀၆၈ ဦး ရှိကြောင်း သိရသည်။

ယင်းသို့ဖြစ်ပွားရာတွင် နေပြည်တော်တွင် ယာဉ်မတော်တဆမှု ၃၉ မှု၊ ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ သေဆုံးသူ ၁၈ ဦး၊ ကချင်ပြည်နယ်တွင် ၄၄ မှု၊ ဒဏ်ရာရရှိသူ ၅၁ ဦး၊ သေဆုံးသူ ၂၁ ဦး၊ ကယားပြည်နယ်တွင် ဖြစ်ပွားမှု ရှစ်မှု၊ ဒဏ်ရာရရှိသူ ခြောက်ဦး၊ သေဆုံးသူ ငါးဦး၊ ကရင်ပြည်နယ်တွင် ဖြစ်ပွားမှု ၄၄ မှု၊ ဒဏ်ရာရရှိသူ ၁၂၀၊ သေဆုံးသူ ၁၅ ဦး၊ ချင်းပြည်နယ်တွင် ဖြစ်ပွားမှု ငါးမှု၊ ဒဏ်ရာရရှိသူ ခြောက်ဦး၊ သေဆုံးသူနှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၁၃၇ မှု၊ ဒဏ်ရာရရှိသူ ၃၀၅ ဦး၊ သေဆုံးသူ ၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၄၉ မှု၊ ဒဏ်ရာရရှိသူ ၈၁ ဦး၊ သေဆုံးသူ ၁၇ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၂၄၆ မှု၊ ဒဏ်ရာရရှိသူ ၄၄၆ ဦး၊ သေဆုံးသူ ၆၈ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၁၆၂ မှု၊ ဒဏ်ရာရရှိသူ ၃၀၇ ဦး၊ သေဆုံးသူ ၄၁ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၂၁၁ မှု၊ ဒဏ်ရာရရှိသူ ၃၁၇ ဦး၊ သေဆုံးသူ ၇၀၊ မွန်ပြည်နယ်တွင် ဖြစ်ပွားမှု ၇၉ မှု၊ ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ သေဆုံးသူ ၄၄ ဦး၊ ရခိုင်ပြည်နယ် တွင် ဖြစ်ပွားမှု ၅၀၊ ဒဏ်ရာရရှိသူ ၁၁၅ ဦး၊ သေဆုံးသူ ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၂၂၁ မှု၊ ဒဏ်ရာရရှိသူ ၂၈၀၊ သေဆုံးသူ ၅၈ ဦး ၊ ရှမ်းပြည်နယ်တွင် ဖြစ်ပွားမှု ၉၉ မှု၊ ဒဏ်ရာရရှိသူ ၁၅၉ ဦး၊ သေဆုံးသူ ၄၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဖြစ်ပွားမှု ၂၈၃ မှု၊ ဒဏ်ရာရရှိသူ ၆၀၃ ဦး၊ သေဆုံးသူ ၆၂ ဦး ရှိခဲ့သည်။

ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသော တိုင်းဒေသကြီးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး သေဆုံးသူ ၆၂ ဦးသာ ရှိခဲ့သည်။

သေဆုံးမှုအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး မတော်တဆမှုမှာ ၂၄၆ မှုရှိကာ သေဆုံးသူ ၆၈ ဦးရှိခဲ့သည်။

**သန်းဦး-လေးမျက်နှာ**

# သုံးခွမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**သုံးခွ မေ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မေ ၇ ရက် နံနက် ၁၀ နာရီခွဲက သရေတော ကျေးရွာ အနောက်ဘက် ရေမရှိသောချောင်းရိုးအတွင်း အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိကြောင်း သိရှိရသဖြင့် သက်သေများနှင့် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကိုကျော်ဆွေသိန်း (၂၃ နှစ်) သုံးခွမြို့နေသူဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။ ကိုကျော်ဆွေသိန်းအား မေ ၄ ရက်က သုံးခွမြို့မရဲစခန်း၌ လူပျောက် အမှုဖွင့်ထားသူဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကံမမြို့နယ်၌ ပိုင်ရှင်မဲ့ ကျွန်းသစ်များ သိမ်းဆည်းရမိ

**ကံမ မေ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ မေ ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း ဦးဆောင်၍ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ကံမမြို့၏အနောက်ဘက် ၁၅ မိုင်ခန့်အကွာ အလယ်ချောင်းကျေးရွာအနီး ပုသိမ်-မုံရွာ မော်တော်ကားလမ်း အနောက်ဘက်သို့ ဝင်ရောက်ရှာဖွေရာ နေရာရှစ်နေရာ၌ ၁ ဒသမ ၈ တန်ရှိသော ကျွန်းတိုင် ၁၅ လုံး၊ ၃၃ ဒသမ ၃ တန်ရှိ ကျွန်းခွဲသား ၂၇၉ ချောင်း နှင့် ၈ ဒသမ ၈၇ တန်ရှိ အခြားသစ်ခွဲသား ၆၈ ချောင်းတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ အဆိုပါသစ်များအား ကံမမြို့နယ် သပြေကိုင်းပျိုးဥယျာဉ်အတွင်း၌ သိမ်းဆည်းထားရှိပြီး သစ်တောဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**


## ရှမ်းပြည်နယ်တရားလွှတ်တော် တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဘဏ္ဍာ ရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခေါင်းစဉ်အောက်မှ မိုးမိတ်ခရိုင် တရားရုံးအဆောက်အအုံနှင့်ဆက်စပ်လုပ်ငန်းများကို ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အဆိုပါ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၅-၂၀၁၆
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၈-၆-၂၀၁၆
(ဂ) **တင်ဒါပုံစံစတင်ရမည့်နေရာ** - ရှမ်းပြည်နယ်တရားလွှတ်တော်
(ဃ) **တင်ဒါပုံစံဖွင့်မည့်ရက်** - ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့)

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ငွေကျပ် ၁၀၀၀၀ိ/- (ကျပ်တစ် သောင်းတိတိ)ဖြင့် ရှမ်းပြည်နယ်တရားလွှတ်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၂၀၂၀၀၆သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်တရားလွှတ်တော်၊ တောင်ကြီးမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ကရင်ပြည်နယ်) တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရားဝင် အသိအမှတ်ပြုလိုင်စင်ရ လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တည်နေရာ (ကရင်ပြည်နယ်)
(က) ဘားအံမြို့
(၁) ဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၃ထပ် RC 25'x 102'x 18' h Aluzic (၁)လုံး
(၂) ဝန်ထမ်းအိမ်ရာ ၂ခန်းတွဲ ၃ထပ် RC 25'x 51'x 18' h Aluzic (၃)လုံး
(ခ) ကော့ကရိတ်မြို့ ဝန်ထမ်းအိမ်ရာ ၆ခန်းတွဲ ၃ထပ် RC 25'x 153'x 18' h Aluzic (၂)လုံး
(ဂ) ဖာပွန်မြို့ ဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၃ထပ် RC 25'x 102'x 18' h Aluzic (၁)လုံး
(ဃ) သံတောင်ကြီးမြို့ ဝန်ထမ်းအိမ်ရာ ၄ခန်းတွဲ ၃ထပ် RC 25'x 102'x 18' h Aluzic (၁)လုံး
၃။ **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၉-၅-၂၀၁၆ရက် (တနင်္လာနေ့)
၄။ **တင်ဒါပိတ်မည့်ရက်** - ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)
၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၃၃၁၆**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကွမ်းခြံကုန်းမြို့နယ်၊ ဝက်ကိုက်ကျေးရွာ (အထက)တက္ကသိုလ်ဝင်တန်းမှ မောင်မင်းချစ်သူ၏ဖခင် ဦးသောင်းတင်(ခ)ဦးအေးချမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသောင်းတင်(ခ)ဦးအေးချမ်း**

## လက်ထပ်ပြီးစီးခြင်း

8028 Madison Ave APT4 Indianpolis, in 46227
USA. နေ
U Thein Tun-Daw Cho Cho Win တို့၏သား
**Maung Lay** နှင့်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊
ဘူတာ(၂)လမ်းနေ
ဦးကျော်ဟံ-ဒေါ်ခင်လှိုင်တို့၏သမီး
**မဝင်းဝင်းလှဲ့**
တို့သည် ၃-၅-၂၀၁၆ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၊ ခရိုင်တရားသူကြီး ဦးတင်ထွေးတို့၏ ရှေ့မှောက်တွင် လက်ထပ်ထိမ်းမြားပြီးဖြစ်ပါကြောင်း။

**Maung Lay-မဝင်းဝင်းလှဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9788 Toyota FXUSGRS191 S/L(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရတနာဝင်းလှိုင် 9/AHMAZA(N)025495 က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အနောက်ပိုင်း(မူလွန်) သတ္တမတန်းမှ မောင်ထွန်းလင်းအောင်နှင့်ပဥ္စမတန်း(ခ)မှ မနှင်းနှင်းဝေတို့၏ဖခင်အမည်မှန်မှာဦးအေးစန်း ၁၂/ကတန(နိုင်)၁၀၄၆၁၀ ဖြစ်ပါကြောင်း။

**ဦးအေးစန်း**

## အမည်ပြောင်း

နွားထိုးကြီးမြို့၊ (၂) ရပ်ကွက်နေ ဦးကျော်သူ၏သား မောင်သျှိုးမင်းခန့်အား မောင်ရှိုးမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိုးမင်းခန့်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2132၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**



ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေး မြို့နယ် ပုန်းထွန်ကျေးရွာအုပ်စု ပန်ပေါင်း ကျေးရွာတွင် မေ ၇ ရက် နံနက် ၇ နာရီခွဲက နေအိမ်တစ်လုံး၌ ထင်းမီးဖိုဖြင့် ထမင်းအိုးတည်ထားခဲ့ရာမှ မီးဖိုချောင်ဘေးရှိ ထရံသို့ မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း မီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။
စိုင်းဇော်လတ်(လင်းခေး)

# ဟိုင်းလပ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**ထီးချိုင့် မေ ၇**

မေ ၆ ရက် ညနေ ၄ နာရီခန့်က ထီးချိုင့်မြို့မရဲစခန်း၏ တောင်ဘက် ကိုးမိုင်ခန့် မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ် (၆၂/၆ ဖာလုံ)အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း တောင်မှမြောက်သို့ လှိုင်းထက်အောင်(၁၉ နှစ်)မောင်းကုန်းရွာ ထီးချိုင့်မြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၄က/--------- ယာဉ်နှင့် မြောက်မှ တောင်သို့ ဇော်နိုင်ဦး (၃၇ နှစ်) အင်းနက်ရွာ သာယာကုန်းအုပ်စု မန္တလေးတိုင်းဒေသကြီးနေသူမောင်းနှင်လာသည့် ဆိုင်ကယ်တို့မှာ အခင်းဖြစ်နေရာအရောက်တွင် မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့ရာ ဇော်နိုင်ဦးမှာ သေဆုံးသွားခဲ့သည်။

ယာဉ်ကိုပေါ့ဆစွာမောင်းနှင်သူ လှိုင်းထက်အောင်အား ထီးချိုင့်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်းသိရသည်။

ဦးရဲ(ကသာ)



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၂၁/၄)နှင့်(၁၂၁/၅)အကြား ကျောက်ကြီးလမ်းဆုံအကွေ့တွင် မေ ၇ ရက်က ဂေါ်ဖီထုပ်များတင်ဆောင်လာသောယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်နေမှုကို တွေ့ရစဉ်။
ခင်ကို(ကျောက်တံခါး)

# ၂၀၁၆ ခုနှစ် ဧပြီလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၁၆၇၄ မှု ဖြစ်ပွား

**နေပြည်တော် မေ ၇**

၂၀၁၆ ခုနှစ် ဧပြီလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ယာဉ်မတော်တဆမှု ၁၆၇၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၀၉ ဦးနှင့် ဒဏ်ရာရရှိသူ ၃၀၆၈ ဦးရှိကြောင်း သိရသည်။

ယင်းသို့ ဖြစ်ပွားရာတွင် နေပြည်တော်ကောင်စီနယ်မြေတွင် ယာဉ်မတော်တဆမှု ၃၉ မှု၊ ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ သေဆုံးသူ ၁၈ ဦး၊ ကချင်ပြည်နယ်တွင် ၄၄ မှု၊ ဒဏ်ရာရရှိသူ ၅၁ ဦး၊ သေဆုံးသူ ၂၁ ဦး၊ ကယားပြည်နယ်အနေဖြင့် ဖြစ်ပွားမှု ရှစ်မှု၊ ဒဏ်ရာရရှိသူ ခြောက်ဦး၊ သေဆုံးသူ ငါးဦး၊ ကရင်ပြည်နယ်အနေဖြင့် ဖြစ်ပွားမှု ၄၄ မှု၊ ဒဏ်ရာရရှိသူ ၁၂၀၊ သေဆုံးသူ ၁၅ ဦး၊ ချင်းပြည်နယ်အနေဖြင့် ဖြစ်ပွားမှု ငါးမှု ဒဏ်ရာရရှိသူခြောက်ဦး၊ သေဆုံးသူ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ဖြစ်ပွားမှု ၁၃၇ မှု၊ ဒဏ်ရာရရှိသူ ၃၀၅ ဦး၊ သေဆုံးသူ ၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ဖြစ်ပွားမှု ၄၉ မှု၊ ဒဏ်ရာရရှိသူ ၈၁ ဦး၊ သေဆုံးသူ ၁၇ ဦး၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဖြစ်ပွားမှု ၂၄၆ မှု၊ ဒဏ်ရာရရှိသူ ၄၄၆ ဦး၊ သေဆုံးသူ ၆၈ ဦး၊ မကွေးတိုင်းဒေသကြီးအနေဖြင့် ဖြစ်ပွားမှု ၁၆၂ မှု၊ ဒဏ်ရာရရှိသူ ၃၀၇ ဦး၊ သေဆုံးသူ ၄၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ဖြစ်ပွားမှု ၂၁၁ မှု၊ ဒဏ်ရာရရှိသူ ၃၁၇ ဦး၊ သေဆုံးသူ ၇၀၊ မွန်ပြည်နယ်အနေဖြင့် ဖြစ်ပွားမှု ၇၉ မှု၊ ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ သေဆုံးသူ ၄၄ ဦး၊ ရခိုင်ပြည်နယ်အနေဖြင့် ဖြစ်ပွားမှု ၅၀၊ ဒဏ်ရာရရှိသူ ၁၁၅ ဦး၊ သေဆုံးသူ ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဖြစ်ပွားမှု ၂၂၁ မှု၊ ဒဏ်ရာရရှိသူ ၂၈၀ ၊ သေဆုံးသူ ၅၈ ဦး ၊ ရှမ်းပြည်နယ် အနေဖြင့် ဖြစ်ပွားမှု ၉၉ မှု၊ ဒဏ်ရာရရှိသူ ၁၅၉ဦး၊ သေဆုံးသူ ၄၄ဦး၊ ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် ဖြစ်ပွားမှု ၂၈၃ မှု၊ ဒဏ်ရာရရှိသူ ၆၀၃ ဦး၊ သေဆုံးသူ ၆၂ ဦးရှိခဲ့သည်။

ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသော တိုင်းဒေသကြီးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး သေဆုံးသူ ၆၂ ဦးသာ ရှိခဲ့သည်။ သေဆုံးမှုအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး မတော်တဆမှုမှာ ၂၄၆ မှုရှိကာ သေဆုံးသူ ၆၈ ဦးရှိခဲ့သည်။

သန်းဦး(လေးမျက်နှာ)

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအောက်တွင်ရှိသော အခြေခံပညာ မူလတန်းဆင့်သင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရန်အတွက် ကျောင်းသုံးဗလာစာအုပ်ရိုက်နှိပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဝယ်ယူမည့်ဒါဇင်အရေအတွက်** - ၂၃၉၀၁၀ဒါဇင်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၅-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်** - ၁၃-၅-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရမည့် နေရာ** - အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေးမှူးရုံး၊ ရန်ကုန်မြို့

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေးမှူးရုံး၊ ဘတ်ဂျက်ဌာန၊ ဖုန်း-၀၁-၂၁၀၁၄၇သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိမြို့နယ် (၁၁)မြို့နယ်တွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | ကျေးလက်ကွန်ကရစ်လမ်း | ၂၂/၀.၇မိုင် |
| (ခ) | ကျေးလက်ဂဝံလမ်း | ၁/၀.၅၄မိုင် |
| (ဂ) | ကျေးလက်မြေသားလမ်း | ၁၂/၇.၂မိုင် |
| (ဃ) | ကျေးလက်ကွန်ကရစ်တံတား(ဘိုးပိုင်) | ၈စင်း |
| (င) | ကျေးလက်အုတ်ခုံခံသစ်သားတံတား | ၄စင်း |
| (စ) | ရေပြွန် | ၆စင်း |
| (ဆ) | ကျေးလက်တွင်းနက် | ၄၈တွင်း |
| (ဇ) | ကျေးလက်မြေသား/အုတ်ရေကန်နှင့် အနက်ရှိုက်ခြင်း | ၄၆ကန် |
| (ဈ) | ကျေးလက်မြေသားရေကန်ခြံစည်းရိုး | ၂၀ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၅-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းလမ်း၊ အမှတ် (၂၄၅)၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂၇-၅-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဦးစီးဌာနဖုန်း-၀၁-၉၀၁၀၆၅၀၊ ၀၁-၉၀၁၀၈၉၀၊၀၁-၉၀၁၀၈၉၁များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## မွန်ပြည်နယ်ဦးစီးမှူးရုံး
## မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မွန်ပြည်နယ် ဦးစီးမှူးရုံးအနေဖြင့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါထည့်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) (၆၀ပေ×၃၅ပေ×၂၃ပေ) RCC(၂)ထပ်အဆောက်အအုံ (ရေ၊ မီး၊ မိလ္လာအပါအဝင်)ဆောက်လုပ်ခြင်း
(ခ) (၈၇၀)ပေအုတ်တံတိုင်း အသစ်ကာရံခြင်း

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၃။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၇-၅-၂၀၁၆ရက် (သောကြာနေ့)
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
(ဃ) **ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** - ၀၅၇-၂၄၈၂၅၊ ၀၉-၄၉၈၀၅၁၉၉

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**
**မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၈၂၅၊ ၀၉-၄၉၈၀၅၁၉၉**

## ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့တွင် ခြောက်ခန်းတွဲ သုံးထပ်(၁၄၄×၂၄)ဝန်ထမ်းအိမ်ရာ (RC) တစ်လုံး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၉-၅-၂၀၁၆ရက်မှ ၈-၆-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း

၃။ **တင်ဒါရောင်းချမည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အမှတ် (၃)၊ အထက ကျောင်းအနီး၊ မရမ်းကုန်း ရပ်ကွက်၊ မော်လမြိုင်မြို့

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၇-၂၇၀၅၄၊ ၂၄၉၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်၊ အခြေခံပညာဦးစီးဌာနအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်အသီးသီးမှ အခြေခံပညာ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (၁) | ဘားအံမြို့နယ် | (၇၂) ကျောင်း | (R.C.C, Steel Structure, B.N) |
| (၂) | လှိုင်းဘွဲ့မြို့နယ် | (၃၂) ကျောင်း | (R.C.C, Steel Structure, B.N) |
| (၃) | သံတောင်မြို့နယ် | (၅၀) ကျောင်း | (R.C.C, Steel Structure, B.N) |
| (၄) | ဖာပွန်မြို့နယ် | (၁၄) ကျောင်း | (R.C.C) |
| (၅) | ကော့ကရိတ်မြို့နယ် | (၂၅) ကျောင်း | (R.C.C, Steel Structure, B.N) |
| (၆) | ကြာအင်းဆိပ်ကြီးမြို့နယ် | (၄၂) ကျောင်း | (R.C.C, Steel Structure, B.N) |
| (၇) | မြဝတီမြို့နယ် | (၉) ကျောင်း | (R.C.C, Steel Structure, B.N) |
| | စုစုပေါင်း | (၂၄၄) ကျောင်း | |

၂။ သို့ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆောက်လုပ်ရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၉-၅-၂၀၁၆ရက်
**တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက်** - ၂၄-၅-၂၀၁၆ရက်၊ ၁၆း၀၀နာရီတိတိ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၂၈သို့လည်းကောင်း၊ ကရင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၈-၂၁၁၃၃၊ ၀၅၈-၂၁၄၅၅သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကြီးကြပ်ရေးကော်မတီ**

## CLAIMS DAY NOTICE
## M.V VAN CHERRY VOY: NO(11)

Consignees of cargo carried by M.V VAN CHERRY VOY: NO(11) are here by notified that the vessel will arrive on about 9-5-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims dsay now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

GOLDEN STAR ခရီးသွားလုပ်ငန်း
❖ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၇၆၅၆ Toyota Townace CM 55 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်လှိုင် ၁၂/လမန(နိုင်)၀၃၆၃၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## အမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးကိုကို [၁၂/ကတတ(နိုင်)၀၂၁၁၁၀ ]၏သားဖြစ်သူ မောင်ဖြိုးကိုကို [၁၂/ဥကတ(နိုင်) ၁၇၆၈၁၈] သည် မိဘဆိုဆုံးမမှုကို မနာယူဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုပြီး ၎င်း၏ သဘောဆန္ဒအလျှောက် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေ ပြတ်စွန့်လွှတ် လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ် သက်သော ကိစ္စအဝဝ ကို တာဝန်ယူ ဖြေရှင်းပေး မည်မဟုတ်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးကိုကို [၁၂/ကတတ(နိုင်)၀၂၁၁၁၀ ]

## ရန်ကုန် ရှေးဟောင်းအဆောက် အအုံများရဲ့ရာဇဝင်

ရန်ကုန်မြို့ရဲ့ မျက်နှာစာတစ်ခုဖြစ်တဲ့ မဟာဗန္ဓုလပန်းခြံကြီးကို မျက်နှာမူထားသလို ရန်ကုန်မြို့လယ်ရဲ့ အချက်အချာဆူးလေစေတီတော်ရဲ့ ကပ်လျက်မှာ လေးထောင့်သဏ္ဌာန် ရိုးစင်းလှတဲ့ သုံးထပ်အဆောက်အအုံတစ်ခုကို သင်မြို့လယ်ကောင်ရောက်ရင် မြင်တွေ့နိုင်ပါတယ်။ ဆူးလေစေတီတော်ကြီးနားအရောက် မော့ကြည့်မိကြသူများပေမယ့် ဘေးကပ်လျက်က မထင်မရှား အဆောက်အအုံကိုတော့ သတိထားပြီး ကြည့်ရှုသူမရှိသလောက် နည်းပါတယ်။ ဒါပေမယ့် အဲဒီအဆောက်အအုံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၁၁ နှစ်တိတိက တည်ဆောက်ခဲ့ပြီး ယနေ့သင်မြင်နေရတဲ့အချိန်အထိ ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်နဲ့ ခေတ်စနစ်အသီးသီးတို့ကို ဖြတ်သန်းခဲ့ဖူးတဲ့ အဆောက်အအုံဆိုတာ သင်သိသွားရင်တော့ အနည်းငယ် လေ့လာကြည့်စေလိုပါတယ်။

# တစ်ခေတ်တစ်ခါက စာပေနဲ့အနုပညာရပ်ဝန်းတစ်ခု (သို့မဟုတ်) ရန်ကုန်မြို့လယ်က နှစ်တစ်ရာကျော်သက်တမ်းရင့် အဆောက်အအုံ

ဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-ရန်ကုန်ဗိသုကာလက်ရာ




ကြာမြင့်လှတဲ့ သက်တမ်းကို ပိုင်ဆိုင်ထားလို့ အဆောက်အအုံရဲ့ မူလဇာစ်မြစ် ရာဇဝင်တွေဟာ ခိုင်လုံမှုတော့ မရှိပါဘူး။ အဆောက်အအုံထဲမှာ ရိုက်နှိပ်ထားတဲ့ အချက်အလက်တွေအရ ၁၉၀၅ ခုနှစ်မှာ တည်ဆောက်ပြီးစီးတယ်ဆိုတာကတော့ အသေအချာပါပဲ။ ရန်ကုန်ဗိသုကာ ဝက်ဘ်ဆိုက်မှာတော့ အဆောက်အအုံကို ဗိသုကာပညာရှင် Thomas Swales က တည်ဆောက်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ အခြားသူတော့မဟုတ်ပါဘူး။ စိန့်ပေါလ်ကျောင်းဖြစ်တဲ့ အထက (၆) ဗိုလ်တထောင်ကို တည်ဆောက်ခဲ့သူ ဖြစ်ပါတယ်။

အဆောက်အအုံရဲ့တည်နေရာကတော့ ဆူးလေဘုရားလမ်းမကြီးနဲ့ မဟာဗန္ဓုလလမ်းထောင့်မှာတည်ရှိပြီး အမှတ် ၇၇-၉၁ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအဆောက်အအုံကြီးဟာ မူလက မြန်မာတွေအတွက် တည်ဆောက်ခဲ့ပုံတော့ ဟုတ်မယ်မထင်ပါဘူး။ သမိုင်းမှတ်တမ်းတွေအရ အိန္ဒိယလူမျိုးကုန်သည်တွေက သူတို့ရဲ့ကုန်စည်တွေကို ထိန်းသိမ်းထားရှိရာနေရာတစ်ခုဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ချိန်ကတော့ ရိုးစင်းလှတဲ့ ဒီဇိုင်းအသွင်အပြင်နဲ့ အဆောက်အအုံကြီးဟာ ဆူးလေဘုရားလမ်းပေါ်မှာ မီးသတ်အဆောက်အအုံကြီးပြီးသွားရင် အထင်ပေါ်ဆုံးအဆောက်အအုံကြီးဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ အဆောက်အအုံကြီးရဲ့ တံခါးတွေဟာ ပိတ်လျက်သားရှိနေပါတယ်။

၁၉၁၈ ခုနှစ် အရောက်မှာ အိန္ဒိယလူမျိုးထံကနေ မြန်မာသူဌေးကြီးဖြစ်တဲ့ ဦးဘညွန့်က ဝယ်ယူခဲ့တယ်လို့ သိရပြီး အချို့မှတ်တမ်းတွေမှာတော့ မြေနဲ့တိုက်ကို ငှားရမ်းတယ်လို့ ဆိုထားပါတယ်။ မည်သို့ပင်ဖြစ်စေ မြန်မာသူဌေး ဦးဘညွန့်က ထိုခေတ်ထိုအခါက ဗြိတိသျှတို့ ပိုင်ဆိုင်ထားတဲ့ ရိုးလ်ကုမ္ပဏီနဲ့ အပြိုင် နာမည်ကျော်ခဲ့တဲ့ မြန်မာတို့ရဲ့ ပထမဆုံး စတိုးဆိုင်တစ်ဆိုင်ကို အဲဒီအဆောက်အအုံကြီးမှာ ဖွင့်လှစ်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ထိုခေတ်ထိုအခါက မှတ်တမ်းတွေအရ ရိုးလ်ကုန်တိုက်မှာ လိုချင်တာအကုန်ရပေမယ့် မြန်မာလူမျိုးရောင်းတဲ့ နေရာမို့ အားပေးမှုချင်းက ဦးဘညွန့်ဆိုင်က အောက်တန်းမကျခဲ့ဘူးလို့ သိရပါတယ်။ ဦးဘညွန့်ရဲ့မိသားစုတွေဟာ အဆောက်အအုံကြီးရဲ့ အပေါ်ဆုံးထပ် ဥပစာမှာ နေထိုင်ကြပြီး အောက်ထပ်တွေမှာတော့ ကုန်တိုက်အဖြစ် စားသောက်ကုန်နဲ့ ကုန်ပစ္စည်းစုံကို ရောင်းချပေးခဲ့တယ်လို့ သိရပါတယ်။

၁၉၂၀ ပြည့်နှစ်မှာ အဲဒီအဆောက်အအုံကြီးမှာပဲ ဦးဘညွန့်က မဂ္ဂဇင်းတစ်စောင်ကို ဖြန့်ချိခဲ့ပါတယ်။ အဲဒီမဂ္ဂဇင်းဟာ မြန်မာ့စာပေသမိုင်းမှာ ပထမဆုံးထွက်ပေါ်လာခဲ့တဲ့ မဂ္ဂဇင်းတစ်စောင်ဖြစ်ပြီး အမည်ကတော့ ဒဂုံမဂ္ဂဇင်း ဖြစ်ပါတယ်။ အဲဒီတော့ စီးပွားရေးအဆောက်အအုံကနေ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ပန်းချီဆရာတွေနဲ့ နိုင်ငံရေးသမားတွေ ဝင်ထွက်သွားလာကြတဲ့ အနုပညာရပ်ဝန်းတစ်ခု ဖြစ်လာခဲ့ပါတယ်။

> **၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကို နှစ် ၁၀၀ ကျော် အဆောက်အအုံကြီးက အလူးအလဲခံခဲ့ရပြီးဆောက်လုပ်ရေး ဝန်ကြီးဌာနက အကြီးစားပြန်လည်မွမ်းမံပြင်ဆင်ပေးခဲ့လို့ ယနေ့တွေ့မြင်ရတဲ့ ပုံစံကို ပြန်လည်ရရှိတာဖြစ်ပါတယ် . . .**

> **သင်ဟာ ဆူးလေဘုရားလမ်းမကြီးပေါ် ရောက်ရှိနေချိန် စိမ်းလန်းတဲ့မြက်ခင်း၊ ခမ်းနားတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးနဲ့ အေးမြတဲ့ ရေပန်းတွေရှိရာ မဟာဗန္ဓုလပန်းခြံကြီးကို ကြည့်ငေးသလို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၁၁ နှစ်တိတိက တည်ဆောက်ထားခဲ့တဲ့ အဆောက်အအုံကိုလည်း လေ့လာသင့်**

ဒဂုံမဂ္ဂဇင်းဟာ မြန်မာပြည်သူတို့အတွက် ရသ၊အနုသုခုမနဲ့ မျိုးချစ်စိတ်တို့ကို မွေးဖွားရှင်သန်စေပြီး အားထားရာလည်း ဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ဒဂုံမဂ္ဂဇင်းကနေ စာပေလောက၊ သတင်းစာလောကနဲ့ မြန်မာစာပေ အဆင့်အတန်းသမိုင်းတွင်စေဖို့အတွက် အဖိုးမဖြတ်နိုင်တဲ့ စာရေးဆရာကောင်းတွေကိုလည်း မွေးထုတ်ပေးခဲ့တဲ့ ဘူမိနက်သန်နေရာတစ်ခု ဖြစ်ခဲ့ပါတယ်။ ဆရာကြီး ဒဂုံတာရာ၊ ဆရာကြီး ဒဂုံရွှေမျှားနဲ့ ဆရာမကြီး ဒဂုံခင်ခင်လေးတို့ဟာ ဒဂုံစာအုပ်တိုက်က မွေးထုတ်ပေးလိုက်တဲ့ ရင်နှစ်သည်းချာတွေဖြစ်သလို နောက်ပိုင်းမှာ မြန်မာစာပေလောကမှာ ယနေ့တိုင် မေ့ဖျောက်မထားနိုင်တဲ့ ဆရာသိပ္ပံမောင်ဝ၊ ဆရာပီမိုးနင်းနဲ့ စာနယ်ဇင်းလောက၊ စာပေလောကမှာ ထင်ရှားတဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ဟာလည်း ဒဂုံမဂ္ဂဇင်းနဲ့ အကျွမ်းဝင်ပတ်သက်ခဲ့သူတွေပဲဖြစ်ပါတယ်။

ဒဂုံမဂ္ဂဇင်းစတင်တည်ထောင်ပြီးလို့ ဆယ်နှစ်အကြာ ၁၉၃၀ ပြည့်နှစ်မှာ ဦးဘညွန့်ဟာ မြန်မာရုပ်ရှင်ကုမ္ပဏီ တစ်ခုကို တည်ထောင်ခဲ့ပြန်ပါတယ်။ အဲဒီကုမ္ပဏီကတော့ အေဝမ်းရုပ်ရှင်ထုတ်လုပ်ရေးပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒီအဆောက်အအုံကြီးဟာ အနုပညာရှင်တွေ ဝင်ထွက်သွားလာနေတဲ့ အောင်မြင်တဲ့ အဆောက်အအုံကြီးအဖြစ် ဂုဏ်ယူနေခဲ့မယ်ထင်ပါတယ်။ ဒုတိယကမ္ဘာစစ်ပွဲကြီးပြီးဆုံးတဲ့အခါ ဗြိတိသျှအစိုးရရဲ့ ဩဇာအာဏာရှိသူတွေက အသုံးပြုခဲ့ပြီး အစိုးရရဲ့လုပ်ငန်းဆောင်တာတွေမှာ သုံးစွဲဖို့ လျာထားခံရဖူးပါတယ်။ ဒီလိုနဲ့ မြို့လယ်ကောင်က အထင်ကရ အနုပညာရပ်ဝန်းကြီးဟာ ဗြိတိသျှတို့ ရုံးစိုက်ရာအဖြစ် ပြောင်းလဲခဲ့ပါတယ်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွေမှာလည်း အစိုးရ ရုံးစိုက်ရာအဖြစ် ဆက်လက်တည်ရှိနေခဲ့ပြီး ၁၉၇၀ ခုနှစ်ဝန်းကျင်မှာ မြန်မာ့ခရီးသွားလုပ်ငန်းရုံးကို အဆောက်အအုံကြီးမှာ ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ရုံးစိုက်ခဲ့တာ ၂၀၀၅ ခုနှစ်အရောက် နေပြည်တော်ကို ဝန်ကြီးဌာနတွေ အားလုံးမပြောင်းရွှေ့ခင် အချိန်အထိ သုံးစွဲခဲ့ပါတယ်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကို နှစ် ၁၀၀ ကျော် အဆောက်အအုံကြီးက အလူးအလဲခံစားခဲ့ရပြီး အမိုးတွေ စုတ်ပြတ်ခဲ့ကာ အဆောက်အအုံကြီးရဲ့အပေါ်ဆုံးထပ်အတော်များများလည်း ပျက်စီးခဲ့ပါတယ်။ ဒါကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အကြီးစား ပြန်လည်မွမ်းမံပြင်ဆင်ပေးခဲ့လို့ ယနေ့တွေ့မြင်ရတဲ့ ပုံစံကို ပြန်လည်ရရှိတာဖြစ်ပါတယ်။

အကယ်၍ သင်ဟာဆူးလေဘုရား လမ်းမကြီးပေါ် ရောက်ရှိနေချိန် စိမ်းလန်းတဲ့မြက်ခင်း၊ ခမ်းနားတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးနဲ့ အေးမြတဲ့ ရေပန်းတွေရှိရာ မဟာဗန္ဓုလပန်းခြံကြီးကို ကြည့်ငေးသလို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၁၁ နှစ်တိတိက တည်ဆောက်ထားခဲ့တဲ့ အဆောက်အအုံကိုလည်း လေ့လာသင့်ပါကြောင်း တိုက်တွန်းလိုက်ပါရစေ။ ။

ခ ရီး သွာ း ဆေ ာ င် း ပါ း

# သမိုင်းပုံရိပ်တွေဝေစည်တဲ့ ပြည်မြို့ဆီသို့

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**ပြည်မြို့ကို အကြိမ်ကြိမ်ဖြတ်သန်းသွားလာခဲ့ဖူးသည်။ တာဝန်ဖြင့်ခရီးထွက်တိုင်း ပြည်မြို့ဘက်ရောက်သည့်အခါ ကားပေါ်မှပင်ငေးကာ ကြည့်ရှုခဲ့ရသည်က များသည်။ မှတ်မှတ်ရရ ၁၉၉၅ ခုနှစ်ကတစ်ကြိမ် ပြည်မြို့ကို ရောက်ခဲ့ဖူးသည်။ ပြည်မြို့အနီး တောင်နဝင်းဆည်ကို လာရောက်လေ့လာခဲ့စဉ်ကဖြစ်သည်။ ပြည်မြို့တွင် တစ်ညအိပ်ပြီး နောက်နေ့စောစောပြန်ထွက်ခဲ့သဖြင့် မြို့တွင်းသို့လှည့်လည်ကြည့်ရှုလေ့လာခွင့်မရခဲ့။ ယခုတာဝန်ဖြင့် ပြည်မြို့ရောက်ခဲ့ရာ နေ့တစ်ဝက်ခန့်အချိန်ရသဖြင့် နှစ်ပေါင်းများစွာကပင်လေ့လာချင်နေသော စိတ်ဆန္ဒများပြည့်ပြီဟု အတွေးဝင်မိသည်ကအမှန်ပင်။**

နံနက် ၁၁ နာရီခန့်တွင် တာဝန်များပြီးခဲ့သဖြင့် ပြည်မြို့မှ တန်ခိုးကြီးဘုရားဖြစ်သော ရွှေဆံတော်စေတီဘက် ထွက်လာခဲ့သည်။ ပြည်မြို့သည် မြို့ကွက် ကျယ်ပြန့်လာသည့်အပြင် မြို့တွင်းကားလမ်းများကိုလည်း ကောင်းမွန်စွာပြုပြင်ထိန်းသိမ်းထားသဖြင့် သွားလာရေးအဆင်ပြေကြောင်းတွေ့ရသည်။ ပြည်မြို့က ရန်ကုန်မြို့အပြင် အခြားမြို့များသို့လည်း မော်တော်ကားလမ်း၊ ရထားလမ်းအပြင် ရေလမ်းတို့နှင့်လည်း ဆက်သွယ်သွားလာ၍ရသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောမြို့ပင်ဖြစ်သည်။

ကျွန်တော်တို့ ပြည်မြို့ ဗိုလ်ချုပ်လမ်းအတိုင်း လာရောက်ခဲ့ရာ မကြာမီ နာရီစင်ကို လှမ်းမြင်ရသည်။ နာရီစင်က နဝဒေးတံတားလမ်း၊ ဗိုလ်ချုပ်လမ်းတို့အပါအဝင် အခြားအဓိကလမ်းမများဆုံရာနေရာတွင် တည်ရှိနေသည်။ နာရီစင်ထိပ်တွင် ကြီးမားသော နာရီဒိုင်ခွက်ကြီးကို လှမ်းမြင်ရသည်။ **(အောက်ပုံ)**နာရီစင်သည်ပြည်မြို့လယ် ငါးလမ်းဆုံတွင် တည်ရှိနေပြီး ပြည်မြို့၏ အထိမ်းအမှတ်တစ်ခုသဖွယ် တည်ရှိ နေသည်။ နာရီစင်နှင့်မလှမ်းမကမ်းတွင် ရွှေဆံတော်စေတီ၏ တန်ဆောင်းမုခ်ဦးအဝင်ပေါက်ကို မြင်တွေ့ရသည်။

ကြီးမားသောခြင်္သေ့ကြီးနှစ်ကောင်ရှိသည့် တန်ဆောင်းမုခ်ဦးအဝင်ပေါက်မှတစ်ဆင့် ရွှေဆံတော်စေတီရင်ပြင်တော်ပေါ်သို့ ကျွန်တော်တို့တက်ရောက်ခဲ့ကြသည်။ ဓာတ်လှေကားဖြင့် တက်ရောက်၍ရသော်လည်း စောင်းတန်းအတိုင်းပင် ဖြည်းဖြည်းခြင်းတက်ရောက်လာခဲ့သည်။ နွေရာသီဖြစ်၍ ဘုရားဖူးညှော်သည်များနည်းပါးနေကြောင်း တွေ့ရသည်။ နွေရာသီအပူဒဏ်ပြင်းထန်မှုကြောင့်လားမသိ ရင်ပြင်တော်ပေါ်တွင်လည်း ဘုရားဖူးညှော်သည်များ ကျဲပါးလျက်ရှိသည်။

ရွှေဆံတော်ဘုရားတည်ထားကိုးကွယ်ရာ တောင်ကုန်းမှာ ရှေးအခါက သုဒဿနကုန်းတော်ဟု ခေါ်ခဲ့ကြသည်။ ရွှေဆံတော်ဘုရားကိုလည်း မြသီတင်းဘုရားဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ရွှေဆံတော်စေတီကို မြတ်စွာဘုရားပွင့်တော်မူပြီး ရှစ်နှစ်အကြာတွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ဆံတော်လေးဆူအား ဌာပနာသွင်းထားသဖြင့် ယနေ့ထက်တိုင်တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် ထင်ရှားနေခြင်းဖြစ်သည်။ ရွှေဆံတော်စေတီကိုလည်း ခေတ်အဆက်ဆက်ပြုပြင်ခဲ့ရာ ယခုအခါ ဉာဏ်တော်အမြင့် ၁၂၇ ပေရှိသည်ကို ကြည်ညိုစွာ ဖူးမြော်ခွင့်ရရှိနေခြင်းဖြစ်သည်။

ကြွေပြားများခင်းထားသော စေတီတော်ရင်ပြင်တွင် လက်ယာရစ်လှည့်ပတ်ရင်း ကြည်ညိုမိသည်။ ရွှေရောင်အတိဖြင့် ရွှေဆံတော်စေတီကား သပ္ပာယ်စရာကောင်းသည်။ အရန်စေတီများစွာကလည်း ရွှေရောင်ဝင်းပနေပြီး လာရောက် ဖူးမြော်သူများကို ကြည်ညိုသဒ္ဓါတရားစိတ်ပွားများဖြစ်ပေါ်စေသည်ဟု ကိုယ်တိုင်ခံစားရသည်။ စေတီတော်၏နေ့ရက်အလိုက် ဂြိုဟ်တိုင်များကိုလည်း ခံ့ထည်စွာပြုလုပ်ထားသဖြင့် လာရောက်ကုသိုလ်ပြုလိုသူများအတွက် အဆင်ပြေအောင် စီစဉ်ပေးထားသည်ကို တွေ့ရသည်။ စုလစ်မွမ်းချွန်များဖြင့် တည်ဆောက်ထားသော အာရုံခံတန်ဆောင်းများကလည်း ဘုရားဖူးများအတွက် သက်သောင့်သက်သာဖြင့် အာရုံပြုဖူးမြော်နိုင်ရန်တည်ရှိနေပြီး ဘုရားဖူးအချို့ကိုလည်း မြင်တွေ့ရသည်။


ပြည်မြို့ရှိ တန်ခိုးကြီးရွှေဆံတော်ဘုရားအား ဖူးတွေ့ရစဉ်

ပြည်ရွှေဆံတော်စေတီရင်ပြင်ကို လှည့်လည်လေ့လာရာ တနင်္ဂနွေထောင့်ဘက်သို့ ရောက်ရှိခဲ့သည်။ ရင်ပြင်တော်တနင်္ဂနွေထောင့်တွင် ကျောက်စာချပ်လေးချပ်ကို တွေ့ရသဖြင့် သွားရောက်ကြည့်ရှုလေ့လာမိသည်။ ကျန်စစ်သားမင်းမွန်ဘာသာဖြင့် ရေးထိုးခဲ့သော ကျောက်စာတစ်ချပ်ကို တွေ့ရသဖြင့် သမိုင်းဝင် ကျောက်စာချပ်ကိုလေ့လာကြည့်ရာ ကျန်စစ်သားမင်း၏ ဘဝဖြစ်စဉ်ကို ရေးထိုးထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပြည်ရွှေဆံတော်စေတီသည် ဆုတောင်းအဓိဋ္ဌာန်ပြုပါကပြည့်ကြောင်း ယုံကြည်မှုအပြည့်ရှိကြသဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ဘုရားဖူးများ တကူးတကလာရောက်ဖူးမြော်ဆုတောင်းကြကြောင်း သိရသည်။ ပြည်ရွှေဆံတော်စေတီကို ဦးချဖူးမြော်ပြီးနောက် ပြန်လည်ဆင်းသက်ခဲ့သည်။

မွန်းလွဲ ၁ နာရီခန့်ရှိပြီဖြစ်ရာ ထမင်းစားရန် ဗိုလ်ချုပ်လမ်းပေါ်ရှိ ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ခဲ့ကြသည်။ ထမင်းဆိုင်အတွင်းလာရောက် စားသောက်သူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ ဆိုင်အတွင်း "ယနေ့အာလူးငါးပတ် ဟင်းရမည်" ဟု ရေးသားထားသော အသိပေးဆိုင်းဘုတ်ကြောင့် ငါးပတ်ဟင်းဖြင့်မှာလိုက်ရာ မကြာမီ ထမင်းနှင့် ဟင်းများရောက်လာသည်။ ငါးပတ်သားသုံးတုံးက အရွယ်အစားကြီးသဖြင့် ရန်ကုန်တွင် နှစ်တုံးခန့်သာရနိုင်သည်ဖြစ်ရာ ဆီကျန်၊ ရေကျန်ချက်ထားသော ငါးပတ်ဟင်း၊ ပဲဟင်း၊ အသီးအရွက်ကြော်၊ ငါးပိထောင်း၊ တို့စရာ အသီးအရွက်များစုံသဖြင့် စားမြိန်လှသည်။ ပြည်မြို့ ထမင်းဆိုင်များက လက်ရာကောင်းသည်ဟု မှတ်ချက်ပြုရတော့သည်က အမှန်ပင်။

တကယ်တော့ ပြည်မြို့သည် သမိုင်းအစဉ်အလာကြီးမားသော မြို့တစ်မြို့ ဖြစ်သည်ဟု တွေးမိသည်။ ပြည်မြို့ကို ခရစ်သက္ကရာဇ် ၆၈၀ ပြည့်နှစ် စက်တင်ဘာ ၂၉ ရက်တွင် မဟာသမ္မဝတ်အမတ် သီရိစန္ဒာက စတင်တည်ထောင်ခဲ့သည်ဟု လေ့လာခဲ့ဖူးသည်။ မင်းနေပြည်တော်အဖြစ် နှစ်ပေါင်းများစွာတည်ရှိခဲ့ပြီး ဘုရင့်နောင်မင်းက ၁၅၅၂ ခုနှစ်တွင် ပြည်မြို့ကိုသိမ်းပိုက်ကာ ဘုရင်ခံအဖြစ် သတိုးဓမ္မရာဇာကို ခန့်အပ်ခဲ့သည်။ အလောင်းမင်းတရားလက်ထက်တွင် ပြည်မြို့ဝန်အဖြစ် နန္ဒရာဇာသင်္ကြန်ကို ခန့်အပ်တာဝန်ပေးခဲ့ရာ မဟာမင်းလှမင်းခေါင်ကျော်အထိ အဆက်ဆက်တာဝန်ယူခဲ့ကြသည်။ ထို့နောက် အင်းဝဘုရင်မဟာဓမ္မာရာဇာ ဓိပတိ၊ ဘိုးတော်ဘုရားလက်ထက်၊ ဘကြီးခေတ်လက်ထက်တို့တွင်လည်း မြို့သူကြီးများကို ခန့်အပ်တာဝန်ပေးခဲ့ကြကြောင်း သိရှိရသည်။ ပြည်မြို့ သမိုင်းကြောင်းရှည်လျားမှုအပေါ် အတွေးဝင်နေမှုကိုဖျက်ကာ ထမင်းဆိုင်မှ ထွက်လာခဲ့သည်။

*စာမျက်နှာ ၁၇ သို့*



**ရွှေဆံတော်ဘုရားကိုလည်း မြသီတင်းဘုရားဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ရွှေဆံတော်စေတီကို မြတ်စွာဘုရားပွင့်တော်မူပြီး ရှစ်နှစ်အကြာတွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ဆံတော်လေးဆူ အား ဌာပနာသွင်းထားသဖြင့် ယနေ့ထက်တိုင် တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် ထင်ရှားနေခြင်းဖြစ်သည်။**

*စာမျက်နှာ ၁၆ မှ*

ကျွန်တော်တို့ ပြည်မြို့ဗိုလ်ချုပ်လမ်းပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်ဘက် ရောက်ရှိခဲ့သည်။ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်လမ်းနှင့် ရန်ကုန်မှလာသော ကားလမ်းတို့ဆုံရာအဝိုင်းပေါ်တွင် တည်ဆောက်ထားသော ကြေးသွန်းဗိုလ်ချုပ်မြင်းစီးရုပ်ကို တွေ့ရသည်။

ကြေးရောင်အသွင်အပြင်ရှိသော ဗိုလ်ချုပ်မြင်းစီးရုပ်ကလမ်းဆုံအဝိုင်းပေါ်တွင် ခံ့ခံ့ထည်ထည်တည်ရှိနေကြသည်။ ညပိုင်းအလင်းရောင်ပေးနိုင်ရန် လျှပ်စစ်မီးတိုင်လေးတိုင် စိုက်ထူပေးထားသဖြင့် ညပိုင်းတွင်လည်း ဗိုလ်ချုပ်ကြေးရုပ်က အလင်းရောင်ထင်ထင်လင်းလင်းရှိနေမည်ဖြစ်သည်။ အဝိုင်းကိုပတ်ပြီး ဗိုလ်ချုပ် မြင်းစီးကြေးရုပ်ကို ကြည့်ရှုပြီးနောက်ရွှေတစ်ချောင်းလမ်းနှင့် ရတနာလမ်းထောင့်ရှိ ပြည်တက္ကသိုလ်ဘက်သို့ ကားဖြင့်သွားရောက်ခဲ့သည်။ ကျောင်းပိတ်ရက်ဖြစ်ရာ ကျောင်းသားကျောင်းသူများအသွားအလာရှင်းနေသည်။ ပြည်မြို့တွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့လည်း ဖွင့်လှစ်ထားရာ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းမှလူငယ်များ တက္ကသိုလ်ပညာကိုအဆင်ပြေစွာ လေ့လာသင်ကြားနိုင်လေသည်။

ပြည်မြို့သည် မြန်မာနိုင်ငံတွင်ပထမဆုံးရထားလမ်းဖောက်လုပ်ပြေးဆွဲခဲ့သော လမ်းပိုင်းမြို့ဖြစ်သည်။ ၁၈၇၇ ခုနှစ်က

> **ပြည်မြို့သည် မြန်မာနိုင်ငံတွင် ပထမဆုံးရထားလမ်းဖောက်လုပ်ပြေးဆွဲခဲ့သော လမ်းပိုင်းမြို့ဖြစ်သည်။ ၁၈၇၇ ခုနှစ်က ရန်ကုန်-ပြည်ရထားလမ်းကို တည်ဆောက်ပြေးဆွဲခဲ့ခြင်းဖြစ်ရာ ပြည်မြို့သည် ယခင်ကတည်းက အရေးပါသောမြို့တစ်မြို့ဖြစ်**

ရန်ကုန်-ပြည်ရထားလမ်းကို တည်ဆောက်ပြေးဆွဲခဲ့ခြင်းဖြစ်ရာ ပြည်မြို့သည် ယခင်ကတည်းက အရေးပါသော မြို့တစ်မြို့ဖြစ်ပြီး ယခုထိတိုင်အထင်ကရရပ်တည်နေသောမြို့လည်းဖြစ်သည်။ တိုင်းဒေသကြီး အနောက်ပိုင်းတွင် အစည်ကားဆုံးနှင့် ဖွံ့ဖြိုးမှုအများဆုံးမြို့လည်းဖြစ်၍ လူနေထိုင်မှုများပြီး ၂၀၁၄ ခုနှစ်စာရင်းများအရ လူဦးရေ ၁၃၄၈၆၁ ဦးရှိကြောင်း သိရသည်။

ကျွန်တော်တို့ ပြည်မြို့ ဆာဒက်ကြီးဘုရားကိုအဝေးမှ လှမ်းဖူးမြော်ရင် ပြည်မြို့အနီးသရေခေတ္တရာမြို့ဟောင်းဘက် ထွက်လာခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ခဲ့သော သရေခေတ္တရာမြို့ဟောင်းကြောင့် မြန်မာနိုင်ငံသည်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပေါများရာနိုင်ငံအဖြစ် ဂုဏ်ဆောင်နိုင်ခဲ့သလိုပြည်မြို့သည်လည်း ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းဘုရားဖူးများနှင့် လေ့လာရေးခရီးသွားများအတွက် စိတ်ဝင်စားရာမြို့ဖြစ်လာခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းမှာ ရှေးခေတ်ပျူလူမျိုးများနေထိုင်ရာ မြို့တော်ဖြစ်ပြီး မှော်ဇာ၌တည်ရှိသည်။ မှော်ဇာသည် ပြည်မြို့အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး ရန်ကုန်-ပြည်ရထားလမ်းဖြတ်သွားရာ ဘူတာမြို့လေးဖြစ်သည်။ ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ ပျူမြို့ဟောင်းဖြစ်ပြီး သမိုင်းဝင်နေရာတစ်ခုအဖြစ် မှတ်တမ်းဝင်နေသည့်မြို့လေးဖြစ်သည်။

ကျွန်တော်တို့ သရေခေတ္တရာမြို့ဟောင်းသို့ရောက်ခဲ့သည်။ ရှေးခေတ်က သရေခေတ္တရာမြို့ကို ဒွတ္တဘောင်မင်းက တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ မူလစတင်တည်ထောင်ခဲ့စဉ်က အဝန်းအဝိုင်းပုံသဏ္ဍာန်ရှိကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်ကို သတိရမိသည်။ သရေခေတ္တရာမြို့ဟောင်းကို ရှေးဟောင်းသုတေသနဌာနမှ ၁၈၈၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် တူးဖော်ခဲ့ဖူးသည်။ ထို့နောက်ပိုင်း ကျောက်စာဝန်တော်စိန်ခိုက ၁၉၀၇ ခုနှစ်တွင် ထပ်မံတူးဖော်ခဲ့ပြီးနောက်ဆက်လက်တူးဖော်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

သရေခေတ္တရာမြို့ဟောင်းအတွင်း ဘောဘောကြီးဘုရား၊ ဘဲဘဲကြီးဘုရား၊ ဘုရားမာဘုရားတို့မှာ အထင်ကရရှိပြီးမြို့ရိုးဟောင်း၊ အဆောက်အအုံပျက် အုတ်စည်းရိုးများ၊ တူးဖော် ဆဲနေရာများ၊ ပြန်လည်ထိန်းသိမ်းမှုပြုလုပ်နေသည်များကိုလည်း တွေ့ရသည်။ စက်ဘီးကိုယ်စီဖြင့် လေ့လာနေသော နိုင်ငံခြားသားအချို့ကိုတွေ့ရသဖြင့် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်



စာရင်းဝင်ပြီးနောက်ပိုင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်လာရောက်မှု တဖြည်းဖြည်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

ဘောဘောကြီးဘုရားသို့ရောက်သည့်အခါ ထူးခြားသောဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)** ဘောဘောကြီးဘုရားကို သရေခေတ္တရာပျူခေတ်ဦး အေဒီ ၅ ရာစုခန့်က တည်ခဲ့ခြင်းဖြစ်ပြီး အမြင့်ပေ ၁၅၃ ပေရှိကာ ဒွတ္တဘောင်မင်းက တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ဆလင်ဒါပုံစံ ထူးခြားသော ရှေးပျူခေတ် ဗိသုကာလက်ရာအဖြစ် မြင်တွေ့ရသည်။ ထို့နောက် ဘဲဘဲကြီးဘုရားဘက်သို့ ထွက်ခဲ့သည်။ ဘဲဘဲကြီးဘုရားကလည်း ဒီဇိုင်းတစ်မျိုးပင် အေဒီ ၁၀ ရာစုခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်သော အလှူရှင်ကို လေ့လာမိသလောက် မသိရှိရ၊ ဘဲဘဲကြီးဘုရားပုံစံက ပုဂံခေတ်လက်ရာများနှင့် ခပ်ဆင်ဆင်တူသလိုရှိသည်ဟု ခံစားရသည်။ ဆက်လက်ပြီး ဘုရားမာ ဘုရားဘက်ရောက်ခဲ့သည်။ ဒွတ္တဘောင်မင်း တည်ထားခဲ့သော ဘုရားကိုးဆူအနက် တစ်ဆူဖြစ်ပြီး အေဒီ ၅ ရာစုခန့်က တည်ထားခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ခဲ့သည်။ ပြတိုက်ပိတ်ရက်ဖြစ်သဖြင့် အတွင်းသို့ဝင်ရောက်လေ့လာခွင့်မရခဲ့။ မှော်ဇာရှိ ရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့သဖြင့် ၁၉၆၀-၆၂ ခုနှစ်များအတွင်း သရေခေတ္တရာမြို့ဟောင်းအနီး ပြတိုက်ဆောက်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ခေတ္တမျှ ကြည့်ရှုပြီးနောက် ကျွန်တော်တို့ ပြည်မြို့သို့ ပြန်လာခဲ့သည်။

ပြည်မြို့နှင့်ဝန်းကျင်က စိတ်ဝင်စားစရာ၊ သမိုင်းဖြစ်ရပ်များစွာ၊ သမိုင်းအထောက်အထားများစွာ တည်ရှိနေသည်။ ပြည်မြို့သည် နိုင်ငံကျော် စာရေးဆရာကြီး ဒဂုန်ရွှေမျှား၊ ရုပ်ရှင်မင်းသား ဦးညီပု၊ အဆိုတော်ခင်ဝမ်း၊ စာရေးဆရာ သတင်းစာဆရာဇဝနတို့၏ ဇာတိလည်းဖြစ်ရာ သတိတရနှင့် အမှတ်ရစရာများလေသည်။ အမြန်လမ်းတစ်လျှောက် ဒွတ္တဘောင်မင်း၊ သရေခေတ္တရာ၊ ပျူမြို့ပြယဉ်ကျေးမှုများကလည်း အတွေးထဲက အချိန်အတော်ကြာသည်အထိ မထွက်တော့။

# ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေးဗဟိုဌာန

## (Migrant Resource Center- MRC)

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center -MRC) များကို ဖွင့်လှစ်ရခြင်းမှာ ဒေသတွင်းအလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ရွှေ့ပြောင်းသွားလာခြင်းအတွက် အဆင့်ဆင့်ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများ၊ ဖြစ်နိုင်ခြေရှိသော ရွှေ့ပြောင်းအလုပ်သမားများ၊ သိသင့်သိထိုက်သည့် သတင်းအချက်အလက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေး၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာနေထိုင်နိုင်ရေး စသည့်ဝန်ဆောင်မှုများပေးနိုင်ရန် **ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center- MRC)**ကို ရွှေ့ပြောင်းသွားလာမှု အများဆုံးနေရာဒေသများဖြစ်သည့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်တို့တွင် International Labour Organization -ILO နှင့် ပူးပေါင်း၍လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် International Organization for Migration-IOM နှင့်ပူးပေါင်း၍ လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် လည်းကောင်း၊ ယင်းရုံးများနှင့် ပူးပေါင်း၍လည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်သည်။

အဆိုပါ Center များတွင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသောအလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏မိသားစုများအား အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း စသည့်ရွှေ့ပြောင်းသွားလာခြင်းနှင့်သက်ဆိုင်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်လိုသော မြန်မာအလုပ်သမားများအနေဖြင့် သွားရောက်ဆက်သွယ်စုံစမ်းနိုင်သည်။

### ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများ၏ ဆက်သွယ်ရန်လိပ်စာများ

၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်
အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၆၆၀၅၉၅

၂။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ် (၃၅) လမ်း၊
ရန်ကြီးအောင်လမ်းနှင့် လမ်း (၉၀) ထောင့်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း ၀၂-၂၁၁၅၀၊ ၀၉-၉၇၇၂၂၀၈၅၂

၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မကွေးမြို့
အကွက် (၁၂)၊ အမှတ် (၉) စီတာပတ်ကွင်းလမ်း၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး ဖုန်း ၀၆၃-၂၀၀၁၉

၄။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ဘားအံမြို့
အမှတ် (၃) ရပ်ကွက်၊ ဗိုလ်တဲကုန်း၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့ ကရင်ပြည်နယ် ဖုန်း ၀၅၈-၂၁၁၀၆

၅။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မော်လမြိုင်မြို့
အမှတ် (၁၇)၊ ကျိုက်သာလန်ဘုရားလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့ မွန်ပြည်နယ် ဖုန်း ၀၅၇-၂၁၁၄၅

၆။ မော်ကွမ်းဒေသဖွံ့ဖြိုးရေးအဖွဲ့၊ ခတ္တာလမ်း၊ မြို့သစ်ရပ်၊ ရပ်ကွက် (၃)၊ ကျိုင်းတုံမြို့ ရှမ်းပြည်နယ်အရှေ့ပိုင်း
ဖုန်း ၀၉-၄၉၀၃၃၄၂၃

၇။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မိတ္ထီလာမြို့
အောင်သုခလမ်း၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီး
ဖုန်း ၀၆၄-၂၃၀၄၈၊ ၀၉-၉၇၇၂၂၀၈၅၃

၈။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မြင်းခြံမြို့
အမှတ် (၁၉)၊ တိုးချဲ့ကွက်သစ်(ခ)၊ (၁၇၆/၁၇၇)၊ မြင်းခြံမြို့ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၆၆-၃၀၄၈၈၊ ၀၉-၉၇၇၂၂၀၈၅၄

၉။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ကျောက်ဆည်မြို့
အောက်ချိုင်းရပ်၊ ဆူးကုန်းအုပ်စု၊ ကျောက်ဆည်မြို့ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၆၆-၅၀၃၄၀၊၀၉-၉၇၇၂၂၀၈၅၅

၁၀။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) ထားဝယ်မြို့
ဆိပ်ကမ်းသာလမ်း၊ ဆန်ချိုးမြို့သစ်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး
ဖုန်း-၀၅၉-၂၁၀၄၂၊ ၀၉-၉၇၇၂၂၀၈၅၁

၁၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မြဝတီမြို့
အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့ ကရင်ပြည်နယ်
ဖုန်း-၀၅၉-၅၀၂၂၃

## Complaints Mechanism Center


ပြည်တွင်း/ပြည်ပ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် Complaints Mechanism Center ကို ၂၇-၆-၂၀၁၃ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း၊ ၃-၇-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး တိုင်ကြားလာသော အလုပ်သမားရေးရာကိစ္စများကို ၂၄ နာရီလက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကူညီတောင်းခံတိုင်ကြားနိုင်ပါသည်-

**နေပြည်တော်၊ Complaints Mechanism Center**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)
ဖုန်းနံပါတ် ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄

**ရန်ကုန်၊ Complaints Mechanism Center**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး)၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်၈/၁၊
နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် ၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇

# မန္တလေးက အဖျောက်ဖျက်ခံခဲ့ရတဲ့ အာဇာနည်လမ်းကို ပြန်လည်ကမ္ဗည်းတင်ပါ



မြန်မာတစ်ပြည်လုံး လူတန်းစား ပေါင်းစုံ ဆင်နွှဲခဲ့ ကြသည့် ၁၃၀၀ပြည့် အရေးတော်ပုံကြီးတွင် လမ်းပေါ်၌ ရဟန်းရှင်လူ ကျောင်းသားပြည်သူများ အကျအဆုံး များခဲ့သည့် မန္တလေး ၂၆ ဘီ လမ်းကိုလည်း အနောက် ပိုက်ကျုံး တာရိုးမှ အရှေ့မာန်အောင် ကျောင်းတိုက်အထိ အာဇာနည်လမ်းဟု မြို့လူထုက ကမ္ဗည်းမော်ကွန်းတင် သမုတ်ခဲ့

**ဆူးငှက် ▬**

***မ**န္တလေးမှာ ၂၆ဘီလမ်းကို အာဇာနည်လမ်းဟု တမြတ်တနိုးခေါ်ဝေါ် ရေးသားသုံးစွဲခဲ့ကြတာ ၁၉၃၉ခုနှစ် ကတည်းကဖြစ်သည်။ တကယ်တော့ နာမည်တစ်ခုသည် ဦးဖွမန်းရုံဖြင့် ချက်ချင်းလက်ငင်းပြောင်းလဲသွားတာမျိုးမဟုတ်။ သမိုင်းရှိရမည်။ အဖြစ်အပျက်ရှိရမည်။ ဇာပွတ်ရှိရမည်။ ၂၆ဘီလမ်းကို အာဇာနည်လမ်းဟု သုံးစွဲခေါ်ဝေါ်ခဲ့ကြခြင်းက လမ်းညွှန်ဆိုင်းဘုတ်မှာ ပါရှိလို့မဟုတ်။ အမိန့်ကြေညာစာထုတ်ပြန်၍ သုံးစွဲခိုင်းလို့မဟုတ်။*

ပြည်သူလူထုအများစုက နှလုံးသားထဲမှ ထွက်ပေါ်လာသော ခံစားချက်ဖြင့် မည်သူမျှမတိုင်ပင်ရဘဲ မည်သူတစ်ဦးတစ်ယောက်၏ သြဇာအာဏာမပါဘဲ သတ်မှတ်သုံးစွဲခဲ့ကြခြင်းဖြစ်သည်။

ထိုစဉ်က အင်္ဂလိပ်လက်အောက်ကျွန်သဘောက်ဘဝ...။ မန္တလေးရတနာပုံ နေပြည်တော်မှာ ကိုယ့်အရှင်ကိုယ့် သခင်ကို ကြက်ကလေး၊ ငှက်ကလေးများသဖွယ် ဖမ်းဆီးခေါ်ဆောင်ပြီး သူ့ကျွန်ဘဝရောက်ခဲ့ရသည့် နှစ်ငါးဆယ်နီးပါး ကြာမြင့်ကာလအချိန်ဖြစ်သည်။ အောက်မြန်မာနိုင်ငံမှာတော့ သည်ကာလထက် နှစ်ဆနီးပါး ရှည်ကြာနေပြီပေ့ါ။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆိုပါမူ လွတ်လပ်ရေးအတွက် စိတ်ဓာတ်နှင့်သွေးသားတွေ ဆူပွက်နေချိန်ဟု ဆိုရပေမည်။ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်အချိန်ကာလသည် ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲအတွက် တစ်စုံတစ်ရာ စိန်ခေါ်မှုဖြစ်နေသည်။

အမှတ်ရဖွယ်တစ်ခုကတော့ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ လူထုအုံကြွမှုများကို ဖြိုခွင်းရန်အတွက် မန္တလေးတွင် တားဆီးကန့်သတ်မှုများ ထုတ်ပြန်သောအခါ စီးပွားရေးအချက်အချာ ဈေးချိုတော်က သပိတ်မှောက်ပြီး အိမ်တော်ရာ ဘုရားဝင်း၌ ၁၉၅၅ခု နိုဝင်ဘာလ ၁၈ ရက်နေ့မှစပြီး ဘုရားဈေးဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။ ထိုသမိုင်းကို မြို့မငြိမ်းက သည်လို မှတ်တမ်းတင်ခဲ့သည်။

**'လက်ဆယ်ဖြာစုံညီ ....**
**တင်ထိပ်ဦး ဖူးခဲ့သည်**
**မှတ်မိကြသေးရဲ့လား၊**
**မေးစမ်းချင်သည်**
**လေပြည်ဆော်ကာ ... ညောင်ရွက်သံ တရှဲရှဲ**
**ဆည်းလည်းသံ ညံ့စီစီ ...**
**တွေးမိပြီ ... တွေးမိပြီ ...**
**လောကရုံသီ အိမ်တော်ရာစေတီ**
**ဘုရားဈေး ပြေးလို့မြင်ယောင်သည်**
**တို့ဂုဏ်ရောင်ပြောင်ပြောင် ...**
**စည်းလုံးရေးကြောင့် အောင်ပေသည်' ...တဲ့...။**

အိမ်တော်ရာ ၁၄ခန်းဇရပ်၏ အထင်ရှားဆုံးတစ်ခုမှာ မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှု သမိုင်းတွင် အထင်ကရဖြစ်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံကာလက အုပ်စိုးသူ အစိုးရ၏ မတရား ဖိနှိပ်မှုများကို ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့ တစည်းတလုံးတည်း ဆန့်ကျင်ရန်အတွက် ၁၃၀၀ ပြည့် တပို့တွဲလဆုတ် ၆ ရက် (၉-၂-၁၉၃၉) နေ့တွင် အိမ်တော်ရာ ၁၄ ခန်းဇရပ်၌ မြို့လုံးကျွတ် စုစည်းခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် စာမျက်နှာဖွင့်ခဲ့ရသည့် အာဇာနည် ၁၇ ဦး အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည့် ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၆ ရက် (၁၉၃၉၊ ဖေဖော်ဝါရီ ၉ ရက်) ကြာသပတေးနေ့တွင် မန္တလေးအနောက်ပြင် မဟာလောကရံသီ အိမ်တော်ရာစေတီပရိဝုဏ်အတွင်းရှိ ၁၄ခန်းဇရပ်ကြီး၌ ရဟန်းပြည်သူ ကျောင်းသား ရှင်လူနှစ်သောင်း ကျော်စုဝေးခဲ့ကြသည်။ ထိုအစည်းအဝေးကြီးက ဝတ္တက မြေပေါ် ဖိနှိပ်စီးနင်းခြင်းမပြုရေး၊ ရန်ကုန်ကျောင်းသားအရေးတော်ပုံတွင် ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ကျဆုံးခြင်းနှင့် ကျောင်းသားကျောင်းသူများ ဒဏ်ရာရရှိခြင်းတို့ကို အရေးယူဆောင်ရွက်ပေးရေး၊ အုပ်စိုးသူ အင်္ဂလိပ်အစိုးရ၏ တင်းကျပ်သော အုပ်ချုပ်ရေးကို တိုက်ဖျက်ပေးရေးတို့အတွက် ထိုစဉ်ကထုတ်ပြန်ထားသည့် ပုဒ်မ၁၄၄ကိုပင် ဆန့်ကျင်၍ စည်းကမ်း သေဝပ်စွာ လှည့်လည်လမ်းလျှောက် ဆန္ဒပြကြရေး အဆိုတင်သွင်းခဲ့သည်။

ထို့ကြောင့် နောက်တစ်ရက် ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်) နံနက်တွင်လည်း အိမ်တော်ရာ ၁၄ ခန်းဇရပ်၌ ထပ်မံစုဝေးကြပြီး နေ့ခင်း နှစ်နာရီအချိန်တွင် နံနက်ခင်းနှစ်နာရီအချိန်တွင် ၂၆ဘီလမ်းအတိုင်း အရှေ့သို့ သုံးရောင်ခြယ်အလံများကိုင်၍ စီတန်းလှည့်လည်ခဲ့ကြသည်။ ဦးတည်ချီတက်သည့်နေရာက အရှေ့ပုလိပ်ရုံးကြီး (ယခုစည်ပင်သာယာရေးရုံး)သို့ ဖြစ်၏။ ချီတက်လာသည့် လူစုလူဝေးကြီးကို ယခု ၂၆ ဘီလမ်းနှင့် လမ်း၈၀ထောင့်ရှိ ထိုစဉ်ကကြေးနန်းရုံထပ်မှ ပုလိပ်တပ်ဖွဲ့က တားဆီး၍ ပစ်ခတ်ခဲ့သည်။ ထို့နောက် ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ အင်ပီရီယယ် ဘဏ်ရှေ့တွင် တစ်ကြိမ်၊ ၈၂လမ်းနှင့် ၈၃လမ်းကြား ရိုးကမ္ဗဏီ ရှေ့တွင်တစ်ကြိမ် ထပ်မံပစ်ခတ်လူစုခွဲခဲ့ပြန်သည်။ ထို့ကြောင့် ရဟန်းတော်ခုနစ်ပါး၊ ကျောင်းသားနှင့်အရပ်သား ၁၀ ဦး ကျဆုံးခဲ့ရသည်။

တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ပါဝင်ဆင်နွှဲခဲ့ကြသော အရေးတော်ပုံမို့ ကိုယ့်မျက်စိရှေ့မှောက်တွင် ကျဆုံးခဲ့ရသော အာဇာနည်၁၇ဦးအတွက် မြို့လူထုက ကြီးကျယ်ခမ်းနားသည့် ဈာပနကိုလည်း ၁၄ ခန်း ဇရပ်ကြီးတွင် အသုဘရှုပြင်ဆင် အလေးပြုခဲ့ကြသည်။ ထို့ကြောင့် မန္တလေးတွင် အစဉ်အဆက် မွေးဖွားကြီးပြင်းလာကြသူတိုင်းက မန္တလေးမြို့၏ ၁၃၀၀ ရာပြည့် အရေးတော်ပုံ အဖြစ်အပျက်ကို ရုပ်ရှင် ဇာတ်လမ်းသဖွယ် အစဉ်အဆက် လက်ဆင့်ကမ်းပြောဆိုမှတ်သား အမွေပေးခဲ့သည်။ မန္တလေးတောင်ခြေရှိ ရဟန်းပျိုများ အဖွဲ့ချုပ်တည်ရှိရာ ဦးခန္တီပြတိုက်တွင်လည်း ထိုစဉ်က အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည့် ဓာတ်ပုံများ၊ သတင်းစာဖြတ်ပိုင်းများ၊ အသုံးပြုကြသည့် အလံများကိုပင် သိမ်းဆည်းပြသထားသည်။

တကယ်တော့ ထိုသမိုင်းက တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားနိုင်ငံရေးသမိုင်းကြီးဖြစ်သည်။ မြန်မာတစ်ပြည်လုံး လူတန်းစားပေါင်းစုံ ဆင်နွှဲခဲ့ကြသည့် ၁၃၀၀ပြည့် အရေးတော်ပုံကြီးတွင် လမ်းပေါ်၌ ရဟန်းရှင်လူ ကျောင်းသား ပြည်သူများ အကျအဆုံးများခဲ့သည့် မန္တလေး ၂၆ ဘီ လမ်းကိုလည်း အနောက် ပိုက်ကျုံးတာရိုးမှ အရှေ့မာန်အောင်ကျောင်းတိုက်အထိ အာဇာနည်လမ်းဟု မြို့လူထုက ကမ္ဗည်းမော်ကွန်းတင် သမုတ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းလည်း အစိုးရအသီးသီးက အသိအမှတ်ပြုကာ တရားဝင် ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းက ဖြစ်ထွန်းခဲ့သည့် အာဇာနည်လမ်းဟူသော အမည်နာမသည်လည်း အမျိုးသားနိုင်ငံရေး၏ အမှတ်လက္ခဏာ တစ်ခုပင်ဖြစ်သည်။ မမေ့ပျောက်၊ မဖျောက်ဖျက်၊လျစ်လျူရှုခြင်းမပြုတန်ရာ။

အာဇာနည်လမ်းဟု တစ်လျှောက်လုံး တခုတ်တရ သုံးစွဲခဲ့ကြသည့် နှစ်ကာလများကတော့ အတော်ရှည်ကြာသည်။ မှတ်မှတ်ရရ ထိုလမ်းတစ်လျှောက်ရှိ လမ်းထောင့်တိုင်းက လမ်းညွှန်ဆိုင်းဘုတ်တွေမှာ အာဇာနည်လမ်းဟု ကျကျနန ရေးသားလမ်းညွှန်ခဲ့သည်က ကာလရှည်ကြီးတစ်ခုအဖြစ် ရှိခဲ့ဖူးသည်။

၁၉၉၀ ဝန်းကျင်ကာလမှာတော့ ၂၆ဘီလမ်းကို အာဇာနည်လမ်းဟု နှလုံးသားထဲတွင် စွဲထင်နေသော မြို့လူထု၏ သဘောထားကိုဆန့်ကျင်မျက်ကွယ်ပြုပြီး ဘုရင့်နောင်လမ်းဟု ဆိုင်းဘုတ်လမ်းညွှန်တွေနှင့်ပင် အဓမ္မအမည်သမုတ်ခဲ့ဖူးသည်။ ဒါပေမယ့် ဘယ်သူမှ စွဲစွဲလမ်းလမ်း မခေါ်ဝေါ်မသုံးစွဲခဲ့။ အမည်မတွင်ခဲ့။ တကယ်တော့ သမိုင်းက ထိုက်တန်စွာ ပေးအပ်ခဲ့သော ကမ္ဗည်းကို မည်သူမျှ အဓမ္မနည်းဖြင့် ပယ်ဖျက်လို့မရ။

အခုတော့ ၂၆ဘီလမ်းကို အာဇာနည်လမ်းဟု သိသူများ ပျောက်သလောက်ဖြစ်သွားပြီ။ လွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ့်ခြောက်နှစ်က အဖြစ်အပျက်ဆိုတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ကြတာပေ့ါ။

အခု ပြည်သူလူထုက ရွေးချယ်ခဲ့သော ပြည်သူ့အစိုးရက ၂၆ဘီလမ်းကို **"အာဇာနည်လမ်း"** ဟု မမေ့မလျော့ ပြန်လည်သုံးနှုန်းရေးသားပြောဆို ကမ္ဗည်းတင်ဖို့ အခါကောင်းအခွင့်ကောင်းပင် မဟုတ်ပါလား။ အလားတူ ဈေးချိုတော်နှင့် ဘုရားကြီးစာတိုက်ကွေ့ကို ဆက်သွယ်ထားသည့် အထင်ကရ ၄၄လမ်းမကြီးကိုလည်း လွတ်လပ်ရေးရသည်မှသည် ၁၉၉၀ ဝန်းကျင်ကာလအထိ ခေါ်ဝေါ်သုံးစွဲခဲ့သည့် **"ဗိုလ်ချုပ်အောင်ဆန်းလမ်း"** ဟု ပြန်လည်၍ တရားဝင် မသုံးစွဲသင့်ပေဘူးလား။



မြန်မာ့ရိုးရာအားကစား

# မျိုးဆက်သစ်ကြယ်ပွင့်များမွေးထုတ်ပေးနိုင်တော့မည့် အထက်မြန်မာပြည်မှပထမဆုံးရိုးရာခြင်းလုံးသင်တန်းကျောင်းကြီး

သတင်းဆောင်းပါး-
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**မြန်မာ့ခြင်းလုံး ဖွံ့ဖြိုးတိုးတက်စေရန် နှင့် မျိုးဆက်သစ်များပေါ်ထွန်းစေရန် ပထမဦးဆုံးရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်းကြီးကိုအထက်မြန်မာပြည်၌ စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။ အဆိုပါသင်တန်းကျောင်းကြီးကို မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အကုန်အကျခံကာ မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ် လေယာဉ်ကွင်းအနီးနှင့် အဝေးပြေးလမ်းမကြီးဘေးမြေလေးဧကပေါ်တွင် မြန်မာငွေကျပ် သိန်းပေါင်း ၅၀၀၀ ကျော် အကုန်အကျခံကာမြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တည်ဆောက်နေခြင်းဖြစ်သည်။**


မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်

"ကျွန်တော့်အနေနဲ့ ဒီသင်တန်းကျောင်းကို တည်ဆောက်ရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာ့အားကစားဟာ နှစ်ပေါင်း ၅၀ အကြာမှာ အာရှထိပ်တန်းအဆင့်ထိရှိခဲ့တယ်။ ခုနောက်ပိုင်း ထိပ်တန်းအဆင့်နဲ့ ဝေးကွာသွားတဲ့အကြောင်းရင်းကို သုံးသပ်ကြည့်လိုက်တော့ ကျွန်တော်တို့ဆီမှာ မျိုးဆက်သစ် မွေးထုတ်ပေးမှုအားနည်းတယ်။ ထွက်လာတဲ့ မျိုးဆက်သစ်ကိုလည်းအာမခံချက်ပေးနိုင်ဖို့ လိုတယ်။ အခြားနိုင်ငံတွေကို ကြည့်ရင် သိနိုင်တယ်။ ခုဆိုရင် ရိုးရာခြင်းလုံးကိုအာရှအဆင့်အထိအောင်မြင်စွာထိုးဖောက်နိုင်ခဲ့ပြီ။ အဲဒီအောင်မြင်မှုကို ဆက်လက်သယ်ဆောင်နိုင်ဖို့အတွက်က မျိုးဆက်သစ် လိုအပ်တယ်။ နိုင်ငံတစ်နိုင်ငံမှာ မျိုးဆက်သစ်ကအားကစားမှ မဟုတ်ဘူး ဘက်ပေါင်းစုံက မျိုးဆက်သစ်တွေ လိုအပ်ပါတယ်။ နိုင်ငံရေးဆိုလည်းနိုင်ငံရေးအလျောက်၊ ကျန်းမာရေးဆိုလည်းကျန်းမာရေးအလျောက်လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ်ကိုင်တွယ်တဲ့ ဒီခြင်းလုံးဘက်က မျိုးဆက်သစ်ကို တိုင်းပြည်အတွက် အတတ်နိုင်ဆုံးမွေးထုတ်ပေးသွားမှာဖြစ်ပါတယ်"ဟု အာရှ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်ကခြင်းလုံးနှင့် ပိုက်ကျော်ခြင်း သင်တန်းကျောင်းကို ပထမဦးဆုံး တည်ဆောက်အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ပြောသည်။

အထက်မြန်မာပြည် မန္တလေးတွင် ယခုအကောင်အထည်ဖော်တည်ဆောက်နေသည့် မြန်မာနိုင်ငံ၌ ပထမဦးဆုံးရိုးရာခြင်းလုံးနှင့်ပိုက်ကျော်ခြင်းသင်တန်းကျောင်းကြီး တည်ဆောက်မှုစီမံကိန်းတွင် ယခုလက်ရှိအခြေအနေ၌ သင်တန်းနည်းပြနှင့် ဆရာ ဆရာမများအတွက် နားနေဆောင်များ တည်ဆောက်ပြီးစီးလျက်ရှိကာ ရိုးရာခြင်းလုံးသင်တန်းကျောင်းနှင့် ပိုက်ကျော်ခြင်း သင်တန်းကျောင်းတို့ကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ အဆိုပါသင်တန်းကျောင်းဒီဇိုင်းပုံစံများကိုစင်ကာပူဒီဇိုင်းပညာရှင်များဖြင့် ရေးဆွဲထားဖြစ်ကြောင်း သိရသည်။ သင်တန်းကျောင်းပရိဝုဏ်အတွင်း အထောက်အကူပြုနိုင်မည့် ဟိုတယ်နှင့်စားသောက်ဆိုင်များကိုလည်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကျောင်းတွေနဲ့မြေနေရာတွေကို အဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့ အကုန်အကျခံတည် ဆောက်တယ်ဆိုပေမယ့် နောင်အနာဂတ် ရိုးရာခြင်းလုံး အားကစားဖွံ့ဖြိုးစေဖို့ အဖွဲ့ချုပ်ကိုဆက်လက်လှူဒါန်းသွားမှာပါ။ ကျွန်တော့်တစ်သက် တာမက နောင်လာနောက်သားတွေလက်ဆင့်ကမ်းလွှဲပြောင်းနိုင်ဖို့အထိ ရည်ရွယ်ထားပါတယ်။ အဲဒီအတွက် စိတ်ကူးထားတာကတော့ ဒီဝင်းထဲမှာ သင်တန်းကျောင်းတွေဆောက်မယ်။ ပြီးတော့ သင်တန်းသားတွေအတွက် အကူအညီအထောက်အပံ့ ဖြစ်စေမယ့် ဟိုတယ်နဲ့ စားသောက်ဆိုင်တွေလည်းတည်ဆောက် သွားမယ်။ အဲဒီကရတဲ့ ဝင်ငွေတွေကို သင်တန်းသားတွေအတွက် ဘက်စုံသုံးအဖြစ် အသုံးပြုသွားမှာဖြစ်တယ်။ ဒါမှဒီသင်တန်း ကျောင်းက ရေရှည်ရပ်တည်နိုင်ပြီး နောင်လာနောက်သားတွေအထိ လက်ဆင့်ကမ်းသယ်ဆောင်နိုင်မှာဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌက နောင်အနာဂတ်စီမံချက်နှင့်ပတ်သက်၍ ပြောသည်။

အဆိုပါသင်တန်းကျောင်းမှ နိုင်ငံတစ်ဝန်း ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းမျိုးဆက်သစ်များ ပေါ်ထွန်းစေရေးအတွက် ကနဦးနှစ်တွင် သင်တန်းသား အမျိုးသား အမျိုးသမီး ၅၀ ကို စတင်လက်ခံမည်ဖြစ်ပြီး နောက်နှစ်များတွင် နှစ်စဉ် မျိုးဆက်သစ် ၁၀၀ အထိခေါ်ယူသင်ကြားပေးနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်းသိရသည်။ မျိုးဆက်သစ်မွေးမြူရာတွင်လည်း ရိုးရာခြင်းလုံးအတွက် ပြည်တွင်းမှ ခြင်းလုံးပညာရှင်များနှင့် လက်ရွေးစင်ဟောင်းများကို နည်းပြများအဖြစ် ခန့်အပ်သွားမည်ဖြစ်သည့်အပြင် ပိုက်ကျော်ခြင်းအတွက်လည်း အရှေ့တောင်အာရှတွင် ထိပ်တန်းအဆင့်ရှိသည့် ထိုင်းနိုင်ငံမှ နည်းပြများကို ခေါ်ယူလေ့ကျင့်သင်ကြားပေးရန် စီစဉ်လျက်ရှိသည်။ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါသင်တန်းကျောင်းကြီးကို ယခုနှစ်ကုန်ပိုင်းတွင်အပြီးတည်ဆောက်မည်ဖြစ်ကာသင်တန်းကျောင်းကြီးပြီးစီးသည်နှင့် နိုင်ငံတစ်ဝန်း သင်တန်းသားများကို ခေါ်ယူသင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကျောင်းများသို့ တက်ရောက်မည့် သင်တန်းသားများအနေဖြင့်လည်း သင်တန်းတက်ရာတွင် နေထိုင်စားသောက်စရိတ်အပြင် ယူနီဖောင်းဝတ်စုံပါအဖွဲ့ချုပ်က အခမဲ့ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


သင်တန်းကျောင်းနည်းပြများ နားနေဆောင်ကို တွေ့ရစဉ်

"မြန်မာနိုင်ငံအနေနဲ့ ရှေးယခင်ကတည်းကမရှိခဲ့တဲ့ အခုလို ခြင်းလုံးသင်တန်းကျောင်းကြီးကို ဥက္ကဋ္ဌအနေနဲ့ တည်ဆောက် အကောင်အထည်ဖော်ပေးမယ်ဆိုတော့ ကျွန်တော် အတိုင်းမသိ ဝမ်းသာပါတယ်။ ဥက္ကဋ္ဌကြီးရဲ့သက်တမ်းမှာလည်း ခြင်းလုံး သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့တာလို့ ပြောရမှာပါ။ အခုလည်း ရိုးရာခြင်းလုံးကိုဆီးဂိမ်းပြိုင်ပွဲတွေ ပါဝင်ခွင့်ရရုံမက အာရှနိုင်ငံတွေအထိပါ ပျံ့နှံ့အောင်ထိုးဖောက်နိုင်ခဲ့ပြီး အိမ်ရှင်အဖြစ် အကုန်အကျခံကျင်းပခဲ့တာ နှစ်ကြိမ်ရှိပါပြီ။ ပထမဆုံးသမိုင်းသစ်တစ်ရပ်ကို အောင်မြင်စွာစိုက်ထူနိုင်ခဲ့တာပါ။ ဒီသင်တန်းကျောင်းကြီးက ကျွန်တော်တို့ ခြင်းလုံးဝါသနာရှင်တွေအတွက်တော့ ပြောမပြတတ်အောင်ကိုပဲ အကျိုးရှိတယ်လို့ ပြောချင်ပါတယ်"ဟု ရိုးရာခြင်းလုံး ပညာရှင်တစ်ဦးက သင်တန်းကျောင်းနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

ရှေးဘုရင်မင်းများလက်ထက်ကတည်းက အစပြုတည်ရှိခဲ့သည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားသည် ယခုအချိန်တွင် အရှေ့တောင်အာရှနိုင်ငံများ သာမက အာရှနိုင်ငံများအထိပါ ထိုးဖောက်အောင်နိုင်ခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းကလည်း နိုင်ငံတစ်ဝန်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကြီးနှင့် ကမ္ဘာ့နိုင်ငံတချို့ကပါ စိတ်ဝင်တစားဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အာရှနိုင်ငံများရိုးရာခြင်းလုံးခတ် ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီးဖြစ်သည်။

"ခြင်းလုံးသင်တန်း ကျောင်းကြီးပေါ်ထွက်လာမယ်ဆိုရင် မြန်မာ့ရိုးရာခြင်းလုံးနဲ့ ပိုက်ကျော်ခြင်းက အရှေ့တောင်အာရှမှာ ထိပ်တန်းအဆင့်ကို အချိန်တိုအတွင်း ပြန်လည်ရောက်လာနိုင်တယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုသင်တန်းကျောင်းရှိဖို့ လိုသလို သတ်သတ်မှတ်မှတ်ကစားကွင်းလေးတွေလည်းရှိဖို့လိုမယ်ထင်တယ်။ ခုတော့ ဘောလုံးဆိုလည်း လမ်းပေါ်ကနေ၊ ခြင်းဆိုလည်း လမ်းဘေးခတ်နဲ့ ဖြစ်သလို ကစားနေကြရတာ။ အဲဒီလိုကို သင်တန်းကျောင်းများများ ပေါ်လာဖို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု ပေါ်ထွက်လာတော့မည့် သင်တန်းကျောင်းနှင့်ပတ်သက်၍ ခြင်းလုံးမျိုးဆက်သစ်ဝါသနာရှင်တစ်ဦးဖြစ်သည့် တာမွေမြို့နယ်မှ မောင်ထက်လျှံက ပြောသည်။

မြန်မာ့ရိုးရာအားကစားနည်းများတွင် တစ်ခုဖြစ်သော ခြင်းခတ်အားကစားနည်းသည် ပြီးခဲ့သည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းတွင် ပါဝင်နိုင်ခဲ့ခြင်းကြောင့် မျိုးဆက်သစ်လူငယ်များကြားစိတ်ဝင်စားမှု တစ်ဟုန်ထိုးမြင့်တက်လျက်ရှိသည်။ သို့သော် အသင်းအဖွဲ့အနေဖြင့် ခွန်အားတစ်ရပ်ကို မပြနိုင်သေးပေ။ အကြောင်းရင်းမှာ ဦးဆောင်လမ်းပြနိုင်မည့် ယခုသင်တန်းကျောင်းကဲ့သို့ လမ်းပြကြယ်မရှိသေးခြင်းကြောင့်ပင်ဖြစ်သည်။ ယခုဆိုလျှင် များမကြာမီလအနည်းငယ်အတွင်းအဆိုပါသင် တန်းကျောင်းလမ်းပြကြယ်ကြီးပေါ်ထွက်လာတော့မည်ဖြစ်သဖြင့် ရိုးရာခြင်းလုံးမျိုးဆက်သစ်များနှင့် ပိုက်ကျော်ခြင်းမျိုးဆက်သစ်အားကစားသမားများ မက်ခွင့်မရသည့် အိပ်မက်တစ်ခုအဖြစ်မှ အထမြောက်အောင်မြင်လာတော့မည်ဖြစ်ပေသည်။

**(မြန်မာ့အလင်း)**

**မျိုးဆက်သစ်မွေးမြူရာတွင်လည်း ရိုးရာခြင်းလုံးအတွက် ပြည်တွင်းမှ ခြင်းလုံးပညာရှင်များနှင့် လက်ရွေးစင်ဟောင်းများကို နည်းပြများအဖြစ် ခန့်အပ်သွားမည်ဖြစ်သည့်အပြင် ပိုက်ကျော်ခြင်းအတွက်လည်း အရှေ့တောင်အာရှတွင် ထိပ်တန်းအဆင့်ရှိသည့် ထိုင်းနိုင်ငံမှ နည်းပြများကို ခေါ်ယူလေ့ကျင့်သင်ကြားပေးရန် စီစဉ်လျက်ရှိ . . .**


ခြင်းလုံးသင်တန်းကျောင်းပုံစံငယ်

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် လှော်ကားသဘာဝဥယျာဉ်ကြီး

ဆောင်းပါး - မြင့်မြတ်သစ္စာ ၊ ဓာတ်ပုံ - ဇွဲမာန်



ရန်ကုန်မြို့ရှိ လှော်ကားသဘာဝဥယျာဉ်အတွင်း ပြည်သူများ လာရောက်အပန်းဖြေနေသည်ကို တွေ့ရစဉ်။

***မဟာရန်ကုန်မြို့သည် ယခုနှစ်နွေရာသီ၏အပူဒဏ်ကို စံချိန်တင်ခံစားနေရလျက်ရှိသည်။ အပူဒဏ်ကိုကာကွယ်ရန် အရိပ်အာဝါသကောင်းမွန်သော ကန်တော်ကြီး၊ ကရဝိက်၊ အင်းလျားကန်၊ ဗိုလ်ချုပ်ပန်းခြံနှင့် သာစုကန်တို့ရှိ သစ်ရိပ်ဝါးရိပ်ကောင်းသည့်အောက်၌ ပြည်သူတို့ နွေအပူကိုကာကွယ်ရင်း အားလပ်ရက်များတွင် အနားယူလျက်ရှိသည်။***

အထူးသဖြင့် ရန်ကုန်မြို့တွင် သစ်ရိပ်၊ ဝါးရိပ်ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းတစ်ခုသာကျန်ရှိသော လှော်ကားဥယျာဉ်တွင် လူစည်ကားလျက်ရှိကာ ရုံးပိတ်ရက်တို့တွင် ပို၍စည်ကားလျက်ရှိသည်။ ရန်ကုန်မြို့၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးလျက်ရှိသော နေရာ၊ သစ်ရိပ် ဝါးရိပ်တို့ဖြင့် စိမ်းစိမ်းစိုစိုရှိသောနေရာသည် လှော်ကားသဘာဝဥယျာဉ်ကြီးတစ်ခုသာ ကျန်ရှိတော့သည်။

စိမ်းညို့အုပ်ဆိုင်းနေသော လှော်ကားသဘာဝဥယျာဉ်သည် ရန်ကုန်မြို့၏ မြောက်ဘက် ၂၂ မိုင်အကွာ ရန်ကုန်-ပြည်လမ်းမကြီးနံဘေး ထောက်ကြန့်၊ လှော်ကားကားလမ်းဘေးတွင်တည်ရှိပြီး ၁၉၈၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အများပြည်သူ လေ့လာအပန်းဖြေအနားယူနိုင်ရန် ဖွင့်လှစ်ခဲ့သည်။ လှော်ကားသဘာဝဥယျာဉ်ကြီးတည်ရှိနေခြင်းကြောင့် ရန်ကုန်မြို့ကို ရေပေးဝေနေသည့် လှော်ကားကန်၏ ရေရှည်တည်တံ့မှုကို များစွာအထောက်အကူဖြစ်စေသည့်အပြင် တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအနေအထိုင် ကျက်စားမှုတို့ကိုပါ ထိန်းသိမ်းနိုင်ခြင်း၊ သိပ်သည်းမွန်းကျပ်လာသော မြို့ပြနေထိုင်သူတို့အတွက် အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်သော နေရာတစ်ခုဖြစ်လာခြင်း၊ သတ္တဗေဒ၊ ဇီဝဗေဒ၊ ရုက္ခဗေဒတို့အတွက် သုတေသနပြုခြင်းနှင့် စာတမ်းပြုစုသူတို့အတွက် များစွာအထောက်အကူဖြစ်စေသော နေရာတစ်ခုသည်ကား ရန်ကုန်-ပြည်လမ်း၏ အနောက်ဘက်၌ တိရစ္ဆာန်ဥယျာဉ်ငယ် (Mini Zoo) ၆၂ ဧက၊ သဘာဝဥယျာဉ် (Safari) ၀၁၈ ဧကနှင့် ဥယျာဉ်၏ကြားခံနယ်မြေ (Buffer Zone)အဖြစ် ဧက ၆၆၀ ရှိပြီး နို့တိုက်သတ္တဝါ မျိုးစိတ် ၂၅ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ်ကိုးမျိုး၊ ကျေးငှက် ၁၉၂ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၅၄ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၀၃ မျိုးနှင့် ငါးမျိုးစိတ် ၂၃ မျိုးတို့ နေထိုင်ကျက်စားလျက် ရှိသည်။ သဘာဝတောထဲရှိ ကျေးငှက်များနှင့် သားရိုင်းတိရစ္ဆာန်များ၏ နေထိုင်မှုအလေ့အထသဘာဝကို လေ့လာခြင်း၊ တောလမ်းအတိုင်း အေးချမ်းသောသဘာဝအလှကို ခံစားကာ မိသားစုလိုက် အပန်းဖြေအနားယူနိုင်သည့် နေရာကောင်းတစ်ခုလည်း ဖြစ်သည်။ ကန်သာယာအတွင်းမှ အုပ်ဆိုင်းနေသည့် တောတန်းက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားသော နေရာတစ်ခုဖြစ်သည့်အတွက် ပြည်ပနိုင်ငံအချို့မှ သုတေသနပြုသူနှင့် ပြည်တွင်းမှ စာတမ်းပြုစုသူတို့ လာရောက် လေ့လာသုတေသနပြုသောနေရာတစ်ခုအဖြစ်လည်း ရှိနေပါသည်။

သဘာဝဥယျာဉ်အတွင်းရှိ လေးထပ်အမြင့်ရှိသော View Point မျှော်စင်မှ ကြည့်လျှင် စိမ်းစိုအုပ်ဆိုင်းနေသော တောအုပ်ကြီးအဖြစ် လှော်ကားဥယျာဉ်ကြီး၏ ရေိယာကို တွေ့မြင်ရသည်။

တောင်ကုန်းနှင့် လျှိုမြောင်များ အနောက် တောင်နှင့် အနောက်မြောက်အရပ်တွင် ပို၍ပေါများသည်။ ဥယျာဉ်၏ အနောက်တောင်မှ စီးဆင်းသော သူရဲချောင်းသည် ကန်သာယာကန်အတွင်းသို့စီးဝင်သည့်အတွက် သစ်တောသစ်ပင်တို့၏ ရေသောက်မြစ်ဖြစ်သကဲ့သို့ တောရိုင်းတိရစ္ဆာန်တို့အတွက် ခိုနားရာနေရာတစ်ခုလည်းဖြစ်နေသည်။ ထိုကန်သာယာမှတစ်ဆင့် လှော်ကားကန်အတွင်းသို့ စီးဆင်းခြင်းဖြစ်သည်။ ဤနေရာသည် ပင်လယ်ရေမျက်နှာပြင်၏ ၄၈ မီတာအမြင့်တွင်တည်ရှိပြီး မြန်မာပြည်တွင်ရှားပါးလာသည့် အမြဲစိမ်းသစ်တော၊ ရွက်ပြတ်ရောနှောတောနှင့် ရွံ့တောအမျိုးအစားတွင် မြင်တွေ့နိုင်သည်။ ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြန့်၊ မျောက်ချော၊ သစ်ဆိမ့်၊ မြယာ၊ မအူ၊ ကုက္ကို၊ ယမနေ၊ ပျဉ်းမ၊ တောသရက်၊ ဆီးဖြူ၊ ဖန်ခါး၊ ကနစို၊ သဖန်း၊ ငွေး၊ ကတွတ်၊ ကြို့စသည့် မျိုးစိတ်ပေါင်း ၁၀၀ ကျော်နှင့် ဝါးပိုး၊ ဝါးနက်၊ ဝါးကောက်၊ ကြခတ်ဝါး၊ ကြိမ်ခါး၊ ကြိမ်ဖန်၊ လက်မဲ၊ စလူစသည့် မျိုးစိတ်များရှင်သန်ပေါက်ရောက်လျက်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၉၄ လက်မခန့် ရွာသွန်းလေ့ရှိကာ အမြင့်ဆုံးအပူချိန်သည် ၃၅ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံးအပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်ခန့်ရှိသည်။ ပျမ်းမျှစိုထိုင်းဆအနေဖြင့် ၈၆ ရာခိုင်နှုန်းခန့်ရှိသည်။ ယခုနှစ်အပူချိန်၌ လှော်ကားဥယျာဉ်တစ်ဝိုက်သည် အရိပ်အာဝါသကောင်းမွန်စွာဖြင့် စိမ်းလန်းစိုပြည်လျက်ရှိကြောင်း တွေ့ရသည်။

ဆေးဖက်ဝင်အပင်များဖြစ်သော ဘုမ္မရာဇာ၊ ဆင်တုံးမနွယ်၊ ဂုံခါး၊ ဝံအူနီ၊ ဝံအူဖြူ၊ ပေါက်နီ၊ သက်ရင်းကြီး၊ သွေးမင်း၊ လေမင်း၊ နွယ်နီ၊ နဘူးနွယ်၊ ကဒက်၊ ခတ်ချို၊ တောင်ကြာဉ၊ ကင်မွန်းချဉ်၊ ရင်ခတ်၊ တောက်တာ၊ ပိတ်ချင်း၊ ကြက်သဟင်း၊ ကြောင်မီးတူ၊ ဖလံတောင်ဝှေး၊ သံမနိုင်ကျောက်မနိုင်၊ ရွှေကူသံလျင်၊ ယင်းပြား၊ ငရုံ့ပတူ၊ ဝက်ချေးပနဲ၊ မြင်းခွာရိုင်း၊ ကျီးအာ၊ နလင်ကျော်စသည့် မျိုးစိတ်များ စုဝေးလျက်ရှိနေပြီး လာရောက်အပန်းဖြေသည့် မိသားစုတို့မှ ဆေးဖက်ဝင်အပင်များ အပြန်တွင် ခူးဆွတ်ကြသည့်အတွက် အပန်းလည်း ဖြေ၊ ဆေးရွက်လည်း ဝေပေးနေသည့် ဥယျာဉ်ကြီးလည်း ဖြစ်ပါသည်။

**စိမ်းညို့အုပ်ဆိုင်းနေသော လှော်ကားသဘာဝဥယျာဉ်သည် ရန်ကုန်မြို့၏ မြောက်ဘက် ၂၂ မိုင်အကွာ ရန်ကုန်-ပြည်လမ်းမကြီးနံဘေး ထောက်ကြန့်၊ လှော်ကား ကားလမ်းဘေးတွင်တည်ရှိပြီး ၁၉၈၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အများပြည်သူ လေ့လာအပန်းဖြေအနားယူ နိုင်ရန် ဖွင့်လှစ်ခဲ့**

**ဒေသမျိုးစိတ်များကိုသာ ပြသထားပြီး နိုင်ငံခြားမျိုးစိတ်တို့ကို ပြသရန် အခက်အခဲရှိနေကြောင်း၊ တိရစ္ဆာန်ဥယျာဉ်များဖြစ်သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ မန္တလေးတိရစ္ဆာန် ဥယျာဉ်၊ ပြင်ဦးလွင်တိရစ္ဆာန်ဥယျာဉ်တို့ကဲ့သို့ မဟုတ်ဘဲ မီနီအဆင့်ဖြင့်သာ သဘာဝပုံစံအတိုင်း မြန်မာ့မျိုးစိတ်များကိုသာ ထိန်းသိမ်းသောနေရာတစ်ခုအဖြစ်ထားရှိ**

ဥယျာဉ်ကြီး၏ အုပ်ချုပ်ရေးမှူးဖြစ်သော ဦးမောင်ကိုက သဘာဝဥယျာဉ်ကြီးဖြစ်သောကြောင့် ဒေသမျိုးစိတ်များကိုသာ ပြသထားပြီး နိုင်ငံခြားမျိုးစိတ်တို့ကို ပြသရန် အခက်အခဲရှိနေကြောင်း၊ တိရစ္ဆာန်ဥယျာဉ်များဖြစ်သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ မန္တလေးတိရစ္ဆာန်ဥယျာဉ်၊ ပြင်ဦးလွင်တိရစ္ဆာန်ဥယျာဉ်တို့ကဲ့သို့မဟုတ်ဘဲ မီနီအဆင့်ဖြင့်သာ သဘာဝပုံစံအတိုင်း မြန်မာ့မျိုးစိတ်များကိုသာ ထိန်းသိမ်းသောနေရာတစ်ခုအဖြစ်ထားရှိထားကြောင်း၊ လှော်ကားဥယျာဉ်ကို ၁၉၈၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၆-၁၉၈၇ ခုနှစ်တွင် ပြီးစီးခဲ့၍ ၁၉၈၉ တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အကျယ်အဝန်းသည် ဧက ၁၅၄၀ ရှိပြီး သစ်တောဦးစီးဌာနသို့ ၁၉၈၉ ခုနှစ်တွင် လွှဲ၍ ၂၀၁၁ ခုနှစ်မှ ယနေ့တိုင် ၁၅ နှစ်အငှားစာချုပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆာဖာရီဥယျာဉ်တွင် သမင်၊ ဒရယ်၊ ချေ၊ ဆတ်၊ နွားနောက်တို့ကို ၈၁၈ ဧကအကျယ်တွင် သဘာဝအတိုင်းလွှတ်ထားကြောင်း၊ လျှိုမြောင်၊ တောတောင်စိမ့်စမ်းနှင့် တိရစ္ဆာန်တို့၏ အလေ့အထ၊ အပင်တို့၏မျိုးစိတ်တို့ကို လာရောက်လေ့လာသူများပြားပြီး လေ့လာအပန်းဖြေသူများနားနေရန် သီးသန့်အိမ်လုံးလေးများထားရှိပေးထားကြောင်း သိရသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် ရေတံခွန်ကဲ့သို့ ရေကန်မှစီးကျနေသော ရေတံခွန်ကိုလည်း အပန်းဖြေသူများ နှစ်ခြိုက်ကြ၍ ယခုနှစ်သင်္ကြန်တွင် ဖွင့်လှစ်ပေးခဲ့သည့်အတွက် မြို့ပြနေပြည်သူများ အထူးစည်ကားစွာ လာရောက်အပန်းဖြေလျက်ရှိသည်။ နှစ်ဆန်း ၁ ရက်နေ့တွင် ငွေကျပ်သိန်း ၈၀ ကျော် ဝင်ငွေရရှိခဲ့၍ စံချိန်တင်နိုင်ခဲ့ကြောင်း၊ ကန်သာယာအတွင်း ငှက်ကြီးဝန်ပိုတို့အနီးတွင် အပျော်စီးစက်လှေနှင့် ကနူးလှေတို့ဖြင့် အပျော်စီးနိုင်သကဲ့သို့ ဆင်စီး၍လည်း မိသားစုလိုက်အပန်းဖြေနိုင်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုတွင် ဖိစီးမှုများလာသည့် စိတ်ပိုင်းဆိုင်ရာ ကုစားရာ၌ တောရိပ်၊ ဝါးရိပ် အောက်တွင် ကန်ရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသည့်လေနုအေးကို ရှူရှိုက်ရင်း စိတ်အပန်းဖြေခြင်းသည် အကောင်းဆုံးကုထုံးတစ်လက်ဖြစ်သည်။ မဟာရန်ကုန်မြို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို များစွာအထောက် အကူပြုလျက်ရှိသည့် လှော်ကားဥယျာဉ်ကြီးတွင် ရုက္ခဗေဒနှင့် သတ္တဗေဒတို့အတွက် စူးစမ်းလေ့လာစရာများ ပြည့်နှက်လျက်ရှိနေပါကြောင်း ပြောကြားသည်။

သစ်တောဧက ၁၅၄၀ သည် စိမ်းစိုလျက်ရှိနေပါသည်။ ရန်ကုန်မြို့၏အနီးတွင် အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သဘာဝသစ်တောကြီးကို ထိန်းသိမ်းထားသော လှော်ကားဥယျာဉ်ကြီးသည် နွေအပူကို ကာကွယ်ပေးသည့်သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် မဟာရန်ကုန်မြို့နှင့် ပြည်ပခရီးသွားတို့ကို စွဲဆောင်လျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# စိန်ခေါ်နေသော ခရမ်းလွန်ရောင်ခြည်

**တက္ကသိုလ်ပွင့်သူအောင်**

ကမ္ဘာ့လူသားသန်းပေါင်း ၇၀၀၀ ကျော် အသက်ရှင်နေထိုင်လျက်ရှိသော ကမ္ဘာမြေကြီးသည် နေစကြဝဠာတွင်ပါဝင်သည့် ဂြိုဟ်တစ်လုံးမျှသာဖြစ်ပြီး ယင်းကမ္ဘာမြေကြီးအား လေထုဖြင့်လွှမ်းခြုံထားသည်။ ထိုကမ္ဘာ့လေထု (Atmosphere)၌ အဓိကအားဖြင့် နိုက်ထရိုဂျင်၊ အောက်ဆီဂျင်နှင့် အာဂွန်ဓာတ်ငွေ့တို့ ပါဝင်သည်။ ယင်းဓာတ်ငွေ့များသည် အတူတကွ ပေါင်းစပ်တည်ရှိနေကြသည်။ ကျန်ဓာတ်ငွေ့များသည် အလွန်နည်းပါးစွာပါဝင်ပြီး ယင်းဓာတ်ငွေ့များတွင် ရေငွေ့များ၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်အောက်ဆိုက်နှင့် အိုဇုန်းဓာတ်ငွေ့များသည် မှန်လုံအိမ် ဓာတ်ငွေ့အာနိသင် (Green House Gas Effect) ကို ဖြစ်စေသည်။ ကမ္ဘာ့လေထုသည် နေရောင်ခြည်မှ လွှတ်ထုတ်သော ခရမ်းလွန်ရောင်ခြည်များ (Ultravio-let Rays) များကိုစုပ်ယူ၍ သက်ရှိသတ္တဝါအားလုံးကို အပူဒဏ်မှကာကွယ်ပေးလျက်ရှိသည်။ ထို့အပြင် မှန်လုံအိမ် ဓာတ်ငွေ့အာနိသင် သက်ရောက်မှုဘေးမှလည်း လျော့နည်းစေသည်။

ကမ္ဘာ့လေထုထဲရှိ အိုဇုန်းလွှာ (Ozone Layer) သည် ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သော စတြာတို စဖီးယား (Stratosphere) ၌ ကမ္ဘာ့မြေမျက်နှာပြင်မှ အမြင့် ၁၀ မိုင်နှင့် မိုင် ၃၀ ကြားတည်ရှိသည်။ ယင်းအိုဇုန်းလွှာတွင် ကမ္ဘာ့ လေထုအတွင်းရှိ အိုဇုန်းဓာတ်ငွေ့စုစုပေါင်းပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့် စုစည်းနေကြသည်။ အိုဇုန်းလွှာသည် အထူ ၃ မီတာခန့်ရှိသော်လည်း သက်ရှိသတ္တဝါများအား အန္တရာယ်ပြုနိုင်သော ခရမ်းလွန်ရောင်ခြည်များကို ဒိုင်းကြီး ပမာတားဆီး ကာကွယ်ပေးထားသည်။ ခရမ်းလွန်ရောင်ခြည်တွင် အဓိကအားဖြင့် Ultraviolet-A (UV-A)၊ Ultravio-let -B (UV-B) နှင့် Ultraviolet-C(UV -C) ဟူ၍ အုပ်စုသုံးမျိုးခွဲခြားပါရှိသည်။ ယင်းအုပ်စုသုံးခု အနက် နံနက်ခင်းနေရောင်ခြည်၌ပါရှိသော ခရမ်းလွန်ရောင်ခြည်-အေ(UV-A) သည် လူတို့၏ ကျန်းမာရေးကို အထောက်အကူပြုပြီး နံနက် ၉ နာရီမှ ညနေ ၄ နာရီခန့်အတွင်း ခရမ်းလွန်ရောင်ခြည်-အေသည် ၉၉ ရာခိုင်နှုန်း ကျရောက်တတ်ပြီး ခရမ်းလွန်ရောင်ခြည်-ဘီသည် ၁ ရာခိုင်နှုန်း ကျရောက်သည်။

ခရမ်းလွန် ရောင်ခြည်- အေသည် လှိုင်းအလျား 315 mm မှ 400 mm ထိရှိသဖြင့် လူတို့၏ အရေပြားနက်နက်ထဲသို့ ထိုးဖောက်ဝင်ရောက်သောကြောင့် အရေပြားပျက်စီးခြင်း၊ အရေပြားအိုမင်းရင့်ရော်မှု လွယ် ကူခြင်း၊ အရေပြားကင်ဆာနှင့် မျက်စိတိမ်ကျခြင်းတို့ကို ဖြစ်စေသည်။ ခရမ်းလွန်ရောင်ခြည်-ဘီသည် လှိုင်းအလျား 280 mm မှ 315 mm အထိရှိသည်။ ခရမ်းလွန်ရောင်ခြည်-ဘီသည် လူ့ခန္ဓာကိုယ် အရေပြားနက်နက်ထဲအထိ ဝင်ရောက်ခြင်းမရှိပေ။ သို့သော် အပေါ်ယံလွှာ (epidemic)ကိုမူ ထိခိုက်စေ၍ နေပူလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းတို့ကို ခံစားရသည်။ ခရမ်းလွန်ရောင်ခြည်-စီ၏ လှိုင်းအလျားမှာ ၁၀၀ mm မှ ၂၈၀ mm ထိရှိသည်။ သို့သော်ခရမ်းလွန် ရောင်ခြည်-စီအားလုံးနီးပါးကို အိုဇုန်းလွှာက တားဆီးပေး ထားသည်။ အိုဇုန်းဓာတ်ငွေ့၏ ထူးခြားသောဖွဲ့စည်းပုံ (Configur-ation)ကြောင့် နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်-စီများ၏ ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်း အထိ အိုဇုန်းဓာတ်ငွေ့များ စုပ်ယူပေးနိုင်စွမ်းရှိရာ အိုဇုန်းလွှာ သည် ကမ္ဘာ့လေထု၏ ဒုတိယအလွှာ၌ တစုတဝေးတည်းတည်ရှိစေရန် သဘာဝက ဖန်တီးပေးထားသည်။

အထူးသဖြင့် သုတေသနပညာရှင်များအဆိုအရ ဓာတုဗေဒဆေးပစ္စည်းများသည် လူသားများနှင့်သက်ရှိ သတ္တဝါတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာခဲ့သည်သာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဒိုင်းကြီးသဖွယ် ကာကွယ်ထားသည့် အိုဇုန်းလွှာကြီးပျက်စီးစေရန် တိုက်ရိုက်အကျိုးသက်ရောက်မှုဖြစ်နေကြောင်း သိရသည်။

ထို့အပြင် ၁၉၇၀ ပြည့်နှစ် စောစောပိုင်းမှစ၍ ဓာတုဗေဒဓာတ်ငွေ့များဖြစ်ကြသော ကလိုရင်း၊ ဘရိုမင်း၊ ဖလူအိုရင်း၊ ကာဗွန်၊ ဟိုက်ဒရိုဂျင် အစရှိသည့် ဓာတ်ငွေ့များပါဝင်သည့် ဓာတုဗေဒဒြပ်ပေါင်းများသည် အိုဇုန်းလွှာကြီးကို ပျက်စီးစေခဲ့သည်။ ထို့အပြင် လူတို့အသုံးပြုနေကြသော ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုတ်ဆေးများ၊ စက်မှုလုပ်ငန်းသုံးဆေးများ၊ ကျန်းမာရေးသုံးဆေးများ၊ အိမ်သုံးဆေးများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ အများအပြားအသုံးပြုနေသော အပင်ကာကွယ်ရေးပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ရောဂါမကျရောက်ရန် အသုံးပြုသောဆေးများ၊ အပင်ဟော်မုန်းဆေးများကို အလွန်အကျွံသုံးစွဲခြင်း၊ နည်းစနစ်မှန်ကန်စွာ အသုံးပြုမှုမရှိခြင်း၊ ယင်းဆေးပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း စသည်တို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းလာခဲ့ပြီး ယင်းစွန့်ပစ်ပစ္စည်းများမှ ဖြစ်ပေါ်လာသောဒြပ်ပေါင်းများစွာတို့မှာ လေထုထဲသို့ အငွေ့ပျံတက်ခဲ့သည်။ ယင်းဓာတ်ငွေ့အစုအဝေးများသည် လေထုထဲရှိ သက်ရှိအရာအားလုံးကို ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးနေသော အိုဇုန်းလွှာကြီးကို ပါးလွှာပျက်စီးစေခဲ့သည်။ လူငယ်လူရွယ်များအသုံးများသော ရေမွှေး များ (Spray, Body Spray, Hair Spray) အပါအဝင် ခြင်ကိုက်ခြင်းမှ ကာကွယ်ရန် ညစဉ်ထွန်းညှိအသုံးပြုသည့် ခြင်ဆေး Spray များသည်လည်း အိုဇုန်းလွှာကြီးကိုပျက်စီးစေသည်။ ထို့အပြင် နှစ်စဉ်စက်ရုံများမှ တန်ချိန်သန်းပေါင်းများစွာသော အန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း (Industrial Waste) များကို ပတ်ဝန်းကျင် ရေထု၊ လေထုနှင့်မြေထုထဲသို့ စွန့်ထုတ်နေမှုကြောင့် စွန့်ပစ်ပစ္စည်းများမှ ထွက်ပေါ်လာသော ဓာတုဗေဒ ဒြပ်ပေါင်းများစွာတို့သည် လေထုထဲသို့ ပျံ့တက်ကာ ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးနေသည့် အိုဇုန်းလွှာကို ထိခိုက်စေသည်။ ထိုအခါအကာအကွယ်မရှိ၍ ခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ်သို့ ပိုမိုများပြားစွာ ကျရောက်လာသည်။

အကယ်၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် အိုဇုန်းလွှာ ထိန်းသိမ်းခြင်းအပေါ် ပူးပေါင်းဆောင်ရွက်မှုမရှိပါက သုတေသနလေ့လာချက်များအရ လာမည့် ၂၀၅၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် အိုဇုန်းလွှာပျက်စီးမှုကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်နိုင်ကြောင်း၊ ၂၀၆၅ ခုနှစ်တွင် ခရမ်းလွန်ရောင်ခြည် ကျရောက်မှု ညွှန်းကိန်း ၃၀ အထိတိုးမြှင့်လာနိုင်ကြောင်း သိရသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ အစီရင်ခံစာအရ ကမ္ဘာမြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုကြောင့် နှစ်စဉ်လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာရောဂါဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေ လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ အစီရင်ခံစာအရ ကမ္ဘာမြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် နှစ်စဉ်လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာရောဂါ ဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေ လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်လျက်ရှိ။**

ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်စံနှုန်း (Ultraviolet Index -UV Index)ကို သိထားရန် လိုအပ်လာသည်။ ခရမ်းလွန်ရောင်ခြည်စံနှုန်းမှာ အဆင့် ၁၂ ဆင့်ရှိသည်။ ခရမ်းလွန်ရောင်ခြည် အဆင့် (၀ မှ ၂ ဒသမ ၉ အထိ)သည် အန္တရာယ်နည်းပါး၍ အဆင့် (၃ မှ ၅ ဒသမ ၉ အထိ)သည် အန္တရာယ်အသင့်အတင့် ရှိလာ၍ လိမ်း ဆေးလိမ်းခြင်း၊ထီး၊ ဦးထုပ်၊ နေကာမျက်မှန်သုံးခြင်း၊ SPF 15+ ပါသည့် လိမ်းဆေးလိမ်းခြင်းတို့ဖြင့် ကာကွယ်ရမည်။ အဆင့်( ၆ မှ ၇ ဒသမ ၉ အထိ)သည် အန္တရာယ်အလွန်မြင့်မားသဖြင့် လူတို့၏ အရေပြားနှင့်မျက်စိကို ထိခိုက်စေသောကြောင့် ထီးဆောင်းခြင်း၊ ဦးထုပ်ဆောင်းခြင်း၊ နေကာမျက်မှန်တပ်ဆင် အသုံးပြုခြင်းတို့အပြင် SPF 15+ ပါသည့် လိမ်းဆေးလိမ်းခြင်းတို့ကို ပြုလုပ် ရမည်ဖြစ်သည်။ အဆင့် (၈ မှ ၁၀ ဒသမ ၉ အထိ) သည် အန္တရာယ်အလွန်မြင့်မားသောအဆင့်သို့ ရောက်လာ၍ ဦးခေါင်းပိုင်း၊ မျက်နှာ၊ မျက်စိ၊ လည်ပင်းစသည်တို့ကို နေရောင်ခြည်နှင့် တိုက်ရိုက်မတွေ့အောင် နေရောင်ကာ ဦးထုပ်ဆောင်းထားခြင်း၊ ထီးကိုဆောင်းထားခြင်း၊ နေကာမျက်မှန်ကို တပ်ဆင်အသုံး ပြုခြင်းများအပြင် ခြေနှင့်လက်တို့ကို SPE 30+ ပါသော လိမ်းဆေးကို လိမ်းထားရပါမည်။ အဆင့် (11+) သည် အန္တရာယ်အလွန်မြင့်မားသောအဆင့်သို့ ရောက်လာပြီဖြစ်၍ ထိုအချိန်၌ နေရောင်ခြည်နှင့် တာရှည်စွာ ထိတွေ့မိပါက ကျန်းမာရေးအတွက် ပြင်းထန်စွာထိခိုက်မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုအဆင့်သို့ ရောက်နေပါက သစ်ပင်ရိပ်အပါအဝင် အရိပ်ကောင်းစွာရရှိသောနေရာ၌ နေထိုင်ခြင်း၊ မျက်နှာကိုပါ လုံလုံခြုံခြုံဖြစ်စေမည့် ဦးထုပ်၊ အင်္ကျီလက်ရှည်၊ လုံချည်၊ ဘောင်းဘီရှည် စသည်တို့ကို ဝတ်ဆင်ထားရမည်။ ထို့အပြင် မျက်စိကိုထိခိုက်မှုမရှိရန် နေကာမျက်မှန်တပ်ထားရမည်။ SPF 30+ ပါသော လိမ်းဆေးကိုပါ လိမ်းပေး ထားရမည်။ SPF မြင့်လေ ခရမ်းလွန်ရောင်ခြည်-ဘီ၏ အန္တရာယ်ကို ပိုမိုကာကွယ်နိုင်ပြီး SPF15+ ရှိသည့် လိမ်း ဆေးသည် ခရမ်းလွန်ရောင်ခြည်-ဘီ၏ အန္တရာယ်ကို ၉၃ ရာခိုင်နှုန်း ကာကွယ်ပေးသည်။ ထို့အတူ SPF-30+ ရှိသည့် လိမ်းဆေးသည် ခရမ်းလွန်ရောင်ခြည်-ဘီ၏ အန္တရာယ်ကို ၉၇ ရာခိုင်နှုန်း ကာကွယ်ပေးနိုင် သည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဧပြီ ၂၃ ရက်၌ ခရမ်းလွန်ရောင်ခြည်အမြင့်ဆုံး အညွှန်းကိန်းရှိခဲ့သော နေရာများမှာ နေပြည်တော်တွင် ၈ ဒသမ ၆၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဒသမ ၂၊ မန္တလေးတိုင်းဒေသကြီးတွင် ၉ ဒသမ ၇ ရှိခဲ့သည်။ ထို့ကြောင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် ခရမ်းလွန်ရောင်ခြည်အဆင့် မြင့်မားနေသဖြင့် အန္တရာယ်အလွန်မြင့်မားသော အဆင့်သို့ ရောက်ခဲ့သည်။ ယင်းဒေသကြီးများတွင် နေထိုင်ကြသူများသည် စိန်ခေါ်လာသော ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ခုခံနိုင်ရန် ဦးခေါင်းပိုင်း၊ မျက်နှာ၊ မျက်စိ၊ လည်ပင်းစသည်တို့ကို နေရောင် နှင့်တိုက်ရိုက် မထိတွေ့ရန်လိုအပ်လျက်ရှိသည်။ အရိပ်ကောင်းစွာရှိသောနေရာ၌ နေထိုင်ခြင်း၊ မျက်နှာပါလုံသည့်ဦးထုပ်ဆောင်းခြင်း၊ အင်္ကျီရှည်၊ လုံချည်၊ ဘောင်းဘီရှည်စသည်တို့ကို ဝတ်ဆင်ခြင်း၊ နေကာမျက်မှန် တပ်ထားခြင်းတို့ကို ဆောင်ရွက်ရမည့်အပြင် SPF 30+ ပါသော လိမ်းဆေးကို လိမ်းထားသင့်သည်။ ပြန့်ကားသော ဦးထုပ်ဆောင်းခြင်း၊ ထီးဆောင်းခြင်း၊ ခန္ဓာကိုယ် ရှိ လက်နှင့်ခြေထောက်များကာကွယ်ရန်အတွက် အဝတ်အစား အပြည့်အစုံဝတ်ဆင်ခြင်းများ ပြုလုပ်ရပါမည်။ ခရမ်းလွန်ရောင်ခြည်သည် နေလောင်ခြင်း၊ အသား အညိုအမည်းစွဲခြင်း၊ အရောင်ပြောင်းခြင်း၊ ယားနားပေါက်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ အရေပြားပျော့တွဲခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ အိုမင်းရင့်ရော်မှုနှင့် ခုခံအားတို့ကို ကျဆင်းသွားစေသည်။

ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ၄ နာရီခန့်အချိန်အတွင်း အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့်ပခုံးစသည့် နေရာများကို သနပ်ခါးထူထူ သို့မဟုတ် SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုတင်လိမ်းရန်နှင့် နေရောင်ခံဆေးတစ်ခါလိမ်းပြီး ၂ နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းရမည်။ ပွပွချောင်ချောင် အဖြူရောင်ချည်ထည်များ ဝတ်ဆင်ပါက ယင်းချည်ထည်သည် အပူစုပ်ယူမှုရှိ၍ အပူဒဏ်ကို ကာကွယ်နိုင်သည်။ နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏ အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပေးရမည်။ ခရမ်းလွန်ရောင်ခြည်ထိခိုက်မှု အန္တရာယ်သည် ကလေးငယ်များအား ပိုမိုထိခိုက်တတ်သဖြင့် ကလေးငယ်များကို အရိပ်ထဲတွင် ကစားစေခြင်း၊ အပြင်ထွက်ရန်ရှိပါက လွယ်လင့်တကူရနိုင်သော သနပ်ခါးထူထူလိမ်းပေးခြင်းတို့ကို ပြုလုပ်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။



အိမ်မဲမြို့ တောင်ယာကုန်းကျေးရွာ၌ ရေခန်းခြောက်နေသော ရေကန်အား ကန်ဆည်ခြင်းနှင့် မြစ်မှရေကို ရေတင်စက်ဖြင့် စုပ်ယူ၍ ရေပိုက်များဆက်ပြီး ရေကန်တွင်းသို့ ရေသွင်းခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဧပြီလနောက်ဆုံးပတ်က ဆောင်ရွက်ပေးခဲ့စဉ်။
ဝဝဝ

## သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှကူညီ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံဒေသအချို့၌ သဘာဝဘေးအန္တရာယ်များဖြစ်ပွား၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မေလအတွင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် အမှတ် (၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များကလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၊ မင်းလှမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ပခုက္ကူမြို့နယ်တို့တွင် အမှတ်(၁၀)/(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များကလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ စစ်ကိုင်း၊ ဗန်းမောက်မြို့နယ်တို့တွင် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အမှတ် (၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များကလည်းကောင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပိတ်ဆို့နေသည့်လမ်းများ ရှင်းလင်းရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကျေးဇူးတင်လွှာ

Sampar Oo အချိုရည်ကျပ်သိန်း ၃၀၀၀ ဖိုး Lucky Draw အစီစဉ်တွင်ကျပ် ၁၀၀၊ ၂၀၀၊ ၅၀၀၊ ၁၀၀၀ နှင့် ၅၀၀၀ ကျပ် ငွေသားဆုမဲများ အပြင်၊ ရွှေ ၁ကျပ်သားဆုမဲများ နှင့်မော်တော်ဆိုင်ကယ်ဆုမဲများပါဝင်ခဲ့ပါသည်။ ရွှေ ၁ကျပ်သား နှင့်မော်တော်ဆိုင်ကယ်ဆုမဲများကံထူး သွားကြသော ကံထူးရှင်များကိုလည်း Sampar Oo အချိုရည်မိသားစုမှ အထူးပင်ဂုဏ်ယူမိပါသည်။ ထို့အပြင်ကံထူးရှင်များ၏ အချက် အလက်များကိုလည်း Sampar Oo Facebook စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။ ဆက်လက်ပြီး ကံစမ်းမဲကာလ ပိတ်သိမ်းသွား သော်လည်းပေါက်မဲအဖုံးများအား 31.7.2016 ထိ လဲလှယ်ပေးသွားမည်ဖြစ်ပါသောကြောင့် မိမိတို့လက်ထဲတွင်ရှိသော ပေါက်မဲများနှင့် တွဲဆက်စာလုံးများအား သေချာသိမ်းထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အဖက်ဖက်မှ ဝယ်ယူအားပေးကြသော စားသုံးသူများနှင့် တဆင့်ပြန်လည်ရောင်းချသူများအား Sampar Oo အချိုရည် မိသားစုမှအထူးပင်ကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။



SAMPAR Oo

www.facebook.com/samparoo



ရွှေဘုံသာအလယ်လမ်းက

# ယူနိုက်တက်ဗိုးရှင်း

**မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန် အရောင်းခန်းမ**



**အတွင်းတိမ်ခွဲစိတ်ရန် (ECCE)လက်ဖြင့်ခွဲပြီး (I.O.L) မျက်တွင်းမှန်ထည့်ပေးခြင်း။ Phaco Emulsifier (Ultra Sound System)ဖြင့် အတွင်းတိမ်ကို ချေမွစုပ်ယူပြီး (Foldable I.O.L) အလွန်သေးငယ်၍ခေါက်ထည့်ရသော မျက်တွင်းမှန် ထည့်ပေးခြင်းများကို ဆောင်ရွက်ပေးနေပါပြီ...။**

**အထူးချွန်ဆုံးမျက်စိဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးနေပါတယ်။**

**ဒေတ်ပီစက်ပစ္စည်းများကို အသုံးပြုတဲ့အတွက် မျက်မှန်များကိုနေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။**

ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် **တနင်္ဂနွေနေ့ နေ့လည် (၁း၀၀) နာရီမှ ည (၇း၀၀) နာရီထိ မျက်စိဆရာဝန်ကြီး**များကိုယ်တိုင် **အခမဲ့** စမ်းသပ်ခွဲစိတ်ပေးပါသည်။

(မှတ်ချက်။ ။ဤခွဲစိတ်ကုသမှုသည် ရန်ကုန်ဆိုင်ခွဲများတွင်သာ (ကြိုတင်စာရင်းပေးရန်)



**INTERNATIONAL BRANDED အစစ်များကိုသာ အာမခံဖြင့် ရောင်းချပေးနေပါသည်။**

Ray-Ban | OAKLEY | VOGUE eyewear | BURBERRY | BVLGARI | PAL ZILERI EYEWEAR COLLECTION | BONIA | Guy Laroche PARIS

**ရန်ကုန်ဆိုင်ခွဲ**

- အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁–၃၈၄၈၃၈၊ ၂၅၂၇၁၈၊ ၃၈၉၉၃၉
- အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁– ၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ် (၆)လမ်းထိပ်၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁ – ၅၃၂၃၁၇၊ ၂၃၀၄၂၈၄
- အမှတ်(၃၈/ဃ)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးရှေ့ဇဝန။ ဖုန်း – ၀၁–၈၅၆၅၉၂၂

**မန္တလေးဆိုင်ခွဲ**

- ၇၈လမ်း(၂၇လမ်းနှင့် ၂၈လမ်းကြား)၊ အမှတ်(A-3)၊ ဘုတာကြီးမြောက်ဘက်၊ မန္တလေး။ ဖုန်း – ၀၂–၆၈၇၈၆၊ ၃၄၄၄၂
- **Diamond Palza**၊ စက်လှေကားအနီး(မြေညီထပ်) ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား။ ဖုန်း – ၀၉၉၁၀ ၂၇၀၃၄
- ၈၄လမ်း( ၂၉လမ်း နှင့် ၃၀လမ်းကြား)၊ အမှတ် (53/54B)၊ မန္တလေးမြို့။ ဖုန်း – ၀၂ – ၃၁၇၈၀

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အဆောက်အအုံဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာ လျှပ်စစ်မီးရရှိရေး(၁၁/၀.၄)ကေဗွီ၊ (၁၀၀)ကေဗွီ ထရန်စဖော်မာတည်ဆောက်ခြင်း၊ (၁၁)ကေဗွီလိုင်း၊ (၃၀၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းနိုင်ရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၅-၂၀၁၆ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
**ဖုန်း-၀၅၂-၂၂၂၃၉၈၁**

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အဆောက်အအုံဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်ဥပဒေရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းနိုင်ရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၅-၂၀၁၆ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
**ဖုန်း-၀၅၂-၂၂၂၃၉၈၁**

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အဆောက်အအုံဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် ဥပဒေရုံး ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းနိုင်ရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၅-၂၀၁၆ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
**ဖုန်း-၀၅၂-၂၂၂၃၉၈၁**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ညွှန်ကြားရေးမှူးရုံး
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ အဆောက်အအုံဆောက်လုပ်ရန် လွတ်ကင်းမှုမရှိသည့် အောက်ဖော်ပြပါ အဆောက်အအုံဟောင်း (ဂိုဒေါင်ဟောင်း) နှစ်လုံးအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံဖြင့် ဒေသအတွင်း ရောင်းချလိုပါသည်-

(က) ပင်မခွဲသားဂိုဒေါင်ဟောင်း မြေစိုက်၊သွပ်မိုး (၆၄'×၁၆'×၁၆')၁လုံး
(ခ) ကားဂိုဒေါင်ဟောင်း မြေစိုက်၊သွပ်မိုး (၁၈'×၁၄'×၁၃')၁လုံး

၂။ လေလံစည်းကမ်းချက်နှင့် ပုံစံများကို ၁၂-၅-၂၀၁၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၆-၅-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။

၃။ ဈေးပြိုင်လေလံဖြင့် ရောင်းချမည့် အဆောက်အအုံဟောင်း (ဂိုဒေါင်ဟောင်း) နှစ်လုံး၏ မျက်မြင်အခြေအနေအား နောင်အင်အနောက်မြောက်ရပ်ကွက်၊ အေးသာယာမြို့ရှိ ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အမှတ် ၂၃၈၊ သီတာလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၁-၂၀၆၈၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၂)
## လက်ပံခြေပေါ်-ညောင်ဦးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ အောက်ဖော်ပြပါ တံတားတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် ပစ္စည်းသိုလှောင်ဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ် သိုလှောင်ဝင်းသို့ မြန်မာကျပ်ငွေဖြင့်ပေးချေ၍ သယ်ယူလိုပါသည်။

(က) ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ (၁၁၅)တန်ခန့်

၂။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်**
၉-၅-၂၀၁၆ ရက် ၀၉း၃၀ နာရီ
(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်**
၂၃-၅-၂၀၁၆ ရက် ၁၆း၀၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါကျင်းပမည့်ရက်/အချိန်**
၂၄-၅-၂၀၁၆ ရက် ၁၀း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ**
ကုက္ကိုဝ တံတားစီမံကိန်းရှင်းလင်းဆောင်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ကုက္ကိုဝတံတားစီမံကိန်းရှင်းလင်းဆောင်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တည်ဆောက်ရေးအဖွဲ့(၂)၊ လက်ပံခြေပေါ်၊ ညောင်ဦးမြို့နယ်၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၈၃၀၄၅၉၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား DDP ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.001/EPGE/16-17(Air/Oil Cooler & Bearing များ ဝယ်ယူခြင်း)
Tender No.002/EPGE/16-17 (Spare Parts များဝယ်ယူခြင်း)
Tender No.003/EPGE/16-17(Switch Yard Equipment & Accessories များ ဝယ်ယူခြင်း)

၂။ Tender No.001, 002 နှင့် 003 ၏ တင်ဒါပိတ်ရက်မှာ ၆-၆-၂၀၁၆ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ပစ္စည်းဖြည့်တင်းရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

## ပညာရေးဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတက္ကသိုလ် (စစ်တွေ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် Computer ခန်း၊ လက်တွေ့ခန်းများနှင့် စာသင်ခန်းများအား အကြီးစားအားဖြည့် ပြင်ဆင်လိုပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၅-၂၀၁၆ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၆-၆-၂၀၁၆ ရက် (တနင်္လာနေ့) ၁၅း၀၀ နာရီ

၃။ တင်ဒါတင်သွင်းလိုသူများသည် နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ မျက်မြင်လာရောက်ကြည့်ရှုပြီး ဓာတ်ပုံမှတ်တမ်းများ လာရောက်ရယူဆောင်ရွက်နိုင်ပါသည်။

**နည်းပညာတက္ကသိုလ် (စစ်တွေ)**
**ဖုန်း-၀၉-၈၅၀၃၀၁၃၊ ၀၉-၅၆၈၀၃၇၇**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရေနုတ်တားတာ၊ ရေတံခါးနှင့် လျှိုပိတ်ဆည်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး(စစ်တွေ)တွင် ၁၅-၅-၂၀၁၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၃၀-၅-၂၀၁၆ရက် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၂။ တင်ဒါရွေးချယ်ရာ၌ ပြည်နယ်အစိုးရအဖွဲ့၏ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(စစ်တွေ) ဖုန်း-၀၄၃-၂၄၃၁၈၊ ၀၄၃-၂၂၂၁၂ တို့တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(၂၂)ဖွဲ့နှင့် မြို့နယ်ခွဲ(၁)ဖွဲ့တို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကျပ်သိန်း(၅၀)နှင့်အထက် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ ကျပ်သိန်း(၅၀)နှင့်အထက် လမ်းတံတား၊ ရေပေးရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုသောလုပ်ငန်းရှင်များသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီရှိ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှသတ်မှတ်ထားသောအဆိုပြုလွှာ၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ တင်ဒါအဆိုပြုလွှာနှင့်အတူ ဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။ တစ်မြို့နယ်ချင်းအလိုက် ကျပ်သိန်း(၅၀)နှင့်အထက် လုပ်ငန်းအသေးစိတ်စာရင်းများအား သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီ ရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအား ၇-၆-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများ၌ ကျင်းပမည်ဖြစ်ပြီး နောက်ကျရောက်ရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းများကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၂-၅၇၀၀၄၊ ၅၇၀၀၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် (Lot)အလိုက် တင်ဒါများဖိတ်ခေါ်အပ်ပါသည်-

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | (၁) Air Conditioner (2HP floors standing) | 3 Nos | 1.350 |
| | (၂) Conference (Sound) system | 1 Lot | 7.000 |
| ခ | (၁) အရာရှိစားပွဲ (၆'×၄'×၂'၆") | ၁၀လုံး | 2.000 |
| | (၂) အရာရှိကုလားထိုင်(၁'၈"×၂'၃"×၁'၆") | ၁၀လုံး | 0.800 |
| | (၃) ဖိုင်တင်စင်(ကျွန်း)(၄'×၁'၄"×၅') | ၅စင် | 0.600 |
| | (၄) ဗီရို (ကျွန်း) (၆'×၃'×၁'၁၀") | ၅လုံး | 1.250 |

**လူမှုဝန်ထမ်းဦးစီးဌာန**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး မြို့နယ် | လုပ်ငန်းအမျိုးအစား | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | နေပြည်တော် ဥတ္တရသီရိမြို့နယ် | ဥတ္တရသီရိမူလတန်းကြိုကျောင်းဆောက်လုပ်ခြင်း<br>- (၁၅၀'×၃၀'×၁၂')၁ထပ်(L)ပုံစံ RC ကျောင်းဆောင်(၁)လုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊မိလ္လာ၊ပေါ်တီကိုအပါအဝင်)<br>- ၂"စက်ရေတွင်း+သံရေစင်တည်ဆောက်ခြင်း (မော်တာ+ကွန်ပရက်ဆာ၊ရေစက်အိမ်အပါအဝင်)<br>- (၂၀'×၁၅'×၁၂')(၁)ထပ် RC မီးဖိုချောင် ဆောက်လုပ်ခြင်း(ရေ၊မီး၊ အပါအဝင်) | ၁၃၁.၂၅၀ |

**လူမှုဝန်ထမ်းဦးစီးဌာန**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| ခ | (၁) Air Conditioner(Spilt Type 1.5 HP) | 10Nos | 4.000 |
| | (၂) Vocal Mic | 2Set | 0.315 |
| | (၃) Sound Card | 1 Set | 0.420 |
| | (၄) Speaker Stand | 1Set | 0.210 |
| ဂ | (၅) Computer (Intel Core i7-34 GHz CPU) Segate 2TB2000 GB HDD SATA | 28Nos | 25.200 |
| ဃ | (၆) Laser Printer A4 LBP 2900 | 10Nos | 1.500 |
| | (၇) Digital Multi Function Copier(Canon iR 2002) | 3Nos | 4.800 |
| | (၈) Color Printer A3 | 5Nos | 1.250 |
| | (၉) Laser Fax Machine | 5Nos | 2.000 |
| | (၁၀) Hard drive 1000 GB SATA | 10Nos | 0.950 |

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး မြို့နယ် | လုပ်ငန်းအမျိုးအစား | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | နေပြည်တော် ဥတ္တရသီရိမြို့နယ် | ဥတ္တရသီရိခရိုင်ရုံး (၆၀'×၄၀'×၂၈')RCC(၂)ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း | ၁၁၀.၈၈၀ |
| ခ | နေပြည်တော် ရုံးအမှတ်(၂၃) | -အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနသို့ လျှိုပိတ်ဆည်မှ ပြင်ပရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း။ | ၂.၀၈၇ |
| | | -အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (၁၅၀'×၆၀'×၂၈')(၂)ထပ်အဆောက်အအုံတွင် (၂')ပတ်လည် ကြွေပြားခင်းခြင်း(၁၃၉.၄၂၅)ကျင်း | ၂၅.၁၂၂ |
| | | -အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာနတွင်(၁၀၀၀' )အုတ်ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါးနှစ်ပေါက်အပါအဝင်) | ၄၇.၂၅၀ |

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| က | (၁) Air Conditioner (Floor Standing Type 5 HP) ပစ္စည်းဝယ်ယူခြင်း | 4 Nos | 4.400 |
| | (၂) Air Conditioner (1.5HP Split Type Chigo) အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (၁၅၀'×၆၀'×၂၈') အဆောက်အအုံတွင် တပ်ဆင်ရန် (ပစ္စည်းဖိုး၊ တပ်ဆင်ခြင်း လုပ်အားခအပါအဝင်) | 27 Nos | 11.6235 |
| ခ | (၁) Projector (3300)Lumens 1024x768 pixeks (XGA) HDM Input 8000 hour Lamplife Day Light View Direct Power off | 3 Nos | 2.970 |
| | (၂) Screen (Tripod Screen) (60"x60") | 3 Nos | 0.3135 |
| | (၃) Computer (Core i5 4GB DDR3, 500GB) | 11 Nos | 9.2565 |
| | (၄) Colour Printer (Canon 6770) | 3 Nos | 0.711 |
| | (၅) Laser Printer (Canon LBP -2900) | 6 Nos | 1.050 |
| | (၆) Fax (Canon MF 215) All in one | 5 Nos | 1.350 |
| | (၇) Digital Multifunctional Copier | 2 Nos | 2.766 |
| ဂ | (၁) အရာရှိစားပွဲ(ကျွန်း) (၅'×၃'×၂.၅') | ၃လုံး | ၀.၈၂၅ |
| | (၂) အမှုထမ်းစားပွဲ(ကျွန်း) (၄'×၃'×၂.၅') | ၈လုံး | ၀.၈၈၀ |
| | (၃) လက်တန်းမဲ့ကုလားထိုင်(ကျွန်း) (၂'×၁.၃') | ၂၈လုံး | ၀.၉၈၀ |
| | (၄) ဗီရို(ကျွန်း)(၆'×၃'×၁.၅') | ၁၁လုံး | ၂.၄၂၀ |
| | (၅) ကွန်ပျူတာစားပွဲ(ကျွန်း)(၃'×၂.၇'×၁.၇') | ၁၃လုံး | ၁.၄၃၀ |
| | (၆) လက်တန်းပါကုလားထိုင်(ကျွန်း)(၂.၇'×၁.၃') | ၃လုံး | ၀.၁၆၈ |
| | (၇) စာတင်စင်(ကျွန်း) (၃'×၁.၂"×၃') | ၂ စင် | ၀.၁၅၄ |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၇-၅-၂၀၁၆ မှ ၁၁-၅-၂၀၁၆ထိ ၀၉း၃၀မှ ၁၆း၃၀နာရီထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၁၆-၅-၂၀၁၆မှ ၁၇-၅-၂၀၁၆ထိ ၀၉း၃၀မှ ၁၆း၃၀နာရီထိ
(ဂ) **တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃) နေပြည်တော်
(ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၂၃-၅-၂၀၁၆ နံနက် ၁၀း၀၀မှ ၁၂း၀၀နာရီထိ တည်ဆောက်ရေးလုပ်ငန်းများအတွက် ၁၃း၀၀မှ ၁၆း၃၀နာရီထိ ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းများအတွက်

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ လုပ်ငန်းတစ်ခု ထက်ပို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံ ကြေးပေးသွင်းပြီး သတ်မှတ်တင်ဒါတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးလုပ်ငန်းများအတွက် ဖုန်း-၀၆၇-၄၀၄၁၉၆၊ လူမှုဝန်ထမ်းဦးစီးဌာန လုပ်ငန်းများအတွက် ဖုန်း-၀၆၄-၄၀၄၁၀၂၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၀၄၆၊ ၀၆၇-၄၀၄၀၄၇၊ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော အမှတ်စဉ် (က၊ ခ၊ ဂ)ပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူခြင်းနှင့် အမှတ်စဉ်(ဃ)ပါ Transformer နှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်မှ မန္တလေးမြို့သို့ သယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 1-6(T)/MESC / 2016-2017 | Engine Oil (10 Drums) | ၂-၅-၂၀၁၆ | ၁၃-၅-၂၀၁၆ ၁၃:၀၀ နာရီ |
| (ခ) | 1-7(T)/MESC / 2016-2017 | Transformer Oil (20 Drums) | ၂-၅-၂၀၁၆ | ၁၃-၅-၂၀၁၆ ၁၃:၀၀ နာရီ |
| (ဂ) | 1-8(T)/MESC / 2016-2017 | Video Camera (1 No), Camera (1 No), Recorder (1 No) | ၂-၅-၂၀၁၆ | ၁၃-၅-၂၀၁၆ ၁၃:၀၀ နာရီ |
| (ဃ) | 5-1(T)/MESC / 2016-2017 | 132/11KV, 45 MVA Power Transformer & Accessories (144.58 Tons) သယ်ယူခြင်း | ၂-၅-၂၀၁၆ | ၉-၅-၂၀၁၆ ၁၃:၀၀ နာရီ |

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
၇၇လမ်း၊ ၂၆×၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၇၃၈၀၁

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
# ဆေးပညာဒီပလိုမာဘွဲ့လွန်သင်တန်းများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာဒီပလိုမာ (Dip.Med.Sc)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ | ၁ နှစ် |
| (ခ) | ကလေးကျန်းမာပညာဒီပလိုမာ | ။ |
| (ဂ) | ရောဂါဗေဒဒီပလိုမာ | ။ |
| (ဃ) | ဓာတ်မှန်ပညာဒီပလိုမာ | ။ |
| (င) | အခြေခံမေ့ဆေးပညာဒီပလိုမာ | ။ |
| (စ) | အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ | ။ |

